ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ သောကြာနေ့ (6-11-2015) (၈၃၇၆)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် နိုင်ငံနှင့် ပြည်သူများ၏ အောင်ပွဲပင်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၅

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် မကွေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ စလင်းမြို့နယ်သို့ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ယာဉ်တန်း ကံမမြို့သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ (သတင်းစဉ်)

- မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပနိုင်ခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာပင်ဖြစ်။
- မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်အား မိမိတို့စွမ်းအားဖြင့် ဖော်ဆောင်နိုင်စွမ်းရှိသည်ကို ရွေးကောက်ပွဲဖြင့် သက်သေပြရမည်။

## ကိုရီးယားဘဏ်ချေးငွေ ကန်ဒေါ်လာ ၅၅ သန်းဖြင့် ဆက်သွယ်ရေးကွန်ရက်များ အဆင့်မြှင့်တင်မည်

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းသည် အင်တာနက်ဖိုင်ဘာကေဘယ်ဆက်ကြောင်းများကဲ့သို့သော ဆက်သွယ်ရေးအခြေခံအဆောက်အအုံ တိုးချဲ့ရန်နှင့် ဆက်သွယ်ရေးကွန်ရက်များ အဆင့်မြှင့်တင်ရန် ကိုရီးယားပို့ကုန်သွင်းကုန်ဘဏ်ထံမှ ရရှိသော ချေးငွေ အမေရိကန်ဒေါ်လာ ၅၅ သန်းကျော်ကို သုံးစွဲသွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လုပ်ဆောင်မည့် ဆက်သွယ်ရေးကွန်ရက် အဆင့်မြှင့်တင်ရေး စီမံကိန်းမှာ လက်ရှိအချိန်တွင် ဖိုင်ဘာကေဘယ်ကွန်ရက်များ တည်ဆောက်ရန်အတွက် တင်ဒါများ

စာမျက်နှာ ၃ ကော်လံ ၄ သို့ ○

ခေတ်မီ၊ လှပ၊ စတိုင်ကျတဲ့ SMART. ဝယ်ပ် ဂျီလာ ခြင်ဇကာ ကို တပ်ဆင်ပါ။
ခြင်ဇကာကို မလိုအပ်ချိန်တွင် ဘောင်ထဲသို့ လိပ်သိမ်းထားနိုင်၍ မြင်ကွင်းရှင်းသည်။
သံချေးတက်ခြင်း ဆွေးမြေ့ခြင်း မရှိသော ဖိုင်ဘာ ဂလက်(စ်) ခြင်ဇကာသား
ရန်ကုန် - 01 450 962, 09 431 44178, 09 79222 8860
မန္တလေး - 09 250 638 611, 09 798 797 917
ပြတင်း/တံခါး ဆိုဒ်မျိုးစုံတွင် တပ်ဆင်ပေးနိုင်သည်။
အလူမီနီယမ်နှင့် U-PVC တပ်ဆင်ရေးလုပ်ငန်းရှင်များ လက်ကားဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ကားမှန် မှန်စပေါ့ နှင့် အက်ကြောင်းရှည် များကို အပိုင်၊ အပီ ဆေးထိုးပေးတဲ့
မှန် ဒေါက်တာ
ရန်ကုန် 09 4211 51119, 09 4500 54449
မန္တလေး 09 250 638 611, 09 798 797 917

နဂါးနီ ဘရိတ်ခါးဆုံးကြိုးတပ်ဆင် ဖြန့်ချိရေး

| အမျိုးအစား | အရှေ့လွတ် (၁၂-တလစ်) | တပ်ဆင်ပြီးဈေး |
| --- | --- | --- |
| ဂါတာနိုက် | ၆၀၀၀ ကျပ် | ၁၀၀၀၀ ကျပ် |
| စတီး | ၁၀၀၀၀ ကျပ် | ၁၅၀၀၀ ကျပ် |

တပ်ဆင်ပြီးဈေး = တိုင်၊ တန်း၊ ပရှည်ကိုး၊ တပ်ဆင်ခနှင့် သယ်ယူစရိတ်အားလုံး ပါဝင်ပြီးဖြစ်သည်။
အမျိုးအစားအလိုက် ဈေးနှုန်းမှန်ဖြင့် စနစ်တကျ တပ်ဆင်ပေးသည်။
Ph : 01 541 018, 09 79 656 9001, 09 79 656 9002

**ကြေးမုံစာတည်းရှုထောင့်** ၆-၁၁-၂၀၁၅၊ သောကြာနေ့

# တရားနှင့်အညီ နေထိုင်ကျင့်ကြံ

မြတ်စွာဘုရားရှင်လက်ထက် ကေသမုတ္တိနိဂုံးရွာရှိ ကာလာမအနွယ်အမျိုးသားတို့သည် အယူဝါဒအမျိုးမျိုး ရှိကြကုန်၏။ အခြားအယူအဆအမျိုးမျိုးရှိကြသူတို့ကလည်း ထိုရွာသို့လာရောက်ကြ၍ မိမိတို့၏ မတူညီသော အယူဝါဒများကို ဟောပြောကြကုန်၏။ ကာလာမအမျိုးအနွယ်တို့အဖို့ အယူဝါဒမျိုးစုံကြားတွင် မည်သည့်ဝါဒမှန်သည်၊ မည်သည့်ဝါဒကောင်းသည်ကို ဝေခွဲမရအောင်ဖြစ်ကြကုန်၏။

ထိုအခါဗုဒ္ဓဘုရားရှင်ကြွရောက်တော်မူလာရာ အယူဝါဒအမျိုးမျိုးရှိကြကုန်သောသူတို့သည် မိမိတို့သန်ရာ အယူဝါဒများကို လျှောက်ထားလာကြသဖြင့် မြတ်စွာဘုရားရှင်က ကာလာမသုတ်ကို အနှစ်ထုတ်၍ဟောတော်မူခဲ့ပါသည်။ ထိုကာလာမသုတ်တရားတော်သည် အယူဝါဒအမျိုးမျိုးလွှမ်းမိုးခဲ့သော ရှေးဦးကာလသာမက မျက်မှောက်ခေတ် ဤလောကတိုင် မှတ်သားနာယူ ကျင့်သုံးအပ်သော တရားမြတ်ဖြစ်ပါသည်။

လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး မှားယွင်းသောအတွေးအမြင်အယူအဆများ လွှမ်းခြုံခြင်းမပြုနိုင်ရန်အတွက် မှတ်သားလိုက်နာကျင့်ကြံအားထုတ်အပ်သော တရားတော်မြတ်ဖြစ်ပါသည်။ ဘာသာရေးဆိုင်ရာ အားထုတ်အပ်သောတရားမြတ်ဖြစ်ပြီး မျက်မှောက်ကာလလူမှုဘဝနယ်ပယ်တွင်လည်း ပို၍အကျွမ်းတဝင်ရှိနေသဖြင့် ဝေဝါးထွေပြားခြင်းမရှိစေရန် မှတ်သားလိုက်နာထိုက်ပါသည်။

မြတ်စွာဘုရားရှင်ဟောကြားတော်မူသော ကာလာမသုတ်အနှစ်ချုပ်မှာ သင်တို့သည် အယူဝါဒတစ်ခုကို တွေ့ရှိပြီဆိုလျှင် “တစ်ဆင့်စကား ကောလာဟလ ကြားသိကာမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊ မိရိုးဖလာ အစဉ်အဆက်စကားမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊ ဤသို့ဖြစ်ဖူးသတတ်ဟူသော ဒဏ္ဍာရီစကားမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊ ကျမ်းအထောက်အထားနှင့် ညီညွတ်ပေသည်ဟုလည်း အမှန်ဟုမယူကြလင့်၊ မိမိကြံစည်တွေးဆရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်။

နည်းမှီကြံဆ နိုင်ရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊ အခြင်းအရာကြောင်းကျိုးဆီလျော်ရုံမျှဖြင့်လည်း အမှန်ဟု မယူကြလင့်၊ အယူဝါဒချင်းထပ်တူညီရုံမျှဖြင့်လည်း အမှန်ဟုမယူကြလင့်၊ ယုံကြည်ထိုက်သော ပုဂ္ဂိုလ်၏စကားဖြစ်သည်ဟု ပုဂ္ဂိုလ်စွဲအားဖြင့်လည်း အမှန်ဟု မယူကြလင့်၊ ဆရာ့ဩဝါဒ၊ ဆရာ့စကားဟု ဆရာစွဲဖြင့်လည်း အမှန်ဟု မယူကြလင့်” ဟူသောအချက်ဆယ်ချက်ကို ဟောတော်မူခဲ့ပါသည်။

ဤသို့မယူသောတရားတို့သည် အကုသိုလ်တရားတို့ဖြစ်သည်။ ပညာရှိတို့ ကဲ့ရဲ့အပ်၏။ အပြစ်ရှိသော တရားတို့ဖြစ်သည်။ ဤတရားတို့ကို ဆောက်တည်ခြင်းအားဖြင့် အစီးအပွားမဲ့၍ ဆင်းရဲခြင်းငှာဖြစ်၏ဟု မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်သိရှိပြီး ပယ်စွန့်ကြရန်ဖြစ်သည်။ ဤသို့ယူသောတရားတို့သည် ကုသိုလ်ဖြစ်၏။ အပြစ်မရှိ၊ ပညာရှိတို့ချီးမွမ်း၏။ ဆောက်တည်ခြင်းအားဖြင့် အကျိုးစီးပွားဖြစ်ထွန်း၍ ချမ်းသာခြင်းဖြစ်၏ဟု မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်သိရှိပြီး ကျင့်သုံးအပ်သည်ဟု ဘုရားရှင်ဟောကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်ဟောကြားခဲ့သော ဤကာလာမသုတ်အနှစ်ချုပ်သည် ဒီမိုကရေစီနည်းလမ်းကျပြီး လူအပေါင်းချမ်းသာရေးကို ရှေးရှုနေသော တရားတော်ဖြစ်ပါသည်။ လောကုတ္တရာတရားပင်ဖြစ်သော်လည်း လောကီအကျိုးစီးပွားအတွက် များစွာအကျိုးများသော တရားတော်ဖြစ်ပါသည်။ ဘာသာအယူဝါဒမတူကြ၍ ငြင်းကြ၊ ခုံကြသော ယနေ့ကာလတွင် ပဋိပက္ခအသွင်ဆောင်၍ ဆင်းရဲဒုက္ခရောက်ကြရပါသည်။ အယူမှား၊ အသိမှား၍ လမ်းမှားရောက်ကြရသည့် အဖြစ်များလည်းရှိပါသည်။

အယူဝါဒများ၊ အယူအဆများ မည်သို့ပင်ဆိုကြ၊ မည်သို့ပင်ရှိကြစေကာမူ စိတ်အလိုဖြင့်လည်း လွယ်လွယ်မယူသင့်၊ အများဆို၍လည်း အလွယ်မလိုက်သင့်။ ဒိဋ္ဌကျင့်ကြံ၊ ကိုယ်တွေ့အသိ၊ လက်တွေ့မျက်မြင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် အမှား၊ အမှန်၊ အကောင်း၊ အဆိုးတို့ကို ကိုယ်တိုင်သိအောင်ကြိုးစားကာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ပြတ်သားစွာဆောင်ရွက်မှသာ မိမိတို့အတွက် အကျိုးများမည်ဖြစ်ပါသည်။

မျက်မှောက်ကာလ လူမှုဘဝနယ်ပယ်တွင် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကြောင့် ကောင်းခြင်း၊ ဆိုးခြင်းတို့ဖြစ်ပေါ်လျက်ရှိရာ မြတ်စွာဘုရားရှင်ဟောကြားထားတော်မူသော ကာလာမသုတ်အနှစ်ချုပ်ဖြင့် ကျင့်ကြံပွားများအားထုတ်ခြင်းသည်သာ မိမိတို့ဘဝချမ်းသာခြင်းကို ဖြစ်ပေလိမ့်မည်။ ။



## မြေတိုင်းတာခြင်းနှင့် ဒစ်ဂျစ်တယ်ကွင်းမြေပုံ ထုတ်ထောင်ရေးဆောင်ရွက်

**မုံရွာ နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်ဒေသတို့တွင် ဇူလိုင်နှင့် ဩဂုတ်လအတွင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လယ်ယာမြေများ ပြန်လည်ထူထောင်ရေးအတွက် မြေတိုင်းတာခြင်းနှင့် ဒစ်ဂျစ်တယ်ကွင်းမြေပုံ ထူထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်ပြီး “နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးက အလွန်အရေးကြီးသလို လယ်ယာကဏ္ဍ စာရင်းအင်းမှန်ကန်ရေးနဲ့ ကွင်းမြေပုံများ၊ မြေကြီးမြေပုံများ ကိုက်ညီဖို့လိုအပ်ပါတယ်။ ကလေးဒေသမှာ ဇူလိုင်နဲ့ ဩဂုတ်လတွေတုန်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုတွေ ဖြစ်ပွားခဲ့ပြီး ရေလွှမ်းဧရိယာတွေက လယ်ယာမြေတွေမှာ သဲဖုံး၊ နုန်းဖုံး၊ လယ်ကန်သင်းပျောက်သွားတဲ့အထိ ဖြစ်ပေါ်ခဲ့တာကို တွေ့ရပါတယ်။ တောင်သူလယ်သမားတွေရဲ့ ပိုင်ဆိုင်မှု၊ နယ်နိမိတ်တွေ ပြန်လည်ဖော်ထုတ်နိုင်ရေး၊ ပြောင်းလဲသွားတဲ့ မြေပြင်အနေအထားတွေအရ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနရဲ့ ကွင်းမြေပုံများ မှန်ကန်ရေးဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဒေသအတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများအပြင် ဦးစီးဌာန(ရုံးချုပ်)မှ ဝန်ထမ်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေ ဖွင့်လှစ်ပြီး ခေတ်မီမြေတိုင်းကိရိယာတွေနဲ့ ဒစ်ဂျစ်တယ်မြေပုံတွေ ထူထောင်နိုင်ရေး မြေတိုင်းတာမှုလုပ်ငန်းတွေ ဆောင်ရွက်ခြင်းဖြစ်ပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရေဘေးသင့် ကလေးဒေသတွင် လယ်ယာမြေ ၆၀၆၆၆ ဧက ရေလွှမ်းမိုးခံခဲ့ရပြီး သီးနှံထိခိုက်ဧရိယာ ၅၅၈၈၆ ဧက၊ ပျက်စီးဧရိယာ ၄၉၀၁၅ ဧက၊ ရေစားကမ်းပြိုဧရိယာ ၄၁၃ ဧကနှင့် နွံဖုံးဧရိယာ ၁၄၅၁၂ ဧက ရှိကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

## ရွေးကောက်ပွဲတွင် သတင်းယူသူများ စည်းကမ်းလိုက်နာရေး ဆွေးနွေး

**မြင်းခြံ နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက် နံနက် ၁၁ နာရီခွဲက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူမည့်သူများအား သိသင့်သိထိုက်သည်များအား ရှင်းလင်းဆွေးနွေးခြင်း ပြုလုပ်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက ရွေးကောက်ပွဲတွင် သတင်းရယူမည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲကော်မရှင်မှ ချမှတ်ထားသည့် အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတင်းရယူရေး၊ သတင်းမီဒီယာကျင့်ဝတ်နှင့် မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာလမ်းညွှန်ချက်များကို တိကျစွာလိုက်နာပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာလျှို့ဝှက်ဆန္ဒမဲပေးမှုကို မထိခိုက်စေရေး ပြောကြားသည်။

ထို့အပြင် မြင်းခြံခရိုင်အတွင်းရှိ ရုံးများမှ သတင်းရယူမည့် ဝန်ထမ်းများအတွက် သတင်းရယူခွင့်လျှောက်ထားပြီးစီးမှု၊ အခက်အခဲတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုများကို မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်က ရှင်းလင်းပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြင်းခြံခရိုင်အတွင်းရှိ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန် မြို့နယ်များမှ သတင်းရယူရေး ဆောင်ရွက်မည့် ဝန်ထမ်းများကလည်း သိလိုသည်များကိုမေးမြန်းရာ တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## မိုးညိုတွင် အများပြည်သူဝန်ဆောင်မှု (OSS) ရုံးဖွင့်

**မိုးညို နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက်က မိုးညိုမြို့ ရွှေညဒေါင်းရပ်ကွက် ရွှေဝါ (၄ )လမ်းရှိ စိုက်ပျိုးရေးဌာန ဂိုဒေါင်၌ ကျင်းပသည်။

အဆိုပါရုံးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဌာနမှူးရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့ပါဝင်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို အဆင်ပြေချောမွေ့အောင် တစ်နေရာတည်း၌ စုစည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၅**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၇၇၂၀၀၀ - ၇၇၂၀၀၀ |
| မန္တလေး ရွှေဈေး | ၇၇၁၅၀၀ - ၇၇၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၁၀/၆၄၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၈၀/၆၉၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၈၈.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = ၂၀၁.၇၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၅.၉၄၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၈.၁၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၉.၄၈၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၁၀၅၁.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၂.၃၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၁.၆၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၁.၁၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အထည်ချုပ်စက်ရုံ(ပြင်ဦးလွင်)နှင့် တပ်မတော်ဆေးရုံသို့ ကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၅**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အထည်ချုပ်စက်ရုံ(ပြင်ဦးလွင်)နှင့် တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ယင်းနောက် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်တပ်နယ်၊ တပ်မတော်ဆေးရုံသို့ရောက်ရှိကြပြီး ခွဲစိတ်ပြီးစ လူနာဆောင်နှင့် အမျိုးသားကုသဆောင်တို့တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း၏ ဒဏ်ရာရရှိမှုအခြေအနေများနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

**(မြဝတီ)**

# တစ်ကြိမ်ထက်ပိုမဲပေးလာပါက အရေးယူသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**မဲဆန္ဒရှင်သက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်**

**နေပြည်တော်၊ နိုဝင်ဘာလ ၅**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအား အလေးအနက်ထားဆောင်ရွက်ခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် အကြိုမဲစာရင်းကောက်ခံရေးကို စီမံဆောင်ရွက်ခဲ့ပါသည်။ ဥပဒေမူဘောင်အရ မဲဆန္ဒရှင်စာရင်းအား ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ လူဦးရေစာရင်းနှင့် အိမ်ထောင်စုစာရင်းတို့အားအခြေခံပြီး အသက်(၁၈)နှစ်ပြည့်ပြီးသူများကို မဲစာရင်းပြုစုရပါသည်။ မဲစာရင်းအား ရက်သတ်မှတ်ပြီးသက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၄ ရက် ကပ်ထားကြေညာရပါသည်။ မဲစာရင်းသည် ပုံစံ(၁)ဖြစ်ပြီး ပုံစံ(၂)နှင့်အတူ ကပ်ထားကြေညာခဲ့ပါသည်။ မဲစာရင်းအား မဲဆန္ဒရှင်များက လာရောက်ကြည့်ရှုရန် တာဝန်ရှိကြောင်း၊ အမည်စာရင်းမပါက ပုံစံ(၃)ဖြင့် တောင်းဆိုရန်လည်းကောင်း၊ ကန့်ကွက်လိုလျှင် ပုံစံ(၄)ဖြင့်လည်းကောင်း၊ ပြင်ဆင်လိုလျှင် ပုံစံ(၄-က)ဖြင့် လည်းကောင်း ပြင်ဆင်ဆောင်ရွက်သွားရန် ပုံစံ(၂)တွင် ဖော်ပြထားပြီး ကြေညာထားသည့် ၁၄ ရက်အတွင်း တောင်းဆို၊ ပယ်ဖျက်၊ ပြင်ဆင်ကြရန် ဖော်ပြထားပါသည်။

၂။ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအား နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများအား ပြည်သူလူထုသို့ ပညာပေး စည်းရုံးဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေနှင့် လက်စွဲစာစောင်များအားလည်း လေ့လာသိရှိနိုင်ရန် ထုတ်ဝေပေးခဲ့ပါသည်။ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် အစည်းအဝေးများတွင်လည်း မဲစာရင်းပြုစုရေးနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေမူဘောင်များအား ရှင်းလင်းဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့ပါသည်။

၃။ အကြိုမဲစာရင်းများအား ပြုစုပြီး မြို့နယ်အလိုက်ခွဲ၍ (၄)ကြိမ် ကပ်ထားကြေညာခဲ့ပါသည်။ မဲစာရင်းကပ်ချိန်တွင် မှားနေသောမဲစာရင်းအား ပြစ်တင်ဝေဖန်ပြီး မဲဆန္ဒရှင်အား မဲစာရင်းမှန်ကန်ရေး ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံရေးပါတီများက ပြောဆိုစည်းရုံးခြင်းမရှိခဲ့သဖြင့် မှန်ကန်သော မဲစာရင်းဖြစ်ပေါ်မလာပါ။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းအား စက်တင်ဘာလ ၇ ရက်မှ ၁၄ ရက်အထိ တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကပ်ထားကြေညာခဲ့သော်လည်း ပါတီကြီးတစ်ခု၏ ဝေဖန်ပြစ်တင်မှုကြောင့် သတ်မှတ်ကာလအတွင်း လာရောက်ကြည့်ရှုခဲ့သူ နည်းပါးခဲ့ပြီး မဲဆန္ဒရှင်များ အတည်ပြုထားသော မဲစာရင်းအမှန်များ မဖြစ်ပေါ်ခဲ့ပါ။

၄။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အလွယ်တကူ မဲပေးနိုင်ရန်ရည်ရွယ်ပြီး ယခုအခါ မဲဆန္ဒရှင် သက်သေခံလက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။ မဲဆန္ဒရှင်များကလည်း မဲပေးလိုသော ဆန္ဒဖြင့် သက်သေခံလက်မှတ်များအား လာရောက်ထုတ်ယူလျက်ရှိပါသည်။ မဲဆန္ဒရှင်သက်သေခံလက်မှတ်သည် မဲစာရင်းပေါ်တွင် အခြေခံပြုစုထုတ်ပေးသဖြင့် မဲစာရင်းတွင် အမည်စာရင်းထပ်နေသူများပါရှိနေသောကြောင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ဖောင်းပွလျက်ရှိကြောင်း သိရှိရပါသည်။

၅။ မဲဆန္ဒရှင်သက်သေခံလက်မှတ် ဖောင်းပွလျက်ရှိသော်လည်း တစ်ကြိမ်ထက် မဲပိုမပေးနိုင်စေရန်၊ မဲပေးပြီးချိန်တွင် လက်ချောင်းတွင် ဖျက်မရသောမင်တို့ရေးဆောင်ရွက်ထားပါကြောင်းနှင့် ရွေးကောက်ပွဲဥပဒေပုဒ်မ (၄၄)အရလည်း တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲမပေးစေရဟု ပြဋ္ဌာန်းထားပါသဖြင့် တစ်ကြိမ်ထက် ပိုမဲပေးလာပါကလည်း ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကာတာနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးကိုကိုလတ် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၆**

ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဒိုဟာမြို့၌ ကာတာနိုင်ငံအကြီးအကဲ ရှိတ်ခ်တာမင်ဘင် ဟာမက် အယ်လ်သာနီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## ဂျပန်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးသူရိန်သန့်ဇင် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၆**

ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသူရိန်သန့်ဇင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် တိုကျိုမြို့၌ ဂျပန်နိုင်ငံဧကရာဇ်ဘုရင်မင်းမြတ် အကီဟီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

**○ ကိုရီးယားဘဏ်မှ**

ခေါ်ယူလျက်ရှိသည်။ ခွင့်ပြုချက်ရရှိသော ကုမ္ပဏီများအနေဖြင့် စီမံကိန်းအား ၁၈ လအတွင်း အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ပြီး တင်ဒါနောက်ဆုံးရက်မှာ နိုဝင်ဘာ ၁၆ ရက်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က ကြေညာထားသည်။ Korea Eximbank ဟုလူသိများသော ကိုရီးယားပို့ကုန် သွင်းကုန်ဘဏ်မှာ တောင်ကိုရီးယားနိုင်ငံ၏ တရားဝင်ချေးငွေဘဏ်ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ သော Korea Eximbank ၏ အဓိကရည်ရွယ်ချက်မှာ ချေးငွေများအကူအညီပေးခြင်း၊ အခြားတိုင်းပြည်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုသော ဧရာမစီမံကိန်းများကို ငွေကြေးထောက်ပံ့ခြင်းအားဖြင့် တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်ဦးစားပေးစီးပွားရေးကို ပံ့ပိုးပေးရန်ဖြစ်သည်။(Dealstreetasia.com) **(သုတ)**

# ရွေးကောက်ပွဲကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ရဲတပ်ဖွဲ့ဝင်သုံးထောင်ကျော်နှင့် အထူးရဲ ၅၅၀၀ ခန့် လုံခြုံရေးဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၅**

၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန်အတွက် ရဲတပ်ဖွဲ့ဝင်သုံးထောင်ကျော်နှင့် အထူးရဲ ၅၅၀၀ ခန့်တို့ဖြင့် လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သတင်းရရှိသည်။

"ရွေးကောက်ပွဲကျင်းပမယ့်နေ့မှာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရဲ့အင်အား ငါးဆယ်ရာခိုင်နှုန်းကို အသုံးချသွားမယ်။ ရွေးကောက်ပွဲအတွက် ခန့်အပ်ထားတဲ့ အထူးရဲတွေကိုတော့ မဲရုံတစ်ရုံကို တစ်ယောက်နှုန်းချပြီး ပြည်သူတွေစိတ်အေးချမ်းသာစွာ မဲပေးနိုင်ဖို့ လုံခြုံရေးဆောင်ရွက်ပေးသွားမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးပြည့်စုံက ပြောသည်။



**မရမ်းကုန်းမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးနေသူတစ်ဦးကိုတွေ့ရစဉ်။**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲရုံပေါင်း ၅၄၉၅ ရုံရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၂၂၈၅၇ ဦးရှိသည်။ လာမည့်အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအဆင်ပြေအေးချမ်းစွာ ဆန္ဒမဲသွားရောက်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရဲတပ်ဖွဲ့ဝင်အင်အား ၆၀၀၀ ကျော်ရှိသည့်အနက် ရဲတပ်ဖွဲ့အင်အား ၃၀၀၀ ကျော်နှင့် ထပ်မံခန့်အပ်ထားသည့် အထူးရဲ အင်အား ၅၄၉၅ ဦးတို့ဖြင့် နယ်မြေအေးချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲ ကာလနီးကပ်လာသည်နှင့်အမျှ လုံခြုံရေးဆောင်ရွက်မှုများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်နိုင်သည့် နေရာများတွင် နယ်မြေအေးချမ်းရေးအတွက် အင်အားပြဆောင်ရွက်လျက်ရှိကြောင်းသိရ သည်။

**သတင်းနှင့် ဓာတ်ပုံ**
**ဖော်ကြီး(ပဏိတ)**

# မြန်မာသတင်းမီဒီယာများ ဘေးအန္တရာယ်ကင်းရှင်းရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာသတင်းမီဒီယာများအား ဘေးအန္တရာယ်ကင်းရှင်းရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကို ရန်ကုန်မြို့ ဆန်းမစ်ပက်ဗြူးဟိုတယ် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ တာဝန်ရှိသူများနှင့် ပြည်တွင်း မီဒီယာများတက်ရောက်ကြသည်။

မီဒီယာသမားများသတင်းရယူရာတွင် ဘေးအန္တရာယ်လုံခြုံကင်းဝေးရန် မည်သို့လိုက်နာရမည်ဆိုသည့် ကျင့်ဝတ်များ၊ သင်တန်းများပေးခဲ့ပြီးဖြစ်ကြောင်း ယခုအခါ ဘေးကင်းစေမည့် ဂျက်ကတ်နှင့် ခေါင်းဆောင်းများကို အထောက်အကူပြုပစ္စည်းများအဖြစ် ပေးအပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ဒုတိယဥက္ကဋ္ဌ ဖိုးသောကြာက ပြောသည်။




ဘေးအန္တရာယ် ကင်းရှင်းရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဂျက်ကတ်နှင့် ခေါင်းဆောင်းများကို မီဒီယာများအား တစ်စုံစီ ပေးအပ်ခဲ့သည်။ သတင်းထောက်ဦးရေများသော မီဒီယာများအား နှစ်စုံနှင့် သတင်းထောက်ရှစ်ဦးအောက် မီဒီယာများအား တစ်စုံသတ်မှတ်ကာ ပေးအပ်သော်လည်း အများအားဖြင့် လောလောဆယ်တွင် တစ်စုံစီ ပေးအပ်ခဲ့သည်။

ယခုအစီအစဉ်သည် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မီဒီယာများက ယင်းဘေးအန္တရာယ်ကင်းရှင်းရေးအထောက်အကူပြုဝတ်စုံမှာယူလိုပါက မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီသို့ မှာယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပါကစ္စတန်နိုင်ငံ လာဟိုရီမြို့တွင် ပလတ်စတစ်စက်ရုံတစ်ခုပြိုကျ အနည်းဆုံးလူ ၁၂ ဦးသေဆုံး



**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၅**

ပါကစ္စတန်နိုင်ငံ လာဟိုရီမြို့အရှေ့ဘက်ရှိ ပလတ်စတစ်စက်ရုံတစ်ခု နိုဝင်ဘာ ၄ ရက်က မတော်တဆပြိုကျခဲ့ရာ အနည်းဆုံး အလုပ်သမား ၁၂ ဦး သေဆုံးခဲ့ပြီး အလုပ်သမား ၁၀၀ ကျော် အပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း သတင်းများအရ သိရသည်။

နိုဝင်ဘာ ၄ ရက် ညနေပိုင်းတွင် အထပ်သုံးထပ်ရှိသော ပလတ်စတစ်စက်ရုံတစ်ခုအတွင်း အလုပ်သမားများ အလုပ်လုပ်နေစဉ် ၎င်းစက်ရုံပြိုကျခဲ့သည်။ စက်ရုံပြိုကျခဲ့ပြီးနောက် စူးစူးဝါးဝါးအော်သံများ ကြားခဲ့ရကြောင်း မျက်မြင်သက်သေများက ဆိုသည်။

အဆောက်အအုံပြိုကျခဲ့ပြီး မကြာမီ ကယ်ဆယ်ရေးလုပ်သားများရောက်ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါပြိုကျမှုမှာ အဆောက်အအုံ၏ အပေါ်ဆုံးအထပ်ဖြစ်သည့် သုံးထပ်မြောက်အထပ်တွင် တိုးချဲ့ဆောက်တစ်ခုထပ်မံဆောက်လုပ်ခြင်းကြောင့် ပြိုကျခြင်းဖြစ်သည်ဟု ထင်ကြေးပေးကြသည်။

ပါကစ္စတန်နိုင်ငံရှိ စက်ရုံအလုပ်ရုံဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လူအသေအပျောက်နှုန်းများ မြင့်တက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်တွင် ကာရာချိမြို့၏ အထည်စက်ရုံတစ်ခုမီးလောင်မှုကြောင့် အလုပ်သမား ၂၈၀ ကျော် သေဆုံးခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# လေကြောင်းရန်ကာကွယ်ရေးစနစ်များ ဆီးရီးယားသို့ ရုရှားပေးပို့

**ဒမတ်စကတ် နိုဝင်ဘာ ၅**

ဆီးရီးယားနိုင်ငံ၌ ဖြန့်ကြက်ထားသည့် ရုရှားစစ်လေယာဉ်များကို ကာကွယ်ပေးနိုင်စေရန် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရုရှားနိုင်ငံကပေးပို့ခဲ့ကြောင်း ရုရှားအစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်အား ကိုးကား၍ ဆာနာသတင်းဌာနက နိုဝင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံတွင် စစ်ဆင်ရေးဆောင်ရွက်နေသည့် ရုရှားစစ်လေယာဉ်များအား အကာအကွယ်ပေးရန်နှင့် အခြားအရေးပေါ်အခြေအနေများအား တုံ့ပြန်ရေးအတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရုရှားကပေးပို့ခဲ့ခြင်းဖြစ်ကြောင်း ဆာနာသတင်းဌာန၏သတင်းတွင် ဖော်ပြသည်။



ဆီးရီးယားနိုင်ငံတွင်းသို့ တိုက်ခိုက်ရေး စစ်လေယာဉ်များ၊ ဒုံးပစ်စင်များနှင့် ရဟတ်ယာဉ်များကို စေလွှတ်ပေးခဲ့သည်သာမက လေကြောင်းရန်ကာကွယ်ရေးစနစ်များကို မိမိတို့ပေးပို့ခဲ့ကြောင်း၊ ဆီးရီးယားအစိုးရက ထိန်းချုပ်ထားသော လေတပ်အခြေစိုက်စခန်းများရှိ ရုရှားလေယာဉ်များအပိုင်စီးခံရမှုများ မရှိစေရေးအတွက်လည်းကောင်း၊ လုံခြုံရေးအရခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေးအတွက်လည်းကောင်း မိမိတို့အလေးအနက်ထားကာဆောင်ရွက်လျက်ရှိကြောင်း ရုရှားလေတပ်ဦးစီးချုပ် ဗစ်တာနီကိုလေဗစ်ချ်ဗွန်ဒ်ရေ့ဗ်က ပြောကြားသည်။

ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်သွေးကြွအုပ်စုများ၏ပစ်မှတ်များကို ရုရှားလေတပ်က စက်တင်ဘာ ၃၀ရက်တွင် လေကြောင်းထိုးစစ်များ စတင်ခဲ့သည်။ ယင်းမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲ၏ အရေးပါသောခြေလှမ်းအဖြစ် ဆီးရီးယားအစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။ **ဆင်ဟွာ။**

## ရေအရင်းအမြစ် ထိန်းသိမ်းရေးစီမံကိန်းများ တရုတ်နိုင်ငံ၌ အကောင်အထည်ဖော်မည်

**ပေကျင်း နိုဝင်ဘာ ၅**

တရုတ်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ရေအရင်းအမြစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စီမံကိန်းကြီး ၂၀ကို စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၅ ရက်တွင် ပြောကြားသည်။

ရေအရင်းအမြစ်ဆိုင်ရာ စီမံကိန်းများအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယွမ်၈၀၀ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၂၆ဒသမ၂ ဘီလီယံ) ထက်မနည်းရှိမည်ဖြစ်ကြောင်း ရေအရင်းအမြစ်များဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ်ဇန်နဝါရီလမှ အောက်တိုဘာလအထိ ရေအရင်းအမြစ်ဆိုင်ရာ စီမံကိန်းသစ် ၂၇ ခုကိုစတင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ယွမ် ၁၁၄ ဒသမ ၇ ဘီလီယံခန့်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ အထက်တန်းအင်ဂျင်နီယာ ဝန်အန်နန်က ပြောကြားသည်။

အဆိုပါစီမံကိန်းများ ပြီးစီးသည့်အခါ နှစ်စဉ် ရေကုဗမီတာ ၇ ဒသမ ၂ ဘီလီယံခန့် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ပီတီအိုင်။**

# မီးတောင်ပေါက်ကွဲမှုကြောင့် ဘာလီကျွန်းပေါ်ရှိ နိုင်ငံတကာလေဆိပ် ယာယီပိတ်သိမ်းထား

**ဂျကာတာ နိုဝင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအနီးတွင် မီးတောင်တစ်ခုပေါက်ကွဲခဲ့သဖြင့် ဘာလီကျွန်းပေါ်ရှိ ဒန်ပါဆာနိုင်ငံတကာလေဆိပ်ကို နိုဝင်ဘာ ၃ ရက်မှစပြီး ယာယီပိတ်သိမ်းထားကြောင်းနှင့် လေဆိပ်တွင် ကမ္ဘာလှည့်ခရီးသည်အများအပြား သောင်တင်လျက်ရှိကြောင်း သတင်းများအရ သိရသည်။




လွန်ဘွက်ခ်ကျွန်းပေါ်ရှိ ရင်ဂျာနီမီးတောင်သည် အောက်တိုဘာ ၂၅ ရက်က စတင်ပေါက်ကွဲခဲ့ပြီး မီးပြာမှုန်များ မကြာခဏမှုတ်ထုတ်လေ့ရှိကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေးအာဏာပိုင်များက ဆိုသည်။

အဆိုပါမီးတောင်သည် ဘာလီကျွန်းပေါ်ရှိ ဒန်ပါဆာနိုင်ငံတကာလေဆိပ်နှင့် ကီလိုမီတာ ၁၅၀ အကွာအဝေးတွင် တည်ရှိပြီး မီတာ ၃၇၀၀ ကျော်မြင့်သည်။

မီးခိုးငွေ့များကင်းစင်သွားမည်ဆိုပါက နိုဝင်ဘာ ၆ ရက်နံနက်ပိုင်းအချိန်တွင် လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း ပို့ဆောင်ရေးအာဏာပိုင်များက ဆိုသည်။ လေဆိပ်ရှိ လေကြောင်းလိုင်း ၆၉၂ လိုင်း ပြေးဆွဲမှုယာယီရပ်ဆိုင်းထားကြောင်း အာဏာပိုင်များက ဆက်လက်ပြောသည်။

ယခင်ကလည်း မီးတောင်ပေါက်ကွဲမှုများကြောင့် ဘာလီကျွန်းပေါ်ရှိ နိုင်ငံတကာလေဆိပ်မှာ မကြာခဏ ယာယီပိတ်သိမ်းခဲ့ရသည်။ ယခုနှစ်ဇူလိုင်လတွင်လည်း မီးတောင်ပေါက်ကွဲမှုကြောင့် လေကြောင်းလိုင်း ၂၇၀ ကျော် ပြေးဆွဲမှုရပ်ဆိုင်းထားခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

## ဒုက္ခသည်များအတွက်အကူအညီအဖြစ် ဂျာမနီက ရန်ပုံငွေထပ်မံထောက်ပံ့မည်

**ဘာလင် နိုဝင်ဘာ ၅**

ဂျာမနီနိုင်ငံသည် ဒုက္ခသည်များအတွက် အကူအညီအဖြစ် ယူရို၇၅ သန်း(အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၄ သန်း)ထပ်မံထောက်ပံ့ပေးမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဖရန်ဝေါ်လ်တာစတိန်းမီယာက နိုဝင်ဘာ ၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ကုလသမဂ္ဂ၊ နိုင်ငံတကာ ရွှေ့ပြောင်းအခြေစိုက်နေထိုင်ခြင်းဆိုင်ရာအဖွဲ့ချုပ်(အိုင်အိုအမ်)၊ နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့များဆိုင်ရာဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့၏ လုပ်ငန်းများကို အထောက်အကူရစေရန် ရန်ပုံငွေထောက်ပံ့ပေးမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ လက်ရှိဖြစ်ပေါ်နေသော ဒုက္ခသည်ပြဿနာနှင့် ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့်နည်းလမ်းကို မိမိတို့ဆွေးနွေးခဲ့ကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ဒုက္ခသည်ပြဿနာနှင့် ပတ်သက်၍ ရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း အဆိုပါဆွေးနွေးပွဲတွင် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဒုက္ခသည်ပြဿနာ၏ စိန်ခေါ်နေမှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ဒုက္ခသည်အရေးဆိုင်ရာ စီမံခန့်ခွဲရေးစနစ်၊ နိုင်ငံတကာအသိုက်အဝန်းအတွင်း ညှိနှိုင်းဆောင်ရွက်မှုစနစ်၊ ကြိုတင်သတိပေးရေးစနစ်တို့ ပိုမိုတိုးတက်ကောင်းမွန်ရန်လိုအပ်မည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။ **ဆင်ဟွာ။**

# ကုန်ကျစရိတ်ကြီးမားလာသည့် အိုင်အက်စ်တိုက်ခိုက်ချေမှုန်းရေး

အောဝမ်းစိုး



အမေရိကန်နိုင်ငံက အစ္စလာမ့်စ်နိုင်ငံတော်(အိုင်အက်စ်) စစ်သွေးကြွများ တိုက်ခိုက်ချေမှုန်းရေးအတွက် မဟာဗျူဟာသစ်တစ်ခုကို လွန်ခဲ့သည့် သီတင်းပတ်က ချမှတ်ခဲ့သည်။ ပထမဆုံးအကြိမ်အဖြစ် အမေရိကန်စစ်ဘက်အကြံပေးများ ဆီးရီးယားစစ်မြေပြင်သို့ ရောက်ရှိမည်ဖြစ်ပြီး အီရတ်တွင်ရှိသည့် စစ်ဘက်အကြံပေးများ ရှေ့တန်းစစ်မျက်နှာနှင့် အနီးဆုံးနေရာသို့ ရွှေ့ပြောင်းကြမည်ဖြစ်သည်။ အမေရိကန်အထူးတပ်ဖွဲ့များသည်လည်း စစ်မြေပြင်သို့ တိုက်ရိုက်စေလွှတ်မည်ဖြစ်သည်။

အဆိုပါမဟာဗျူဟာအပြောင်းအလဲကြောင့် ဆီးရီးယားစစ်ပွဲတွင် အမေရိကန်တပ်သားများ သေဆုံးမှုမြင့်တက်လာဖွယ်ရှိသည်။ လွန်ခဲ့သည့်သီတင်းနှစ်ပတ်ကျော်က အမေရိကန်တပ်ဖွဲ့တစ်ခုဖြစ်သည့် ဓားစာခံကယ်ဆယ်ရေးနှင့် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးတပ်ဖွဲ့မှ စစ်ဆင်ရေးမှူး ဂျိုရှူဝါ ဝီလာသေဆုံးခဲ့ရပြီး အခြားသူများဒဏ်ရာရရှိသွားခဲ့ကြသည်။ အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းရေးမဟာဗျူဟာ အပြောင်းအလဲသည် ငွေကုန်ကြေးကျများမည့် အလှည့်အပြောင်းဖြစ်သည်။ အမေရိကန်နိုင်ငံသည် အိုင်အက်စ်တိုက်ခိုက်ရေးအတွက် ယခုလောလောဆယ်ထိ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကုန်ကျခဲ့ပြီး ယင်းမှာ နေ့စဉ်ပျမ်းမျှ ဒေါ်လာ ကိုးသန်းကုန်ကျနေခြင်းဖြစ်သည်။

အမေရိကန်တို့အနေဖြင့် စစ်ပွဲကိုရပ်ဆိုင်းရန် လွယ်ကူသော်လည်း အိုင်အက်စ်တိုက်ခိုက်ရေးအတွက် ပေးဆပ်နေရသည့် အသက်သွေးချွေးများနှင့် ငွေကြေးများအတွက် စဉ်းစားရမည်ဖြစ်သည်။ သို့သော် ကုန်ကျစရိတ်ကို စစ်ပွဲကြောင့်ဖြစ်ပွားလာမည့် ကမောက်ကမ ပရမ်းပတာဖြစ်ရပ်များနှင့် တိုင်းတာသင့်ပြီး အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒအပေါ် ကျရောက်လာမည့် ပြဿနာများကိုလည်း စဉ်းစားသုံးသပ်ရမည်ဖြစ်သည်။

ဆီးရီးယားသည် ကမောက်ကမဖြစ်ရပ်များနှင့် ပြဿနာပေါင်းသောင်းခြောက်ထောင်တည်ရှိရာ နေရာဖြစ်သည်။ ဆီးရီးယားစစ်မြေပြင်တွင် အမေရိကန်တို့၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ ဆီးရီးယားပြည်သူများအပေါ် ပုံးကြဲတိုက်ခိုက်နေသည့် ဆီးရီးယားသမ္မတ ဘာရှားအယ်လ် အာဆတ်ကို ဖယ်ရှားရန်ဖြစ်သည်။ ယခုအခါ ဆီးရီးယားပြည်သူများသည် အမေရိကန်၊ ရုရှား၊ ဗြိတိန်၊ ဂျော်ဒန်၊ တူရကီ၊ ပြင်သစ်၊ ကနေဒါ၊ ဩစတြေးလျ၊ အီရန်နှင့် ပင်လယ်ကွေ့နိုင်ငံအနည်းငယ်၏ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်တိုက်ခိုက်မှုများကို တွေ့ကြုံခံစားနေရသကဲ့သို့ အိုင်အက်စ်အဖွဲ့နှင့် ၎င်း၏ နောက်လိုက်အဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကိုလည်း ရင်ဆိုင်နေကြရသည်။

ရလဒ်အနေဖြင့် ဆီးရီးယားနိုင်ငံ၏ နေရာအတော်များများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပြီး ဆီးရီးယားပြည်တွင်းစစ်တွင် လူပေါင်း ၂၄၀၀၀၀ ကျော် သေဆုံးခဲ့ရသည်။ နိုင်ငံလူဦးရေ၏ တစ်ဝက်ခန့်ရှိသည့် လူဦးရေ ၁၂ သန်းနီးပါးမှာ အိုးအိမ်များစွန့်ခွာ ထွက်ပြေးနေကြရသည်။ ဆီးရီးယားပြည်တွင်းစစ်တွင် ပါဝင်ပတ်သက်နေသူများမှာ ဗီယက်နမ်ပြည်တွင်းစစ်ပုံစံကဲ့သို့ဖြစ်လာနေပြီး ဆီးရီးယားနိုင်ငံ၏ ပျက်စီးဆုံးရှုံးမှုများကို ကယ်တင်ရမည်ဖြစ်သည်။ ပြန်လည်တည်ဆောက်ရေးကုန်ကျစရိတ်မှာလည်း အတော်ကြီးမားမည်ဖြစ်ပြီး ယင်းကုန်ကျစရိတ်များကို မည်သူက ပေးချေသွားမလဲဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရပေ။ တစ်ချိန်တည်းမှာပင် အဆိုပါ ကုန်ကျစရိတ်ပေးချေရေးသည် ဆီးရီးယားနိုင်ငံမှ ထွက်ခွာမည့် အမေရိကန်နိုင်ငံခြားရေးမူဝါဒအတွက် ပြဿနာတစ်ရပ်ဖြစ်လာလျက်ရှိသည်။

**အိုင်အက်စ်စစ်သွေးကြွများ တိုက်ခိုက်ချေမှုန်းရေးမဟာဗျူဟာ အပြောင်းအလဲသည် ငွေကုန်ကြေးကျများမည့် အလှည့်အပြောင်းဖြစ်သည်။ အမေရိကန်နိုင်ငံသည် အိုင်အက်စ်တိုက်ခိုက်ရေးအတွက် ယခုလောလောဆယ်ထိ ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံကုန်ကျခဲ့ပြီး ယင်းမှာ နေ့စဉ်ပျမ်းမျှ ဒေါ်လာ ကိုးသန်းကုန်ကျနေခြင်းဖြစ်သည်။**

နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် တူရကီနိုင်ငံသည် အိုင်အက်စ်တို့ကို ကာဒစ်ရှ်ဆန့်ကျင်တိုက်ခိုက်ရေးအတွက် ကြားခံအဖြစ် သဘောထားလျက်ရှိသည်။ တူရကီနိုင်ငံ၏တောင်ပိုင်း ဆီးရီးယားနိုင်ငံနှင့် နယ်စပ်သည် ပြည်ပတိုက်ခိုက်ရေးသမားများ ဆီးရီးယားနိုင်ငံတွင်းသို့ ဝင်ရောက်ရာ အဓိကနေရာဖြစ်နေသော်လည်း တူရကီနိုင်ငံက မျက်ကွယ်ပြုထားသည်။ အိုင်အက်စ်ရေနံပွဲစားများသည်လည်း တူရကီနိုင်ငံမှတစ်ဆင့် ရေနံမှောင်ခိုဈေးကွက်သို့ တင်ပို့ရောင်းချနေခြင်းသည်လည်း ဒွိဟဖြစ်စရာ အခြေအနေဖြစ်သည်။ ထိုအခြေအနေများကြောင့် အမေရိကန်အနေဖြင့် အိုင်အက်စ်တိုက်ခိုက်ရေးတွင် တူရကီနိုင်ငံပါဝင်လာစေရန် ကြိုးစားအားထုတ်မှုတွင် အောင်မြင်မှုအနည်းငယ်ရရှိခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဩဂုတ်လအတွင်းက ဆီးရီးယားနိုင်ငံကို တူရကီနိုင်ငံမှတစ်ဆင့် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်နိုင်ရေးအတွက် သဘောတူညီမှုရရှိခဲ့ပြီး နောက်ပိုင်းအပြောင်းအလဲသည် ပိုမိုကောင်းမွန်လာခဲ့သည်။ သို့သော်လည်း လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရေး သဘောတူညီချက်ရရှိကြောင်း ထုတ်ပြန်ကြေညာသည့်နေ့မှာပင် တူရကီနိုင်ငံက ကာဒစ်ရှ်အဖွဲ့များကို လေကြောင်း တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ အမေရိကန်အရာရှိတစ်ဦးက တူရကီနိုင်ငံသည် သဘောတူညီချက်ကို ထောင်ချောက်အဖြစ် အသုံးချပြီး အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်များကိုတိုက်ခိုက်လျက်ရှိကြောင်း စွပ်စွဲခဲ့သည်။ သို့သော်အခြားအမေရိကန်အရာရှိတစ်ဦးက လက်ဝဲဝါဒီများဖြစ်သည့် ပီကေကေဟု လူသိများသည့် ကာဒစ်ရှ်အလုပ်သမားပါတီမှ ကာဒစ်ရှ်စစ်သွေးကြွများကို တိုက်ခိုက်ခြင်းအတွက် မဟာမိတ်တူရကီနိုင်ငံ၏ ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်ခွင့်ကို အပြည့်အဝထောက်ခံသည်ဟုဆိုသည်။

အမှန်တကယ်တွင် ကာ့ဒ်တို့အနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်များအရ အမေရိကန်တို့ကို တိုက်ခိုက်နေခြင်း မဟုတ်ပေ။ ကာ့ဒ်တို့၏ ရည်မှန်းချက်မှာ အီရတ်နိုင်ငံ၏ မြောက်ဘက်တွင် ၎င်းတို့၏ မဟာမိတ်နိုင်ငံများအဖွဲ့ ချဲ့ထွင်ရန်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အီရတ်နိုင်ငံစည်းလုံးညီညွတ်ရေးနှင့် တူရကီနှင့် ဆီးရီးယားတို့တွင် အမေရိကန်တည်ရှိနေမှုသည် ကာ့ဒ်တို့အတွက် အန္တရာယ်တစ်ခုဖြစ်သည်။ ပထမကမ္ဘာစစ်ပြီးဆုံးကတည်းက ငြင်းပယ်ခံထားရသည့် ကာဒစ်ရှ်အမျိုးသားရေးရည်မှန်းချက်အတွက် ဆီးရီးယားတွင် မည်သည့်ရလဒ်ထွက်ပေါ်လာသည်ဖြစ်စေ ကာ့ဒ်တို့သည် အိုင်အက်စ်တို့ကို တိုက်ခိုက်ရာတွင် ကူညီတိုက်ခိုက်သွားမည်ဖြစ်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်သည် အီရန်နိုင်ငံ၏ ဦးဆောင်မှု၊ အထူးစစ်ဆင်ရေးမှူးများနှင့် လက်နက်များကို လက်ခံရယူ၍ အိုင်အက်စ်များကို တိုက်ခိုက်လျက်ရှိသည်။ အီရတ်တပ်ဖွဲ့များ အိုင်အက်စ်တပ်ဖွဲ့များနှင့် ရင်ဆိုင်ကြုံတွေ့ရစဉ် ထွက်ပြေးတိမ်းရှောင်လာပြီးနောက်ပိုင်း အိုင်အက်စ်တိုက်ခိုက်ရေးတွင် အမေရိကန်လက်ခံထားသည့် ရှီးယိုက်ပြည်သူ့စစ်များနှင့် အနီးကပ်ပူးပေါင်းတိုက်ခိုက်မှုတွင် အီရန်နိုင်ငံသည် ပိုမိုလွှမ်းမိုးမှုရှိလာသည်။ အီရန်နိုင်ငံ၏ လွှမ်းမိုးမှုသည် ဒေသတွင်း၌ ထိန်းချုပ်ရန် ခက်ခဲလာမည်ဖြစ်သည်။ ဥပမာအနေဖြင့် အမေရိကန်နိုင်ငံသည် ဆီးရီးယားငြိမ်းချမ်းရေး ဆွေးနွေးပွဲ စားပွဲဝိုင်းသစ်တွင် အီရန်နိုင်ငံကို ဖိတ်ခေါ်ခဲ့ရသည်။ အီရန်နိုင်ငံသည် ဆီးရီးယားသမ္မတ အာဆတ်ကို ထောက်ခံသည့်နိုင်ငံဖြစ်သည်။

ထို့ပြင် ဆီးရီးယားတွင် အိုင်အက်စ်တို့ကို တိုက်ခိုက်ရာတွင် လျော့ရိလျော့ရဲဖြစ်နေသည့် ရုရှားနိုင်ငံသည် ၎င်း၏ စစ်အင်အားကို အမြန်ဆုံးပြန်လည်တည်ဆောက်ခဲ့ရသည်။ ဆီးရီးယားနိုင်ငံမှ ရုရှားနိုင်ငံ ထွက်ခွာသွားရေးမှာလည်း မလွယ်ကူလှပေ။ ယခုလောလောဆယ်ထိ အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းတွင် လွတ်လပ်စွာတည်ရှိနေဆဲဖြစ်ပြီး စစ်အင်အားအရ အမေရိကန်နိုင်ငံ ထွက်ခွာသွားလောက်အောင်စိန်ခေါ်နိုင်သည့် စစ်အင်အားကြီးနိုင်ငံ တစ်နိုင်ငံမျှမရှိဖြစ်နေသည်။ ဆီးရီးယားနိုင်ငံတွင် မည်သည့်အပြောင်းအလဲဖြစ်ပေါ်လာသည်ဖြစ်စေ ယခုလောလောဆယ် ရုရှားသမ္မတပူတင်၏ ဗီတိုအာဏာမှာ အဓိကဆွေးနွေးစရာအကြောင်းအရာဖြစ်နေသည်။ တစ်ချိန်တည်းမှာပင် အိုင်အက်စ်စစ်သွေးကြွများသည်လည်း အင်အားတောင့်တင်းနေဆဲဖြစ်သည်။ အိုင်အက်စ်တိုက်ခိုက်ချေမှုန်းရေးသည် ယခုလောလောဆယ်တွင် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ မဟာဗျူဟာအရ လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့်နက်နေသည့် အနေအထားဖြစ်သည်။ အိုင်အက်စ်တိုက်ခိုက်ရေးအတွက် အမေရိကန်၏ စစ်အင်အားတိုးချဲ့ခြင်းသည် ပြဿနာများလျော့ပါးအောင်လျှော့ချနိုင်ဖွယ်မရှိသလို အမေရိကန်နိုင်ငံခြားရေးမူဝါဒအတွက် စိန်ခေါ်မှုဖြစ်လာဖွယ်ရှိနေသည်။ တစ်နေ့တခြားမြင့်မားလာသည့် စစ်ပွဲကုန်ကျစရိတ်ကို မည်သူက တာဝန်ယူဖြေရှင်းပေးမည်ဆိုသည်မှာလည်း စိတ်ဝင်စားစရာ ပြဿနာတစ်ရပ်ဖြစ်နေသည်။

❖

## အငြင်းပွားကျွန်းစုများအနီး တောင်ကိုရီးယားရေတပ် စစ်ရေးလေ့ကျင့်မည်

**ဆိုးလ် နိုဝင်ဘာ ၅**

တောင်ကိုရီးယားရေတပ်သည် ဂျပန်ပင်လယ်အတွင်းရှိ ဂျပန်နိုင်ငံကပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုထားသော ကျွန်းစုများအနီးဝန်းကျင်၌ လာမည့်ရက်သတ္တပတ်အတွင်း ပုံမှန်စစ်ရေးလေ့ကျင့်မှုကျင်းပရန် စီစဉ်နေကြောင်း အမည်မဖော်လိုသည့် ရေတပ်တာဝန်ရှိသူတစ်ဦး ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ရေးသားဖော်ပြသည်။

စစ်ရေးလေ့ကျင့်မည့်ရက် အတိအကျကို ရာသီဥတုအခြေအနေပေါ်မူတည်၍ညှိနှိုင်းလျက် ရှိကြောင်း ယင်းသတင်းဌာနက ဆိုသည်။ တောင်ကိုရီးယားနိုင်ငံ၌ ဒေ့ါခ်ဒို ကျွန်းစုဟုခေါ်ဆိုပြီး ဂျပန်နိုင်ငံတွင် တာကေးရှီးမားကျွန်းစုဟု လူသိများသည့် ဆိုးလ်ထိန်းချုပ်ထားသော ကျွန်းစုများအား နိုင်ငံခြားတပ်ဖွဲ့များ၏ တရားမဝင်သိမ်းပိုက်မှုမှ တောင်ကိုရီးယားတပ်ဖွဲ့များက တားဆီးကာကွယ်သည့် အနာဂတ်ဖြစ်နိုင်ခြေတစ်ရပ်ပုံစံအရ ကျင်းပမည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားကမ်းခြေစောင့်တပ်ဖွဲ့လည်း ပူးပေါင်းလေ့ကျင့်မည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် ၁၉၈၆ ခုနှစ်ကတည်းက နှစ်စဉ်နွေဦးရာသီနှင့်ဆောင်းဦးရာသီရောက်တိုင်း ယင်းကျွန်းစုပေါ်၌ အလားတူ စစ်ရေးလေ့ကျင့်မှုတစ်ရပ်ပြုလုပ်လေ့ရှိသည်။

တောင်ကိုရီးယား-ဂျပန်ဆက်ဆံရေးအပါအဝင် မည်သည့်နိုင်ငံရေးအခြေအနေများနှင့်မျှ သက်ဆိုင်မှုမရှိကြောင်း၊ စစ်ရေးရည်မှန်းချက်များအတွက်သာ ရည်ရွယ်လေ့ကျင့်ခြင်းဖြစ်ကြောင်း ရေတပ်တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။ ယခုပြုလုပ်မည့် စစ်ရေးလေ့ကျင့်မှုမှာ နိုဝင်ဘာ ၂ ရက်က တောင်ကိုရီးယားသမ္မတ ပတ်ဂွမ်ဟေးနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့အကြား ထိပ်သီးဆွေးနွေးမှုများ ကျင်းပပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် စစ်သင်္ဘော ၁၀ စင်းနှင့် လေယာဉ်အမြောက်အမြား ပါဝင်လေ့ကျင့်မည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

**ကျိုဒိုနယူးစ်။**



# ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်း

မောင်သန္တာ(ရှေ့နေ)

**နိုင်ငံနှင့်လူမျိုးများ၏ပုံရိပ်**

ဤကမ္ဘာလောကကြီး၌ တည်ရှိကြသော နိုင်ငံတိုင်း၊ လူမျိုးတိုင်း ကျင့်ကြံပြုမူနေထိုင်လျက်ရှိကြသည့် လူမှုကျင့်ဝတ်နှင့် ဓလေ့ထုံးစံများသည် ထိုနိုင်ငံ၊ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုပင်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံရှိ လူမျိုးများ (လူ့အဖွဲ့အစည်းများ) ယဉ်ကျေးသိမ်မွေ့ပါက ထိုနိုင်ငံ၏ ပုံရိပ် (Image) သည် ကမ္ဘာ့အလယ်တွင် ကောင်းမွန်တည်ရှိနေမည်ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့မှုမရှိသောပြုမူချက်ကို ပြုလုပ်မိပါက ထိုနိုင်ငံနှင့် ထိုနိုင်ငံရှိ လူမျိုးများ(လူ့အဖွဲ့အစည်းများ) အား အထင်အမြင်သေးကာ နိုင်ငံ၏ပုံရိပ်လည်း ကျဆင်းသွားပြီး ယဉ်ကျေးမှုမရှိသော၊ နိုင်ငံကြီးသားပီသမှုမရှိသောနိုင်ငံနှင့်လူမျိုးဖြစ်ကြောင်း ကမ္ဘာ့အလယ်တွင် အထင်အမြင်သေးခြင်းခံရမှုများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ယနေ့ ခေတ်ကာလသည် အင်တာနက်ခေတ်ဖြစ်သဖြင့် သတင်းပျံ့နှံ့မှု မြန်ဆန်လွန်းလှသဖြင့် ပိုမိုသတိထားသင့်ကြပါသည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ (world is a Village) ဖြစ်သွားပါပြီ။

**သမိုင်းအစ လူသားမျိုးနွယ်များ**

ဤသတ္တဝါသည် လွန်ခဲ့သောနှစ်ပေါင်းတစ်သန်းကျော်လောက်ကစ၍ ပေါ်ပေါက်လာခဲ့သည်ဟု သိပ္ပံပညာရှင်တို့၏ တွေ့ရှိချက်များကို အထောက်အထားပြု၍ သမိုင်းသုတေသီတို့က ခန့်မှန်းပြောဆိုကြသည်။ သက်ရှိသတ္တဝါတို့၏အစနှင့်ပတ်သက်၍ လည်းကောင်း၊ လူ၏အစနှင့် ပတ်သက်၍လည်းကောင်း၊ မည်သည့်သုတေသီကမျှ တိတိကျကျ မပြောနိုင်ကြသေးပါ။

သို့ရာတွင် ကျောက်ချောခေတ်သို့ ရောက်ရှိလာသောအခါ လူအမျိုးမျိုးဖြစ်ပေါ်လာမည့် အခြေခံလူမျိုးများမှာ လေးမျိုးရှိသည်ဟု သုတေသီတို့က ဆိုကြပါသည်။ ထိုလေးမျိုးမှာ ၁။ အာရီယန်အမျိုးအနွယ်ဖြစ်လာမည့် ကော့ကေးဆပ်တောင်ကျောဘက်မှ ဆင်းသက်လာသည်ဟု ယူဆရသော နော့ဒစ်အမျိုးနွယ်၊ ၂။ အသားလတ်မြေထဲပင်လယ်ဒေသ အနွယ်ဝင်ဖြစ်သည့် အီဘာရီးယန် အမျိုးအနွယ်၊ ၃။ တရုတ်ပြည်မြောက်ပိုင်း မွန်ဂိုလီးယားကုန်းမြင့်မှ ဆင်းသက်သည့် မွန်ဂိုလီယန် အမျိုးအနွယ်နှင့် ၄။ အာဖရိကတိုက်တစ်ဝန်းမှ ဆင်းသက်သည့် အသားမည်းနီဂရိုအမျိုးအနွယ်များပင်ဖြစ်ကြပါသည်။

အဆိုပါ အခြေခံလူမျိုးလေးမျိုးတို့သည် တစ်မျိုးနှင့်တစ်မျိုး ရောယှက်ပေါင်းစပ်လာပြီး လူမျိုးများဖြစ်လာကြကြောင်း၊ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့နေထိုင်ကြခြင်းဖြင့် မြို့ပြနိုင်ငံများ ထူထောင်နေထိုင်လာခဲ့ကြကြောင်း သုတေသီတို့က ဆိုပါသည်။

**ကွဲပြားလာသော အမျိုးအနွယ်စုများ**

မြောက်ပိုင်းနော့ဒစ်လူမျိုးအနွယ်မှ ကျူတန်၊ ကဲလ်တ်၊ ဂရိတ်၊ ပါရှန်း၊ အာမေးနီးယန်း၊ ဆလပ်ဗ်လူမျိုးများ၊ စကင်းဒီနေဗီးယန်းလူမျိုးများနှင့် အိန္ဒိယအာရီယန်းများ ဖြစ်လာကြသည်။ မြေထဲပင်လယ်ရှိ အီဘာရီးယန် အမျိုးအနွယ်မှ အီဂျစ်၊ ဆူမေရီယန်၊ ဒရာဗီးဒီးယန်း၊ အင်ဒိုနီးရှင်း၊ ဝေလလူမျိုးနှင့် အိုင်ယာလန်လူမျိုးများဖြစ်လာကြသည်။

မွန်ဂိုလီယန်အနွယ်မှ မွန်ဂို၊ တူရကီ၊ ဟိန်း၊ အက်စတားနီးယန်၊ ဖင်လန်လူမျိုး၊ အက်စကီးမိုး၊ အမေရိကန်၊ အင်ဒီးယန်း၊ မစ်ဆီကိုလူမျိုး၊ တရုတ်၊ ဂျပန်၊ မြန်မာ၊ ယိုးဒယား၊ ဂေါ်ရခါး၊ မလေးရှားစသောလူမျိုးများဖြစ်ကြသည်။

အာဖရိက နီဂရိုအနွယ်မှ အာဖရိကရှိ အသားမည်းလူမျိုးများ၊ အာရှနီဂရိုများ၊ တာစ်မေးနီးယန်းများ၊ ဩစတြေးလျအသားမည်း လူမျိုးများစသည့် အသားမည်းလူမျိုးများဖြစ်လာကြသည်။

အထက်ပါ ပင်ရင်းလူအမျိုးအနွယ်များမှ ထပ်မံ၍ အမျိုးအနွယ်များကွဲပြားလာပုံကိုကြည့်လျှင်သော်လည်းကောင်း၊ လက်တွေ့မကျ အတိအကျမဖော်ထုတ်နိုင်သေးဘဲ ဒဏ္ဍာရီဟုပြောပြော ဘာသာကြီးအချို့က လက်ခံထားသော ကမ္ဘာဦးအစလူသားများသည် အဖေအာဒမ်နှင့် အမေ ဧဝတို့မှ မွေးဖွားသန့်စင်ပွားများလာကြကြောင်း အယူအဆကိုကြည့်လျှင်သော်လည်းကောင်း လူသားများအားလုံးသည် ဆွေမျိုးစုများ Clan(Very Large Families)၊ တစ်နည်းအားဖြင့် ဆွေမျိုးတော်စပ်ကြသူများဖြစ်ကြောင်း ငြင်းနိုင်ကြမည်မဟုတ်ပါ။

**ယဉ်ကျေးမှုအစမြစ်ဝှမ်းဒေသ**

လူ့ယဉ်ကျေးမှုသည် နိုင်းလ်မြစ်ဝှမ်း၊ အိန္ဒုမြစ်ဝှမ်းနှင့် မြစ်ဝါမြစ်ဝှမ်းဒေသတို့မှ စတင်ပေါ်ထွန်းလာပြီး လူသားတို့သည် ယဉ်ကျေးမှုကို တည်ဆောက်ခဲ့ကြကြောင်း၊ ယဉ်ကျေးမှုရှိသော လူ့အဖွဲ့အစည်းထံမှ ယဉ်ကျေးမှုမရှိသော လူ့အဖွဲ့အစည်းများက ယဉ်ကျေးမှုများကို သင်ယူပြီးနောက် ယဉ်ကျေးမှုမရှိသော အဖွဲ့အစည်းဟောင်းကိုပယ်ဖျက်၍ သူတို့အလိုကျ ယဉ်ကျေးမှုအသစ်ကို တည်ထောင်ကြကြောင်း၊ ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို ထူထောင်ခဲ့ကြကြောင်း သမိုင်းသုတေသီတို့က ဆိုပါသည်။

**ကမ္ဘာ့ဘာသာတရားကြီးလေးပါး**

ကမ္ဘာပေါ်တွင် ဘာသာကြီးလေးခုဖြစ်ကြသော ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့ပေါ်ပေါက်လာကြပြီး အဆိုပါဘာသာကြီးလေးခုကလည်း လူများနှင့်ပတ်သက်၍ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ ယဉ်ကျေးသိမ်မွေ့ရေးတို့ကိုသာ သွန်သင်ဆုံးမထားကြောင်းတွေ့ရှိရပါသည်။ ဘာသာရေးအဆုံးအမများအရလည်း လူသားများသည် တစ်စထက်တစ်စ ပိုမိုယဉ်ကျေးသိမ်မွေ့လာကြပါသည်။

**ယဉ်ကျေးခြင်း**

ယဉ်ကျေးခြင်းဆိုရာတွင် "ကိုယ်၏ယဉ်ကျေးခြင်း"၊ "နှုတ်၏ယဉ်ကျေးခြင်း"၊ "စိတ်၏ ယဉ်ကျေးခြင်း" ဟူ၍ သုံးမျိုးရှိပါသည်။ လူတစ်ဦးတစ်ယောက်၊ လူ့အဖွဲ့အစည်းတစ်ခုတွင် အဆိုပါသုံးမျိုးလုံး ယဉ်ကျေးပါမှ ယဉ်ကျေးမှုရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။ မြန်မာ့လူ့ဘောင်၌ ရှေးပဝေသဏီကပင် "ကိုယ်"၊ "နှုတ်"၊ "စိတ်" သုံးပါးစလုံး ယဉ်ကျေးမှုရှိပြီးဖြစ်ပါသည်။ ယဉ်ကျေးသိမ်မွေ့အောင်လည်း ဗုဒ္ဓဘာသာတရား၏ အဆုံးအမများ၊ ကျေးဇူးရှင် ရဟန်းရှင်လူပညာရှိများ၊ စာဆိုများကလည်း ၎င်းတို့၏ အတွေးအခေါ် ဆုံးမစာ၊ ဆုံးမစကားများကို ဖော်ကျူးထားခဲ့ကြပြီးဖြစ်ပါသည်။

**ကိုယ်၏ယဉ်ကျေးခြင်း**

မြန်မာလူငယ်တို့သည် ရဟန်း၊ သံဃာ၊ အဘိုး၊ အဘွား၊ သက်ကြီးဝါကြီး၊ ဆရာ၊ မိဘတို့၏ရှေ့မှောက်တွင် ကိုယ်ကိုကျုံ့ယို့၍လည်းကောင်း၊ ခေါင်းကိုငုံ့၍လည်းကောင်း သွားလာကြခြင်း၊ ဘတ်စ်ကား၊ မီးရထား၊ သင်္ဘောစသည်တို့ပေါ်တွင် ရဟန်း၊ သံဃာ၊ သက်ကြီးဝါကြီး၊ ကိုယ်ဝန်ဆောင် မိခင်၊ နို့တိုက်ကလေး၊ သားတွဲလောင်းနှင့် မိခင်တို့ကို နေရာထိုင်ခင်းပေး၊ ဦးစားပေး၍ အရိုအသေပြုဆက်ဆံကြခြင်းတို့သည် မြန်မာတို့၏ ချစ်စရာကောင်းသော ယဉ်ကျေးမှုအစဉ်အလာများဖြစ်ပြီး ယင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းထားသင့်ကြပါသည်။

ထို့ပြင် မြန်မာ့လူ့ဘောင်အား သူတော်ကောင်းတရားခုနစ်ပါးတွင် ပါဝင်သော "ဟိရိဩတ္တပ္ပ" တည်းဟူသော အရှက်၊ အကြောက်နှစ်ပါးဖြင့်လည်း ထိန်းချုပ်ထားရာ အရှက်အကြောက်ကင်းမဲ့သူသည် သူယုတ်လက္ခဏာတွင် ပါဝင်သွားမည်ဖြစ်ပြီး ယဉ်ကျေးမှုလက္ခဏာလည်း လုံးဝရှိနိုင်တော့မည် မဟုတ်တော့သည်ကိုလည်း သတိပြုသင့်ပါသည်။

ကိုယ်၏ ယဉ်ကျေးသိမ်မွေ့ခြင်းနှင့်ပတ်သက်၍ ရှင်မဟာရဋ္ဌသာရက "ရိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ နည်းခံယူ၍ ကြီးသူခေါ်က ကြွကြွလည်းလာ၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက် ဖုံးအုပ်ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောင်းထွက်လူပေခေါ်ရစေ" ဟူ၍ ဆိုဆုံးမထားပါသည်။

**နှုတ်၏ယဉ်ကျေးခြင်း**

မြန်မာစကား၏ လေယူလေသိမ်းသည် မူလကတည်းက သာယာနှစ်မြို့ဖွယ်ရာဖြစ်သော နားဝင်ချိုသော အသံပင်ဖြစ်ပါသည်။ ယင်းသို့ နားဝင်ချိုသော အသံကိုပိုမို၍ နားဝင်ချိုစေရန် "နှုတ်ချိုသျှိုတစ်ပါး" စကားအရာကို ချိုသာစွာပြောဆိုခြင်းဖြင့် လူတို့ချစ်ခင်ခြင်းကို ရယူရပေမည်။ "သမုဒ္ဒရာရေမျက်နှာထက် ခဏပွက်သည့် ရေပွက်ပမာ" တိုတောင်းလှသော ဤလူ့ဘဝတွင် စကားကို နားဝင်ချိုအောင် ပြောခြင်းဖြင့် အမုန်းမပွားဘဲ "မုန်းစကိုတိုစေကာ ချစ်စကိုရှည်စေ" ရမည်ဖြစ်ပါသည်။

ထို့ကြောင့်ပင်လျှင် ပျို့ကဗျာ၌ "ပျူပျူငှာငှာ လူတကာကို သာသာချိုချို ချစ်ဖွယ်ဆို၍"ဟုလည်းကောင်း၊ ကျေးဇူးတော်ရှင် ရှင်မဟာရဋ္ဌသာရကလည်း "တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေ" ဟု ဆိုဆုံးမထားပါသည်။

**စိတ်၏ယဉ်ကျေးခြင်း**

မြန်မာတို့၏ ယဉ်ကျေးမှုအခြေခံအုတ်မြစ်မှာ "ငါးပါးသီလ" ပင်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာတရားတော်၌ ငါးပါးသီလမလုံခြုံသူကို ယဉ်ကျေးမှုရှိသူဟု မခေါ်ဆိုနိုင်ပါ။ ဗုဒ္ဓဘာသာတရားတော်၌ ငါးပါးသီလဖြစ်သော သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူများသားမယားအား ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးအားလိမ်လည်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံရမည်ဟူသော စကားသည် အလွန်ကောင်းမြတ်လိုက်နာသင့်သော အဆိုအမိန့်တစ်ရပ်ပင်ဖြစ်ပါသည်။ ဗုဒ္ဓတရားတော်က လူတို့၏ စိတ်ကိုထိန်းကျောင်းထားခြင်းဖြစ်ပါသည်။ ငါးပါးသီလလုံပါက ကိုယ်ကျင့်တရားအလိုလိုကောင်းမွန်ပြီး ဖြစ်သည့်အပြင် ယဉ်ကျေးမှုလည်းအလိုအလျောက်ရှိပြီးသားဖြစ်ပါသည်။

မြန်မာလူမျိုးတို့၏ စိတ်စေတနာများကို ကြည့်လျှင်လည်း ယဉ်ကျေးသိမ်မွေ့ပြီးသား ဆိုသည်ကိုတွေ့မြင်နိုင်ပါသည်။ ကျေးလက်များတွင်လည်းကောင်း၊ ဆင်ခြေဖုံးဒေသများတွင်လည်းကောင်း၊ ယနေ့တိုင် နေပူထဲမှလာသူ၊ ခရီးဝေးသွားရာမှလာကြသူတို့ ပင်ပန်းကြလိမ့်မည်။ ပင်ပန်းသူတို့ အပင်ပန်းပြေပါစေ၊ နွမ်းသူတို့ အနွမ်းပြေပါစေဟူသော စိတ်စေတနာဖြင့် "ခရီးတစ်သောင်း၊ ခြေလက်ညောင်းလျှင်၊ ထနောင်းပင်ပျို၊ ဇရပ်အိုနှင့်" နားခိုစရာ စီမံပေးကြပါသည်။ သောက်ရေအိုးစင်လေးများ တည်ထားကြပါသည်။ သောက်ရေအိုးလေးများကို ကြိုးဖြင့်ဆိုင်းကာ သစ်ပင်တွင် ဆွဲချည်ထားကြသည်။ သောက်ရေအိုးစင်တွင်လည်း စပါးပင်ငယ်များကို စိုက်ပျိုးထားတတ်ကြသည်။ သောက်ချင်စရာကောင်းအောင် သဲဖြူဖြူကိုခင်း၍ စပါးပင်စိုက်ပျိုးသည်။ ကြေးဖလားလေးများကို ပြောင်လက်နေအောင် ပွတ်တိုက်၍ ရေအိုးဖုံးပေါ်တွင်မှောက်၍ တင်ထားကြသည်။ သောက်သူတို့ သန့်သန့်ရှင်းရှင်း အေးအေးချမ်းချမ်း ကျေကျေနပ်နပ် သောက်သုံးပါစေဟူသော မြင့်မြတ်သော စေတနာသည် မြန်မာတို့၏ နှလုံးသား (စိတ်)ထဲ၌ ထာဝရဖြစ်ပေါ်သောအရာဖြစ်သည်။ စမ်းရေစီးသကဲ့သို့ ထာဝရစီးနေသောအရာတို့ဖြစ်ကြပါသည်။ မြန်မာတို့သည်ကား မိမိအတွက်ထက် သူတစ်ပါးအတွက်ပါ စဉ်းစားကြကြောင်း စိတ်သဘောထားယဉ်ကျေးသိမ်မွေ့ကြကြောင်း၊ ဤဥပမာမှာ ပြယုဂ်တစ်ခုသာဖြစ်ပါသည်။ အခြားပြယုဂ်များ အများကြီးရှိပါသေးသည်။

ကျွန်ုပ်တို့ကြားဖူးသော အဆိုအမိန့်များတွင် "ပညာမျက်စိမြင်မရှိ၍ အသိတရား အယူမှားလျက် စီးပွားမမြော် ကျိုးမပေါ်သာ၊ သူတော်မဟုတ် ယုတ်သည့်စရိုက် လူသူမိုက်"ဟု ကိုယ်ကျင့်တရားပျက်ပြားသူတို့ကို ရှုတ်ချသောစာများ၊ "ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ" ဟူ၍လည်း လောကသာရပျို့တွင် ဆိုဆုံးမထားသည်များကို တွေ့ရပါသည်။

မည်သို့ပင်ဆိုစေကာမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာလူမျိုးတို့မှာ ရှေးပဝေသဏီကပင် ယဉ်ကျေးသိမ်မွေ့ကြကြောင်း၊ ယဉ်ကျေးသိမ်မွေ့အောင်လည်း ဘာသာရေးအဆုံးအမများ၊ ရှေးစာဆိုများ၊ ရှင်တော်ဘုရားများ၏ ဆုံးမစကား၊ ဆုံးမစာများလည်းရှိပြီးဖြစ်သည်ဆိုသည်မှာ ထင်ရှားပါသည်။

**လူတချို့အစဉ်အလာများလျော့ပါးလာ**

မျက်မှောက်ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် လူတချို့တွင် အစဉ်အလာများလျော့ပါးလာပြီး မကောင်းမှုပြုခြင်း၊ မရှက်ခြင်း၊ မကြောက်ခြင်းတို့ကို လွယ်လွယ်ကူကူပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ မကောင်းမှုဒုစရိုက်များလာခြင်းသည် ကောင်းသောလက္ခဏာမဟုတ်ဟု ဆိုရပါမည်။ နဂိုရှိပြီးသား အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းပြီး ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်နိုင်ရေး ကြိုးစားကြရန် လိုအပ်လာပါသည်။ မကြာသေးမီ အချိန်များကလည်း ပယောဂအမျိုးမျိုးကြောင့် နိုင်ငံအတွင်း မဖြစ်သင့်မဖြစ်ထိုက်သော ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ပုံရိပ်အား ကမ္ဘာ့အလယ်တွင် ကျဆင်းစေခဲ့ခြင်းမျိုးရှိပါသည်။

**သက်သေပြကြစို့**

ယနေ့ကာလတွင် နိုင်ငံတော်၌ အရေးကြီးသော ကာလဖြစ်နေပြီး ရွေးကောက်ပွဲကျင်းပရန် ရက်အနည်းငယ်သာ လိုအပ်နေချိန်ဖြစ်သဖြင့် ဓမ္မနည်းလမ်း (တရားသောနည်းလမ်း) ဖြင့်သာ ရွေးကောက်ပွဲဝင်ပါတီကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း၊ ပါတီဝင်များအနေဖြင့် လည်းကောင်း၊ အဆိုပါ ပါတီများကို ထောက်ခံကြသူအနေဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲကို ကျင်းပပေးမည့် တာဝန်ရှိသူများအနေဖြင့်လည်းကောင်း ဆောင်ရွက်သွားကြရန်၊ အဓမ္မနည်း (မတရားသောနည်းလမ်း)ဖြင့် ဆောင်ရွက်ခြင်းမျိုးမှ ရှောင်ကြဉ်ရန်၊ မှန်မှန်ကန်ကန် အနိုင်ရယူကြရန် ရွေးကောက်ပွဲကို အကြောင်းပြု၍ ယခုရွေးကောက်ပွဲတွင် အနိုင်ရရှိရေး ပြင်ဆင်နေကြချိန်တွင်လည်းကောင်း၊ ရွေးကောက်ပွဲကာလတွင်လည်းကောင်း၊ ရွေးကောက်ပွဲပြီးနောက်တွင် လည်းကောင်း ရွေးကောက်ပွဲကြီး ငြိမ်းငြိမ်းချမ်းချမ်းဖြင့် အောင်မြင်ပြီးမြောက်နိုင်ရေးအတွက်လည်းကောင်း၊ အဓမ္မနည်းလမ်းများကို ရှောင်ကြဉ်ပြီး ဆူပူအကြမ်းဖက်မှုများ၊ နှောင့်ယှက်မှုများ မပေါ်ပေါက်ရေးအတွက်လည်းကောင်း၊ နိုင်ငံပုံရိပ် ကမ္ဘာ့အလယ်တွင် မကျဆင်းစေရေးအတွက်လည်းကောင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးလိုအပ်လျက်ရှိပါသည်။ (ဓမ္မနည်းလမ်း) တရားသောနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ လူ့အဖွဲ့အစည်းသည် ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းဖြစ်ကြောင်း ကမ္ဘာ့အား သက်သေပြကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**နိုင်ငံတစ်နိုင်ငံရှိ လူမျိုးများ (လူ့အဖွဲ့အစည်းများ) ယဉ်ကျေးသိမ်မွေ့ပါက ထိုနိုင်ငံ၏ပုံရိပ် (Image)သည် ကမ္ဘာ့အလယ်တွင် ကောင်းမွန်တည်ရှိနေမည်ဖြစ်ပြီး ယဉ်ကျေးသိမ်မွေ့မှုမရှိသောပြုမူချက်ကို ပြုလုပ်မိပါက ထိုနိုင်ငံနှင့် ထိုနိုင်ငံရှိ လူမျိုးများ (လူ့အဖွဲ့အစည်းများ) အား အထင်အမြင်သေးကာ နိုင်ငံ၏ပုံရိပ်လည်း ကျဆင်းသွားပြီး ယဉ်ကျေးမှုမရှိသော၊ နိုင်ငံကြီးသားပီသမှုမရှိသော နိုင်ငံနှင့်လူမျိုးဖြစ်ကြောင်း ကမ္ဘာ့အလယ်တွင် အထင်အမြင်သေးခြင်းခံရမှုများ ဖြစ်ပေါ်လာမည်။**

# ရွေးကောက်ပွဲနေ့ မဲဘယ်လိုပေးရမယ်

**ရန်ကုန်　　နိုဝင်ဘာ　　၅**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာ ၈ ရက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပတော့မည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများ မဲပေးမည့်နေ့တွင် မဲပေးရမည့်ပုံစံများကို သိထားကြရန် လိုအပ်သကဲ့သို့ မဲပေးမည့်ပုံစံအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မီဒီယာများက အသိပေးထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးကိုကိုက "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၁ ရက်ကနေ ၇ ရက်အထိ မဲသက်သေခံကတ်ပြားတွေကို ထုတ်ယူဖို့ကြေညာထားတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ မဲဆန္ဒရှင်တွေ သိပ်များတယ်။ အဲ့ဒီအတွက် မဲစာရင်းပြုစုတဲ့နေရာမှာ အနည်းငယ်နောက်ကျမှုရှိပေမယ့် မဲသက်သေခံကတ်ပြားတွေကို သတ်မှတ်ထားတဲ့အတိုင်း ထုတ်ပေးသွားမှာပါ"ဟု ပြောသည်။

မဲသက်သေခံကတ်ပြားများ ထုတ်ယူရန် အရေးကြီးပုံနှင့်ပတ်သက်၍ ဦးကိုကိုက"မဲဆန္ဒရှင်တစ်ယောက်က သူ့နာမည် ဘယ်မဲရုံမှာပါသလဲဆိုတာကို ရွေးကောက်ပွဲနေ့မှာ လိုက်ရှာနေရင် ညနေ ၄ နာရီထိုးတောင် မဲရုံကို ရှာတွေ့ချင်မှ တွေ့မယ်။ အဲဒီ သက်သေခံလက်မှတ်ထဲမှာ ကိုယ်မဲပေးရမယ့် မဲရုံအမှတ်ပါတယ်။ သက်သေခံကတ်ပြားသာ ယူထားလို့ရှိရင် မနက် ၆ နာရီမဲပေးမယ် ဆိုတာနဲ့ အဲ့ဒီမဲရုံကို တန်းသွားရုံပဲ"ဟု ဆိုသည်။

မဲပေးမည့်နေ့တွင် သက်ဆိုင်ရာမဲသက်သေခံ ကတ်ပြားနှင့် မှတ်ပုံတင်ကိုသာ ယူသွားရန်ဖြစ်ပြီး အခြားမည်သည့်ပစ္စည်းမှ ယူဆောင်သွားရန် မလိုကြောင်း သိရသည်။

မဲပေးမည့်နေ့တွင် ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ဦးကိုကိုက "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတယ်။ မဲပေးတဲ့နေ့မှာ ပါတီကိုယ်စားပြု အဝတ်အစားတွေ ဝတ်မလာဖို့၊ ဦးထုပ်တွေဆောင်းမလာဖို့၊ ရင်ထိုးတံဆိပ်တွေ တပ်မလာဖို့ နောက်တစ်ခုက ဆိုက်ကားနဲ့ပဲလာလာ၊ ကားနဲ့ပဲလာလာ၊ ပါတီအလံတွေ၊ စတေကာတွေနဲ့ မလာပါနဲ့။ အဲဒါတွေ လုပ်လာရင် မဲဆွယ်စည်းရုံးတဲ့ သဘောကို သက်ရောက်ပါတယ်"ဟု ရှင်းပြသည်။

မဲပေးရန် တန်းစီနေပြီး မိမိအလှည့်မရောက်ခင် ညနေ ၄ နာရီထိုးသွားလျှင် မဲပေးခွင့်ရှိ မရှိကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက "အဲ့ဒီအတွက် မစိုးရိမ်ပါနဲ့။ လူအကုန်ပေးလို့ရပါတယ်။ လူအကုန်ပေးလို့ရအောင် ကျွန်တော်တို့ ဆန္ဒပြုခန်းတွေကို အဆင်ပြေအောင်လုပ်ပေးထားတယ်။ ဆန္ဒပြုခန်း တစ်ခုနဲ့ အဆင်မပြေရင် နှစ်ခု၊ သုံးခု စီမံပေးထားပါတယ်။မဲဆန္ဒရှင်တွေလာတဲ့အခါ သူ့တို့ရဲ့ပရဝဏ်တွေ သတ်မှတ်ထားပါတယ်။ ညနေ ၄ နာရီထိုးလို့ မဲပေးမယ့်သူတွေ မကုန်သေးဘူးဆိုရင် အဲ့ဒီပရဝဏ်ထဲမှာ အကုန်ဝင်ခိုင်းထားမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ကွန်ရက် **(MERIN)**မှ ဦးကက်နိုက "မဲပေးမယ့်နေ့မှာ အနည်းဆုံး လူတစ်ယောက်က မဲသုံးကြိမ် ပေးရမယ်။ အဲ့ဒါက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေကိုပေးရမယ်။ တိုင်းရင်းသားကိုယ်စားလှယ်တွေပါတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာဆိုရင် နောက်ထပ်မဲတစ်မဲထပ်ပေးရမှာဖြစ်ပါတယ်။ မဲပေးမယ့် သူက မဲရုံမှူးကို နှောင့်ယှက်တာတို့၊ မဲရုံပရဝဏ်မှာ ရန်ဖြစ်တာတို့ သွားမလုပ်မိဖို့ အရေးကြီးပါတယ်။ တကယ်လို့ တစ်ခုခုလုပ်မိပြီဆိုရင် ထောင်ဒဏ်တစ်နှစ် ဒါမှမဟုတ် ငွေတစ်သိန်းထက်မပိုတဲ့ ပြစ်ဒဏ်ချမှတ်ခံရမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပြည်ထောင်စုအဆင့်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက်ပါ စုစုပေါင်းလွှတ်တော် သုံးရပ်အတွက် မဲသုံးမဲပေးရမည်ဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် တိုင်းရင်း သား ကိုယ်စားလှယ်များ ပါဝင်နေလျှင် နောက်ထပ် မဲတစ်မဲ ထပ်ပေးရမည်ဖြစ်သည်။ မဲပေးသူများသည် ဆန္ဒပြုပြီး မဲလက်မှတ်များကို သက်ဆိုင်ရာ မဲပုံးများထဲသို့ထည့်ရန် လိုအပ်သည်။ မဲပုံးမှားပြီး မထည့်မိစေရန် ပြည်သူ့လွှတ်တော်မဲပုံးသည် အစိမ်းရောင်စက္ကူ၊ အမျိုးသား လွှတ်တော်မဲပုံးသည် အပြာရောင်စက္ကူ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲပုံးသည် ခရမ်းရောင် စက္ကူများ ကပ်ထားသည်။ တိုင်းရင်းသားကိုယ်စားလှယ်များ အတွက် မဲပုံးများကိုမူ ခရမ်းရောင်စက္ကူပေါ်တွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်ဟု ကပ်ထားသည်ဟု သိရှိရပါကြောင်း။ **(ရီရီမြင့်)**






# ရွေးကောက်ပွဲကျင်းပရန်ဆောင်ရွက်ပြီးစီးမှုနှင့် ရွေးကောက်ပွဲရလဒ် ကြေညာမည့်လုပ်ငန်းစဉ်တို့အား ဆွေးနွေး

**နေပြည်တော်　　နိုဝင်ဘာ　　၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား ရွေးကောက်ပွဲလာရောက်လေ့လာမည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဖြစ်သူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာ အထူးကိုယ်စားလှယ် H.E မစ္စတာစွန်းဂေါ်ရှန်းနှင့် အဖွဲ့အား ယမန်နေ့နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် H.E မစ္စတာစွန်းဂေါ်ရှန်းက မြန်မာပြည်သူပြည်သားများနှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ယခုကျင်းပမည့် ရွေးကောက်ပွဲသည် အောင်မြင်စွာပြီးဆုံးသွားမည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိနိုင်ငံအနေအထားနှင့် ကိုက်ညီသော ဒီမိုကရေစီစနစ်ကိုရွေးချယ်ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ဖွံ့ဖြိုးတိုးတက်မှုပုံစံကို မိမိတို့နိုင်ငံက အစဉ်အမြဲ ထောက်ခံလျက်ရှိပါကြောင်း၊ မိမိတို့ ကိုယ်စားလှယ်အဖွဲ့တွင် အစိုးရဝန်ထမ်းများ ပါရှိသကဲ့သို့ ပညာရှင်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရ ကိုယ်စားလှယ်များနှင့် တပ်မတော်မှ ကိုယ်စားလှယ်များလည်း ပါရှိသဖြင့် ဘက်ပေါင်းစုံကို ကိုယ်စားပြုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မိမိတို့အနေဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲမှုကို အစဉ်အမြဲအလေးထားပါကြောင်း၊ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဖြစ်စဉ်၊ ကော်မရှင် ဖွဲ့စည်းမှု၊ ကော်မရှင်၏တာဝန်များ၊ လွှတ်တော်(၃)ရပ် ဖွဲ့စည်းမှုနှင့် သမ္မတရွေးချယ်မှု၊ ရွေးကောက်ပွဲစနစ်၊ မဲပေးပုံစနစ်၊ မဲစာရင်းပြုစုပုံ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်မှစ၍ Strategic Plan ရေးဆွဲဆောင်ရွက်ခဲ့မှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်၍ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အခြေခံမဲစာရင်းပြုစုဆောင်ရွက်ခဲ့မှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကျင်းပရန် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပြီးစီးမှုနှင့် ရွေးကောက်ပွဲရလဒ် ကြေညာမည့် လုပ်ငန်းစဉ်တို့အား ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ သတိပြုရမည့်အချက်များ

**နေပြည်တော်　　နိုဝင်ဘာ　　၅**

၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ ပြည်သူများဆန္ဒမဲပေးရာ၌ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်များကို အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ရာ ၂၀၁၅ ခုနှစ် မတ် ၁၉ ရက်က ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅) အရ **ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် လျှို့ဝှက်မဲပေးစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံပရဝဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကိုမဲပေးခဲ့ကြောင်း မေးမြန်းခြင်းမပြုရ**ဟု ဖော်ပြထားရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသောမဲဆန္ဒရှင်တစ်ဦး သိမှတ်ဖွယ်စာစောင်တွင်လည်း မဲဆန္ဒရှင်တစ်ဦး မှတ်သားရန် အချက် ၁၀ ချက်၌ "**တစ်စုံတစ်ဦးက မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းအား ဆန္ဒပြုခဲ့ပါသလဲဟုမေးလျှင် မဖြေပါနှင့်။ မိမိကိုယ်တိုင်လည်း မည်သူ့ကို မဲထည့်ခဲ့ကြောင်း အများကြားအောင် မပြောပါနှင့်။ မဲဆွယ်စည်းရုံးရာရောက်သဖြင့် ရွေးကောက်ပွဲပြစ်မှုမြောက်သည်**"ဟု ဖော်ပြထားရှိသည်။

ထို့အပြင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၁ တွင် "**မည်သူမဆို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် မဲရုံအတွင်း၌ဖြစ်စေ၊ မဲရုံမှ ကိုက် ၅၀၀ အကွာအတွင်း၌ဖြစ်စေ၊ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်**"ဟု ဖော်ပြပါရှိသည် -

**(က) မဲဆွယ်ခြင်း၊**

**(ခ) မဲဆန္ဒရှင်တစ်ဦးဦးအား လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးကို ဆန္ဒမဲပေးရန် တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲမပေးရန် တိုက်တွန်းသွေးဆောင်ခြင်း၊**

**(ဂ) ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးဘဲနေရန်သော်လည်းကောင်း တိုက်တွန်းသွေးဆောင်ခြင်း၊**

သို့ဖြစ်ပါ၍ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးအရ လျှို့ဝှက်ဆန္ဒမဲပြုပြီးချိန်တွင် တစ်စုံတစ်ယောက်က မဲဆန္ဒရှင်အနေဖြင့် မည်သူ့အား မဲပေးခဲ့သည်ကို မေးမြန်းလာပါက မိမိဆန္ဒအရ ဖြေကြားခြင်းမပြုလိုက မပြုနိုင်ကြောင်းနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း မဲဆန္ဒရှင်က မဖြေကြားလိုမှုကို အတင်းအကျပ်မေးမြန်းမှုပြုခြင်းသည် မဲဆွယ်စည်းရုံးရာရောက်သဖြင့် ရွေးကောက်ပွဲပြစ်မှုမြောက်ပါကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ငဖဲမြို့နယ် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ (သတင်းစဉ်)

☆ ဒီမိုကရေစီမှ

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား မင်းဘူး-စလင်းလမ်းပေါ်ရှိ တောစိမ့်-ကျစ်ကန်-ကူတို-ကူဖြူ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် စလင်းမြို့ ရှင်ပင်ရွှေတန်ဆာစေတီတော်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စေတီတော်ဓမ္မာရုံ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် စလင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စလင်းမြို့နယ်အတွက် ဘုရားဆင်းတုတော်များနှင့် ဆိုလာမီးအိမ်တို့ကို ပေးအပ်ပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် စလင်းမြို့ ဝက်သည်းကန်သို့ ရောက်ရှိပြီး ရွှေမုဋ္ဌောဘုရားအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝက်သည်းကန် ပြန်လည်ပြုပြင်နိုင်ရန်အတွက် လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဝက်သည်းကန်ကို ရှေးမြန်မာမင်းများ လက်ထက်က တူးဖော်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ထိန်းသိမ်းထားရှိသည်။ ယင်းကန်မှ အိမ်ခြေ(၂၀၀၀) ကျော်အတွက် သောက်သုံးရေအသုံးပြုလျက်ရှိပြီး ပိုလျှံသည့်ရေများကို စိုက်ပျိုးမြေဧက ၃၈၀ အတွက် ပေးဝေလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စလင်းမြို့ ရုပ်စုံကျောင်းတော်သို့ရောက်ရှိပြီး ကျောင်းတော်အတွင်း ကြည့်ရှုကာ ဆရာတော် ဘဒ္ဒန္တညာဏအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်သည်။

အဆိုပါ ရုပ်စုံကျောင်းတော်ကြီးကို ၁၈၆၈ ခုနှစ်က သူကောင်းမဒေါ်ပုက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျွန်းတိုင် ၂၄၅လုံးဖြင့် တည်ဆောက်ထားရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး စေတုတ္တရာ မြို့နယ်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် စေတုတ္တရာမြို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမင်္ဂလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မိုးကုတ်ဓမ္မရိပ်သာ ဓမ္မာရုံ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြို့နယ်အတွက် လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက စေတုတ္တရာမြို့နယ်အတွက် ဘုရားဆင်းတုတော်များနှင့် ဆိုလာမီးအိမ်တို့ကိုပေးအပ်ပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ငဖဲမြို့နယ်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ငဖဲမြို့ရှိ ပုဂ္ဂိုလ်ထူးစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ယင်းနောက်နိုင်ငံတော်သမ္မတသည် စေတီတော် ဓမ္မာရုံ၌ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် ငဖဲမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌက မြို့နယ်အတွက် လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ငဖဲမြို့နယ်အတွက် ဘုရားဆင်းတုတော်များနှင့် ဆိုလာမီးအိမ်တို့ကို ပေးအပ်ပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး မင်းတုန်းမြို့နယ်သို့ရာက်ရှိကြရာ ဒေသခံပြည်သူများက တစ်ခဲနက်ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မင်းတုန်းမြို့ ဘုရားသုံးဆူ ဓမ္မာရုံ၌မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စေတီတော်အတွက် အလှူငွေများကို လှူဒါန်းပြီး ဘုရားဆင်းတုတော်များနှင့် ဆိုလာမီးအိမ်တို့ကိုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ကံမမြို့နယ်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ယာဉ်တန်း စလင်းမြို့သို့ရောက်ရှိလာရာ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြစဉ်။ (သတင်းစဉ်)

## ပြည်တွင်းရေးရာ

❒ စာမျက်နှာ ၈ မှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ကံမမြို့သာသနာ့ဗိမာန်တော်၌ ကံမမြို့နယ်မှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းတုန်းမြို့ ဘုရားသုံးဆူဓမ္မာရုံ၌ မြို့မိမြို့ဖများ၊ ကော်မတီများမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတသည် စလင်း၊ စေတုတ္တရာ၊ ငဖဲ၊ မင်းတုန်းမြို့နယ်တို့မှ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံစဉ်ပြီးခဲ့သည့် ဇူလိုင်လအတွင်း ထူးကဲမိုးရွာသွန်းခဲ့မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရသည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် စေတုတ္တရာ၊ ငဖဲ၊ မင်းတုန်း၊ ကံမမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သော်လည်း မိမိတစ်ကြိမ်တစ်ခါမျှရောက်ရှိခြင်းမရှိသေးသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကိုလေ့လာရန်နှင့် လိုအပ်သည်များ ထပ်မံဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် ဤဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင်၊ မိုဘိုင်းဖုန်းဆက်သွယ်ရေးရရှိအောင်၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည့်အတွက် အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ ထိုအခြေခံကောင်းများကို အသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

မိမိတို့အစိုးရတာဝန်ယူချိန်တွင် ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စသည့်ပြုပြင်ပြောင်းလဲရေးလေးရပ်ကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုပြုပြင်ပြောင်းလဲရေး၏ ရလဒ်များကိုလည်း ပြည်သူများလက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ အောင်မြင်မှုများရရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများလည်း ကျန်ရှိနေကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဂရုပြုဆောင်ရွက်ခဲ့သည့်အတွက် အရှေ့အလယ်ပိုင်းမှ ဒီမိုကရေစီအသွင်ကူးပြောင်းခဲ့သည့် နိုင်ငံများတွင် ရင်ဆိုင်နေရသည့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ နိုင်ငံပြိုကွဲမည့်အခြေအနေများ၊ သိန်းနှင့်ချီသည့် ဒုက္ခသည်ပြဿနာများကို ရှောင်လွှဲနိုင်ခဲ့ကြောင်း၊ **ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းသည် နိုင်ငံနှင့်ပြည်သူများ၏ အောင်ပွဲပင်ဖြစ်ကြောင်း။**

မိမိတို့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ကျန်ရှိနေသော်လည်း မူလစတင်ခဲ့သည့် ၂၀၁၁ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် အတိုင်းအတာတစ်ခုအထိ ပြောင်းလဲတိုးတက်ခဲ့ပြီဆိုသည်ကို ပြည်သူများကရော၊ နိုင်ငံတကာကပါ အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

အနာဂတ်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် အားလုံးပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူများက စိတ်ဝင်စားသကဲ့သို့ နိုင်ငံတကာကလည်း အလေးထားစောင့်ကြည့်နေကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရန် လုံလောက်သည့် ဒီမိုကရေစီအတွေ့အကြုံများမရှိဟုယူဆပြီး အကဲခတ်အဖွဲ့များ စေလွှတ်လေ့လာလျက်ရှိပါကြောင်း။



ထို့ကြောင့် မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကိုကျင်းပနိုင်ခြင်းသည် နိုင်ငံ၏ ဂုဏ်သိက္ခာပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်အား မိမိတို့စွမ်းအားဖြင့် ဖော်ဆောင်နိုင်စွမ်းရှိသည်ကို ရွေးကောက်ပွဲဖြင့် သက်သေ ပြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မဲဆန္ဒရှင်ပြည်သူများ မိမိတို့၏ ဆန္ဒအတိုင်း လွတ်လပ်စွာ မဲပေးနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိအောင်၊ လုံခြုံမှုရှိအောင် အားလုံးပူးပေါင်းဆောင်ရွက်**ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ကံမမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကြိုဆိုနေကြသည့် စေတုတ္တရာမြို့နယ်မှ ဒေသခံပြည်သူများကို တွေ့ရစဉ်။** (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စလင်းမြို့သို့ ရောက်ရှိရာ နိုင်ငံရေးပါတီထောက်ခံသူများက နှုတ်ဆက်ကြစဉ်။ (ဓာတ်ပုံ - ဦးရဲထွဋ်ဖေ့ဘွတ်)

## ပြည်တွင်းရေးရာ

### ✱ ခုတင် ၁၀၀ ဆံ့မှ


ခုတင် (၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)။


တိုင်းရင်းဆေးသမားတော်ကြီး ဦးသန်းညွန့်။


ဆေးရုံအုပ်ကြီး ဦးဝေဝင်း။

ခုတင်(၁၀၀)ဆံ့တိုင်းရင်းဆေးရုံ နေပြည်တော်တွင် ပြင်ပလူနာဌာန၊ အထွေထွေရောဂါကု ပညာဌာန၊ အကြောအရိုးအဆစ်ဌာန၊ အနာပေါက်ကုသရေးဌာန၊ မီးယပ်လူနာဆောင်၊ ကလေးကုသဌာနများ ပါဝင်ကြောင်း ဆေးရုံအုပ်ကြီး ဦးဝေဝင်းကပြောသည်။

"ဒီနား ဝန်းကျင်မှာရှိတဲ့ လူဦးရေဆိုတာထက် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ဖို့ နေပြည်တော်မှာ ဖွင့်လှစ်ခဲ့တာပါ။ လူနာတက်ရောက်တဲ့အပေါ် မူတည်ပြီး ဆေးရုံကို အဆင့်မြှင့်တင်သွားမှာပါ။ ဒီနေ့စဖွင့်တဲ့နေ့မှာပဲ လူနာ ၁၁ ဦး တက်ရောက်ကုသနေပါတယ်။ နေပြည်တော်ကောင်စီနယ်မြေတွင်မဟုတ်ဘဲ တခြားမြို့တွေက လာတက်တာလည်းရှိတယ်။ ကုထုံးတွေအနေနဲ့ ရှိပြီးကုထုံးတွေအပြင် တိုင်းရင်းဆေးရုံအချင်းချင်း ဖိတ်ခေါ်ပြီး ဆေးပညာရပ်တွေဖလှယ်သွားဖို့ အစီအစဉ်တွေ၊ အပြင်မှာကုသနေကြတဲ့ သမားတော်ကြီးတွေကို ပင့်ဖိတ်ပြီးတော့လက်တွေ့ကုသပညာပေးမှု အစီအစဉ်တွေပြုလုပ်ဖို့ ရှိပါတယ်" ဟု ဆေးရုံအုပ်ကြီးက ဆက်လက်ပြောပြသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရန် ဘဏ္ဍာနှစ်အလိုက် ကျန်းမာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲခဲ့ပြီး အခမဲ့ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ အခြေခံအဆောက်အအုံများဖြစ်သည့် ဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။

"နိုင်ငံတော်ပိုင်းက တာဝန်ကျေပါတယ်။ ကုသရေးမှာအခက်အခဲမရှိအောင် လိုအပ်ချက်ရှိရင် ရှိတဲ့နေရာမှာ ဆေးရုံတွေဆောက်ပေးနေတာ တာဝန်ကျေပါတယ်။ ကျွန်တော်တို့ တိုင်းရင်းဆေး ဆရာတွေဘက်က တာဝန်ကျေဖို့လိုတယ်။ ဒါကြောင့် ကျွန်တော် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှာ သွေးစမ်းပညာဆိုတဲ့ ဘာသာရပ်ကို လက်တွေ့သင်တန်းပေးနေတယ်။ သွေးစမ်းပညာကျမ်းဟာ တိုင်းရင်းဆေးလောကမှာ လိုအပ်တယ်။ တိုင်းရင်းဆေးရုံဆေးခန်းကို ရောက်လာတဲ့ လူနာအများစုက နာတာရှည်ရောဂါ ဝေဒနာရှင်တွေ များတယ်။ ဝေဒနာရှင်တွေကိုစမ်းသပ်တဲ့အခါမှာ ဘာရောဂါဖြစ်တာလဲဆိုတာ သွေးစမ်းပညာနဲ့စမ်းသပ်ပြီးတော့မှ ဆေးကုတာ။ အပျောက်မြန်တယ်။ ကြာတယ်ဆိုတာရောဂါပေါ်မူတည်ပါတယ်"ဟု မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ သမားတော်ကြီး ဦးသန်းညွန့်ကပြောသည်။

ဆေးရုံတက်ရောက်ကုသလျက်ရှိသောလူနာများတွင် လေငန်းရောဂါနှင့် မီးယပ်ရောဂါများအဖြစ်များပြီး တိုင်းရင်းဆေးအား ယုံကြည်အားကိုးစွာဖြင့် လာရောက်ဆေးကုသမှုခံယူခြင်းဖြစ်ကြောင်းသိရသည်။

"ကျွန်မအမေက လေဖြတ်သွားတာပါ၊ မင်းဘူးမြို့ကနေ လာတက်တာပါ၊ ရောက်တာ သုံးရက်ရှိသွားပြီ။ တော်တော်လေးတော့ သက်သာလာပါပြီ။ ဖြစ်တုန်းကတော့ ပါးတွေရွဲ့သွားတာ။ နောက်တစ်လလောက်ကြာရင် ပုံမှန်အတိုင်းကောင်းသွားမှာလို့ ဆရာကြီးကပြောပါတယ်"ဟု လေဖြတ်ရောဂါဖြင့် ဆေးရုံတက်ရောက်နေသော မင်းဘူးမြို့မှ ဒေါ်အုံးတင် အသက်(၇၁)နှစ်၏ သမီးဖြစ်သူက ပြောသည်။

မြန်မာ့ တိုင်းရင်းဆေးပညာသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသည့် ဓာတ်ကြီးလေးပါး အခြေခံဖွဲ့တည်၍ ရောဂါအခြေခံများကို ရှာဖွေကုသရသည့်အပြင် နဝရတ်ကတိသစ္စာဟူသည့် လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များကိုစောင့်ထိန်းလိုက်နာရင်းလူနာများအပေါ် နွေးထွေးစွာဆက်ဆံတတ်မှသာ သြဇာလေးနက်ပေါ် ဆီတက်ခါ နွယ်မြက်သစ်ပင်များလည်း ဆေးဖက်ဝင်မည်ဖြစ်သည်။

"ကျွန်မတို့က လယ်ဝေးမြို့နယ်က လာတက်တာပါ၊ သွေးတိုးရောဂါနဲ့ နှလုံးအဆို့ရှင်ကျဉ်းတဲ့ ရောဂါပါ။ အနောက်တိုင်းဆေးဝါးနဲ့လည်း ပြဖူးပါတယ်။ သူ့ဟာနဲ့သူကတော့ တစ်မျိုးစီပေါ့။ ငယ်ငယ်ကဆေးတို့ဖတ်ကြီးနဲ့ ကြီးပြင်းလာရတာဆိုတော့ မြန်မာ့တိုင်းရင်းဆေးက ပြစ်ပယ်လို့မရပါဘူး။ ခုလည်း သွေးတိုးကတော့ သိသိသာသာကျပါတယ်။ နှလုံးအတွက်ကတော့ လေ့ကျင့်ခန်းများများ လုပ်တဲ့အခါ လူကတော့ပေါ့လာပါတယ်။ ဒီမှာ ဆေးရုံတက်ရတာ အဆင်ပြေပါတယ်။ ဒီကဆရာတွေကလည်း မိသားစုလို နွေးနွေးထွေးထွေး ဆက်ဆံပြီးတော့မှ ကုသပေးတဲ့အတွက် စိတ်ချမ်းသာမှုရပါတယ်။ ဆေးရုံကလည်း အသစ်ဆိုပေမယ့် အရာရာပြည့်စုံတော့ ဘာမှပြောစရာမရှိပါဘူး" ဟု ဒေါ်ညွန့်ညွန့်ရည်က ပြောသည်။

အဆိုပါတိုင်းရင်းဆေးရုံသစ်ကြီးကို မြေအကျယ် ပေ ၈၀၀× ပေ၁၀၀၀ ပေါ်တွင် တည်ဆောက်ထားပြီး ဝန်ထမ်းအိမ်ရာများလည်းပါဝင်သည်။ ယခုကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေတွင် တိုင်းရင်းဆေးရုံကြီး ပေါ်ထွန်းလာသည့်အတွက်နေပြည်တော်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများနှင့် ဝန်ထမ်းမိသားစုများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

### ❖ ကျောဖုံးမှ

ငါးထောင်ကျပ်တန် ငွေဒင်္ဂါးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ စတင်ထုတ်ဝေခဲ့ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး မြို့တို့ရှိ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းအရောင်းဆိုင်များတွင် စတင်ရောင်းချပေးလျက်ရှိရာ မန္တလေးမြို့တွင် နိုဝင်ဘာ ၆ ရက်မှ စတင်၍ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ သိရသည်။

" နေပြည်တော်မှာက ဒီနေ့ မွန်းတည့် ၁၂ နာရီလောက်က စတင်ရောင်းချပါတယ်။ ညနေပိုင်းလောက်အထိ ငွေဒင်္ဂါး ၄၀၀ ကျော်လောက် ရောင်းချပြီးသွားပါပြီ။ ရန်ကုန်အရောင်းဆိုင်မှာက ညနေ ၃ နာရီမှာ စတင်ရောင်းချပါတယ်။ အဲဒီမှာလည်း ငွေဒင်္ဂါး ၁၀၀ ကျော် ရောင်းချပြီးသွားပါပြီ။ မန္တလေးမှာတော့ မနက်ဖြန်မှာ စတင်ရောင်းချဖို့အတွက် ပို့ပေးလိုက်ပါပြီ။ စိတ်ဝင်စားမှုများပြားပါတယ်။ မေးမြန်းမှုတွေလည်း များပါတယ်။ အမှတ်တရအနေနဲ့ သိမ်းထားချင်သူတွေ လာရောက် ဝယ်ယူကြပါတယ်။ နိုင်ငံခြားသားတွေလည်း စိတ်ဝင်စားမှုရှိတယ်လို့ သိရပြီး သံရုံးတွေက ဖုန်းဆက်မေးမြန်းတာတွေရှိတယ်လို့ သိရပါတယ်။ အဲဒီအတွက်ကိုလည်း သက်ဆိုင်ရာကို တင်ပြပြီး အကြောင်းပြန်ပေးသွားပါ့မယ်" ဟု သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း (နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ဖြေကြားခဲ့သည်။

အထိမ်းအမှတ် ထုတ်ဝေခဲ့သည့် ငွေဒင်္ဂါးသည် ငွေစင်ငွေသား ၉၂ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် သွန်းလုပ်ထားပြီး အလေးချိန် ၂၀ ဂရမ်နှင့် အချင်း ၂၅ မီလီမီတာရှိသည်။ ငွေဒင်္ဂါး၏ အရှေ့ဘက်တွင် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရိုက်နှိပ်ထားပြီး အထိမ်းအမှတ်တံဆိပ်အောက်တွင် ၅၀၀၀ ကျပ်နှင့် ထုတ်လုပ်သည့်နှစ် ၂၀၁၅ ဟု ပါရှိသည်။ ငွေဒင်္ဂါး၏ အရှေ့ဘက် ပတ်လည်အပေါ်ဘက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဟုလည်းကောင်း၊ အောက်ဘက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟုလည်းကောင်း ပါရှိသည်။

အထိမ်းအမှတ်ဒင်္ဂါး၏ ကျောဘက်တွင် တော်ဝင်ဆင်ဖြူတော်ပုံရိုက်နှိပ်ထားပြီး ဆင်ဖြူတော်ပုံ၏ အောက်တွင် 5000 Kyats နှင့် ထုတ်လုပ်သည့် ခုနှစ် 2015 ပါရှိသည်။ ငွေဒင်္ဂါးကျောဘက်ပတ်လည်အပေါ်ဘက်တွင် THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR ဟုလည်းကောင်း၊ အောက်ဘက်တွင် CENTRAL BANK OF MYANMAR ဟု လည်းကောင်းပါရှိသည်။

အဆိုပါ ငွေဒင်္ဂါးကို အကန့်အသတ်ဖြင့် သွန်းလုပ်ခြင်းဖြစ်ပြီး ငွေဒင်္ဂါးတစ်ပြားကို ငွေကျပ် ၃၀၀၀၀ ကျပ်နှုန်းဖြင့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း အရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ကြေညာထားသည်။

**(ဝ၀၁)**

### ❍ အလုပ်အကိုင်မှ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြေဖြစ်သည့် တော်ဝင်လမ်းနှင့် မင်းဓမ္မလမ်းအကြားရှိ အကျယ် ဧက ၃၆ ဒသမ ၅၅၁ ဧကအား ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပထမမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (မြန်မာ့ဗိုပိုင်အုပ်စု) မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်အား မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းစဉ်များအရ ဖွံ့ဖြိုးရေးဇုန်ကြီးများကို လျာထားခဲ့ရာ ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်း တည်ဆောက်ရေးလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်းဆောင်ရွက်ရန်အတွက် ကိုးမိုင်ရှိပြည်လမ်းနှင့် မင်းဓမ္မလမ်းအကြားရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေ၊ တပ်မတော်ပိုင်မြေ နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေ စုစုပေါင်း ၃၆၉ ဒသမ ၄၅၅ ဧကအား အကောင်အထည်ဖော် ဆောင်ရွက်ရန် လျာထား သတ်မှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်း၌ အဆင့်မြင့်ဟိုတယ် အဆောက်အအုံ တစ်လုံး၊ ရုံးခန်းအဆောက်အအုံလေးလုံး၊ Service Appartments အဆောက်အအုံ ငါးလုံး၊ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များ၊ အီလက်ထရွန်နစ်နှင့် ကုန်သွယ်ရေးစင်တာများနှင့်ငါးထပ်ပါရှိသော ဈေးဝယ်စင်တာများအစရှိသည့် ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ)နှင့် သက်ဆိုင်သည့် စီးပွားရေးအဆောက်အအုံများ ပါဝင်မည်ဖြစ်ပြီး ကွန်ဗင်းရှင်းစင်တာအသစ်ကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကာ ရန်ကုန်မြို့တွင် ပထမဦးဆုံးသော Integrated Mixed Development အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းကြီးတစ်ခုလည်း ဖြစ်သည်။

ပထမမြန်မာဆောက်လုပ်ရေးကုမ္ပဏီလီမိတက် (မြန်မာ့ဗိုပိုင် အုပ်စု)မှ တာဝန်ရှိသူက "ကျွန်တော်တို့ကတော့ အခြေခံအဆောက်အအုံတွေနဲ့ ကွန်ဗင်းရှင်းစင်တာအသစ်ကိုဆောက်လုပ်သွားမှာပါ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်တွေကလည်း ကမ်းလှမ်းလာကြတာရှိလို့ ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာပါ။ စီမံကိန်းဆောင်ရွက်ဖို့လည်း လက်ရှိ MIC ကိုလည်း တင်ပြထားပြီးပါပြီ။ ကွန်ဗင်းရှင်းစင်တာအဟောင်းကို တော့မဖျက်သိမ်းသေးဘဲ အဲဒီအနီးကနေရာ သီးသန့်မှာ လက်ရှိရှိနေတဲ့ကွန်ဗင်းရှင်းစင်တာအဟောင်းထက် ငါးဆလောက်ကြီးမားတဲ့ ကွန်ဗင်းရှင်းစင်တာအသစ်ကို ထည့်သွင်းဆောက်လုပ်သွားမှာပါ။ စီမံကိန်းကြီးပြီးစီးသွားပြီဆိုရင်တော့ နိုင်ငံတကာက လာရောက်ပြသကြမယ့် ကုန်စည်ပြပွဲတွေ အပါအဝင် ကျင်းပကြမယ့် ညီလာခံတွေအတွက်လွန်စွာအကျိုးရှိစေမှာဖြစ်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေပါလိမ့်မယ်။ ပြီးတော့ဒီစီမံကိန်းထဲမှာ အိုင်တီ Trade Center ကိုလည်း ထည့်သွင်းဆောက်လုပ်မှာဆိုတော့ ပြည်သူတွေအတွက် အသိပညာတွေ ပိုမိုတိုးတက်လာစေမှာဖြစ်တဲ့အပြင် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း များစွာပေါ်ပေါက်လာပါလိမ့်မယ်"ဟုရှင်းပြသည်။

အဆိုပါ စီမံကိန်းဧရိယာအတွင်း မြေအောက်ကားရပ်နားရန်နေရာ အထပ်သုံးထပ် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပြီး ယာဉ်အလုံအလောက်ရပ်နားနိုင်ရန်လည်း စီမံဆောင်ရွက်ထားရှိမည်ဖြစ်သည်။ နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန် သော အဆောက်အအုံများပါဝင်မည့် အဆိုပါ ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ) စီမံကိန်းအား ငါးနှစ်တာကာလအတွင်း အပြီးသတ်အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်သည်။ လက်ရှိစီမံကိန်းနယ်မြေအတွင်းမှ မူလပန်းရောင်းချသူများနှင့် ဆိုင်ခန်းများကိုလည်း ယခုလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြန်လည်နေရာချထား စီမံဆောင်ရွက်ပြီးဖြစ်ရာ စီမံကိန်းကြီးပြီးစီးပါက ရန်ကုန်မြို့ရှိ အဆောက်အအုံများအနက် ခမ်းနားထည်ဝါစွာဖြင့် ပေါ်ပေါက်လာမည့်အဆောက်အအုံများစွာပေါ်ထွက်လာမည်ဖြစ်သည်။

ဒုတိယဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ) စီမံကိန်း ဆောင်ရွက်ပြီးစီးဖွင့်လှစ်ပြီဆိုပါက ရန်ကုန်မြို့သို့ အကြောင်းကိစ္စအရပ်ရပ်ကြောင့်လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက်ပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ လူဦးရေအချို့အတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြစေတော့မည်ဖြစ်သည်။ ။

❐❐

## ပြည်တွင်းသတင်း

## သုံးခွမြို့နယ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အရေးပေါ်ညွှန်ကြားချက်များ ရှင်းလင်း

**သုံးခွ နိုဝင်ဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရွေးကောက်ပွဲကော်အရှင်အဖွဲ့ခွဲရုံးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အရေးပေါ်ညွှန်ကြားချက်များ ရှင်းလင်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးခန်းမ၌ ကျင်းပရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက မဲလက်မှတ်များ လုံခြုံစွာ သယ်ယူသိမ်းဆည်းထားရှိရေးနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌ ဦးဇော်ဝိတ်နှင့် အတွင်းရေးမှူး ဦးညီညီစောတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အရေးပေါ်ညွှန်ကြားချက်များနှင့် ရွေးကောက်ပွဲတွင် ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ ခွဲဝင်များ၊ မဲရုံမှူးများ သတိပြုလိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

## သန်လျင်မြို့အဓိကလမ်းမကြီးတွင် လမ်းမီးများတပ်ဆင်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၏ စီမံဆောင်ရွက်ပေးမှု၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း (သန်လျင် ) နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းဦး၊ မြို့လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌ မြို့မိမြို့ဖ ဦးတင်ဝင်းနှင့်အဖွဲ့ဝင်များက ဦးဆောင်၍ သန်လျင်မြို့၏ အဓိကလမ်းမကြီးဖြစ်သော မီးပွိုင့်လမ်းဆုံမှ ကျိုက်ခေါက်ဘုရားလမ်း၊ ဘုရားကုန်းလမ်းဆုံအထိ အယ်လ်အီးဒီမီးလုံး ၁၁၀ ကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ယခုတပ်ဆင်ပေးသောလမ်းမှာ သန်လျင်မြို့၏ အဓိကလမ်းမကြီးဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်းတစ်ထောင်ခန့် အကုန်အကျခံကာ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သန်းဝင်း**



## ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၅**

ဧရာဝတီမြစ်ရေ ကျဆင်းနေပြီဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ကမ်းဘေးကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် မြစ်ကြောင်းအတွင်း ရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၂၂ ရွာအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၂၉၂၄ ဒသမ ၃ သန်းကျော်နှင့် ရေလမ်းကြောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၃၂၄ သန်း စုစုပေါင်း ကျပ်သန်းပေါင်း ၃၂၄၈ ဒသမ ၃ သန်း သုံးစွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းဌာနမှ အထက်မြန်မာပြည် ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောကြားခဲ့သည်။

"ဒီရာသီမှာ ရေစတင်ကျချိန်ဖြစ်တဲ့အတွက် အကြိုတိုင်းတာရေးလုပ်ငန်းတွေနဲ့ အချက်အလက်တွေ စုဆောင်းပြီး အင်ဂျင်နီယာဒီဇိုင်းတွေ ရေးဆွဲနေပါပြီ။ ရေလမ်းကြောင်းဆိုတာက ပြောင်းလဲနေတာကြောင့် လုပ်ကိုင်ခွင့်ရတဲ့ ကုမ္ပဏီတွေကအာမခံတစ်နှစ်ပေးရပါတယ်။ ဌာနကို ကုမ္ပဏီတွေက ရေးဆွဲတင်ပြလာတဲ့ ကမ်းပြိုကာကွယ်ရေး ဒီဇိုင်းတွေထဲက အကောင်းဆုံးကိုရွေးချယ်ပြီး လုပ်ဆောင်ရတာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကျေးရွာငါးရွာတွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ကျေးရွာများအတွက် ဆက်လက်ဆောင်ရွက်နေကြောင်းနှင့် ရေလမ်းကြောင်းဖွံ့ဖြိုးရေး လုပ်ငန်းများအား ဗန်းမော်-မန္တလေး ရေလမ်းကြောင်းအတွင်း လုပ်ကိုင်ရန် ကြိုတင်ပြင်ဆင်လျာထားလျက်ရှိသည့်အတိုင်း ဌာနမှ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



## လမ်းမတော်မြို့နယ်တွင် ကြိုတင်မဲပေးသူသုံးဦးသာရှိ

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၈)ရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံးတွင် အောက်တိုဘာ ၂၉ ရက်မှစတင်၍ ကြိုတင်မဲများအား ပေးလိုပါက ပေးခွင့်ပြုခဲ့ရာ နိုဝင်ဘာ ၅ ရက်အထိ သုံးဦးသာလာရောက်မဲပေးခဲ့ပြီး (၈)ရပ်ကွက်တွင် မဲပေးခွင့်ရှိသူစုစုပေါင်း ၁၆၄၈ ဦးရှိ၍ အမျိုးသား ၇၉၉ ဦး၊ အမျိုးသမီး ၈၄၉ ဦးရှိပါကြောင်း သိရသည်။

အဆိုပါ(၈)ရပ်ကွက် မဲရုံအား လမ်းမတော်မြို့နယ် အ-ထ-က(၁) ကျောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး (၈)ရပ်ကွက်အတွင်း မဲပေးမည့်သူများမှ ယင်းမဲရုံးတွင် မဲလာရောက်ပေးကြရမည်ဖြစ်ကြောင်း(၈)ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြိုင်က ပြောသည်။

ထို လမ်းမတော်မြို့နယ် (၈)ရပ်ကွက်ရှိ ရွေးကောက်ပွဲကော်မရှင်ရုံးမှာ (၈)ရပ်ကွက်အတွက် မဲရုံတစ်ရုံသာ ရှိမည်ဖြစ်ကြောင်းသိရသည်။ **၆၉၀**

## အလုံမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာများ တွေ့ဆုံညှိနှိုင်း

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ရွေးကောက်ပွဲ စေ့စပ်ညှိနှိုင်းရေးကော်မတီ တွေ့ဆုံပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြထွန်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်မှ အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြထွန်းမှ မဲရုံနှင့်ပတ်သက်သော ကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

**တင်မောင်ဦး(အလုံ)**

## ဉသျှစ်ကုန်းကျေးရွာ တောင်သူပညာပေး ပုလဲသွယ်တစ်ဧက ၂၀၆ တင်းကျော်ထွက်ရှိ

**မြစ်သား နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ဉသျှစ်ကုန်းကျေးရွာ တောင်သူ ဦးမျိုးကို ကွင်းအမှတ်(၄၉၅) ဦးပိုင်အမှတ်(၃၆) ပိုင်ဆိုင်သော ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးပုလဲသွယ် တောင်သူနည်းပညာပေးစံကွက် ၁၀ ဧကကို နိုဝင်ဘာ ၅ ရက်နံနက်ပိုင်းက စံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်တင်ထွန်းက နည်းပညာပေးစံပြကွက်များ ပြုလုပ်ပြသရခြင်း၏ ရည်ရွယ်ချက်၊ သိပ္ပံနည်းကျ စိုက်ပျိုးပုံနည်းစနစ်အဆင့်ဆင့်တို့ကို ပြသပညာပေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထို့ပြင် အဆိုပါ စံကွက်ရိတ်သိမ်းပွဲ၌ ဦးစီးမှူးက စံကွက်ရိတ်သိမ်းပုံနှင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို တက်ရောက်လာကြသော မြို့နယ်အဆင့် ဌာနဆိုင်ရာများ ဒေသခံတောင်သူကြီးများစပါးပွဲစားများအား နည်းပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကပျှမ်းမျှအထွက် အစို ၂၀၆ ဒသမ ၃၃ တင်းထွက်ရှိပြီး စိုက်ပျိုးချိန် ၁၂၅ ရက်ကြာမြင့်ကြောင်း ယခု စပါးပေါက်ဈေးမှာ တစ်တင်းကျပ် ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အရှေ့ခြမ်းဒေသရှိကျေးရွာများတွင် ပုရစ်ကောက်ရောင်းချသူများပြား

**ကောလင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အရှေ့ခြမ်းဒေသရှိ ကျေးရွာများတွင် ဆောင်ဦးကာလရောက်ရှိလာသဖြင့် ပုရစ်များကျလာ၍ ကလေး၊ လူကြီးပါမကျန် ပုရစ်ကောက်ယူရောင်းချခြင်းကြောင့် ဝင်ငွေကောင်း၍ ယင်းလုပ်ငန်း လုပ်ကိုင်သူများ များပြားလာကြောင်း သိရသည်။

အဆိုပါ ပုရစ်ကောက်သူများသည် နှစ်စဉ်ပုရစ်များပေါ်များလာသည့်အချိန်တွင် ပုရစ်ရောင်းချသည့်ဈေးကွက်သို့ ရောင်းချနိုင်ရေးအတွက် မီးအလင်းရောင်ရရှိအောင် မီးစက်များငှားရမ်း၍ မီးစက်များမောင်းကာ စူးရှူပြီး အလင်းရောင်ကောင်းသည့် မီးလုံးများ တပ်ဆင်ပြီး ပလတ်စတစ်အဖြူကို ရုပ်ရှင်ပိတ်ကားထောင်သည့်သဏ္ဌာန်ဖြင့် တစ်ညလုံးမီးအလင်းပေးပြီး ညလုံးပေါက် စောင့်ကာ ကောက်ကြရကြောင်း ပုရစ်သည့်အဖွဲ့တစ်ဖွဲ့က ပြောသည်။

ပုရစ်ဈေးကွက်တွင် ပုရစ်ကျသည့်အပေါ် မူတည်၍ ဈေးနှုန်းအတက်အကျဖြင့် ရောင်းချရကာ ပုရစ်အကောင် ၁၀၀ လျှင် ကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချကြရပြီး အဆိုပါပုရစ်ရောင်းချသူများထံမှ ဖြန့်ဖြူးရောင်းချသူများသည် ကားများငှားရမ်း၍ ရွှေဘို၊ မုံရွာ၊ မန္တလေးဘက်သို့ သယ်ယူရောင်းချကြကြောင်း သိရသည်။

ပုရစ်ကောက်သူများသည် ပုရစ်ကျရာသီအချိန် နှစ်စဉ် ပုရစ်ကျရောက် ချိန်ကုန်းဆုံးသွားပါက အမြတ်အစွန်းရရှိမှုသည် ငွေကျပ်ငါးသိန်းမှ ကျပ် ၁၀ သိန်းခန့်ရရှိခြင်းကြောင့် ပုရစ်ကောက်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလုပ်လာကြောင်း သိရသည်။ **စိုင်းလူမင်း**

## ILBC ကျောင်းသား၆၀နှင့် ဆရာ၊ဆရာမများ ဩစတြေးလျနိုင်ငံသို့ ဒုတိယအကြိမ်မြောက် လေ့လာရေးထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၅**

ဩစတြေးလျနိုင်ငံ Education Queensland International နှင့် International Language & Business Centre (ILBC) တို့ ပူးပေါင်းစီစဉ်သည့် Australia Study Tour Program တွင် ILC ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီးမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀ နှင့် ဆရာ၊ ဆရာမ ၁၀ ဦးပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ ဩစတြေးလျနိုင်ငံသို့ ဒုတိယအကြိမ်မြောက် လေ့လာရေးခရီးထွက်ခွာခဲ့ကြောင်းသိရသည်။

အဆိုပါအဖွဲ့သည် Australia နိုင်ငံ Queensland ပြည်နယ် Brisbane မြို့ရှိ အထက်တန်းကျောင်းများဖြစ်သော Cleveland State High School နှင့် Gold Coast ရှိ Miami State High School နှင့် Plam Beach Curriumbin State High School တို့တွင် နှစ်ပတ်ကြာ တက်ရောက်ပညာသင်လေ့လာကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

**အားကစား**

# မုံရွာခရိုင်မြို့နယ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



**မုံရွာ နိုဝင်ဘာ ၅**

မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ နိုဝင်ဘာ ၃ ရက် ညနေ ၃နာရီတွင် ကျင်းပခဲ့သည်။ အဆိုပါပွဲစဉ်၌ ဗိုလ်လုပွဲအဖြစ် မုံရွာမြို့နယ်အသင်းနှင့် ချောင်းဦးမြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ချောင်းဦးမြို့နယ်အသင်းက သုံးပွဲတစ်ပွဲဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲကျင်းပရာတွင် ဒုတိယဆုရ မုံရွာမြို့နယ်အသင်းအား ဆုငွေကျပ် ၇၀၀၀၀ကို မုံရွာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လည်းကောင်း၊ ပထမဆုရ ချောင်းဦးမြို့နယ်အသင်းအား ဆုငွေကျပ်တစ်သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပခဲ့ပြီး မုံရွာခရိုင်အတွင်းရှိ ချောင်းဦး၊ မုံရွာ၊ အရာတော်နှင့် ဘုတလင်မြို့နယ်တို့မှ မြို့နယ်ကိုယ်စားပြုဘော်လီဘောအသင်း တစ်သင်းစီဖြင့် စုစုပေါင်း လေးသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မန်ယူကိုတောက်လျှောက်ဝေဖန်နေတဲ့ ပေါလ်စခိုးလ်အား လေးစားမှုမလျော့ဟု ကာရစ်ဆို

မန်ယူကွင်းလယ်ကစားသမားမိုက်ကယ်ကာရစ်က မန်ယူ၏ လက်ရှိကစားဟန်၊နည်းဗျူဟာပိုင်းနှင့် ပတ်သက်၍ တောက်လျှောက်ဝေဖန်မှုပြုနေသော ပေါလ်စခိုးလ်အပေါ် ယခုထိလေးစားမှုမလျော့ဘဲ ချစ်ခင်နှစ်သက်မြဲဖြစ်သည်ဟု ပြောကြားခဲ့သည်။ ပေါလ်စခိုးသည် မန်ယူကစားသမားဘဝတစ်လျှောက်တွင် လိဂ်ဖလား စုစုပေါင်း(၁၁)ကြိမ်အထိရရှိထားခဲ့ပြီး မန်ယူ၏ ထာဝရအကောင်းဆုံးကစားသမားတစ်ဦးအဖြစ်သတ်မှတ်ခံထားရသူဖြစ်သည်။ စခိုးလ်က ဗန်ဟားလ်၏ နည်းဗျူဟာချဉ်းကပ်မှုမှာ မန်ယူကစားသမားများနှင့် အံမဝင်ဘဲ ကစားသမားများအနေဖြင့်ခြေစွမ်းပိုင်းရုန်းကန်နေရခြင်းမှာ အင်္ဂလန်ကလပ်များနှင့်ရင်းနှီးမှုမရှိသော နည်းဗျူဟာကြောင့်ဖြစ်သည်ဟု ဝေဖန်ခဲ့သည်။

စခိုးလ်မှာ မန်ယူအသင်းကို ချစ်ခင်သည့်စိတ်ဖြင့် အပြုသဘောဆောင်ကာ ဝေဖန်ခြင်းဖြစ်သည့်အတွက် လက်ခံကြောင်း၊ ၎င်းမှာ စခိုးလ်နှင့် ခြောက်နှစ်တာအတူတွဲကစားလာခဲ့သူများဖြစ်သဖြင့် စခိုးလ်၏ စိတ်ဓာတ်ကို အသေအချာသိကြောင်း၊ နည်းဗျူဟာပိုင်းချမှတ်ထားသည့်အတိုင်း မကစားနိုင်လျှင် ဝေဖန်ခံရမည်ပင်ဖြစ်ကြောင်း၊ သို့သော် စခိုးလ်အပေါ်ထားရှိသည့် ၎င်း၏လေးစားမှုမှာမူမလျော့ကျသွားကြောင်း ကာရစ်က ဆိုခဲ့သည်။

**ရှိုင်ယန်ဟေဒင်**

# အီတလီ၏ချစ်ကြည်ရေးခြေစမ်းပွဲများကို လွဲချော်တော့မည့် ဗာရက်တီ



ရီးယဲလ်နှင့် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော အီတလီကွင်းလယ်ကစားသမား ဗာရက်တီမှာ အီတလီအသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲများကို လွဲချော်တော့မည်ဖြစ်သည်။ အသက်(၂၂)နှစ်အရွယ်ရှိ ဗာရက်တီမှာ ဒဏ်ရာရရှိခဲ့သဖြင့် ပွဲချိန်တစ်ဝက်တစ်ပျက်တွင် ကွင်းထဲမှ ထွက်ခဲ့ရပြီး ဓာတ်မှန်စစ်ဆေးချက်အရဘယ်ခြေချင်းဝတ် အရွတ်ကြောစုတ်ပြဲခဲ့ခြင်းဖြစ်သည်ဟု ပီအက်စ်ဂျီအသင်းက ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ဗာရက်တီအနေဖြင့် အနည်းဆုံးတစ်လခန့်အနားယူရတော့မည်ဖြစ်ရာ အီတလီလက်ရွေးစင်အသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲများဖြစ်သော နိုဝင်ဘာ ၁၃ ရက်တွင် ကစားမည့် ဘယ်လ်ဂျီယံနှင့်ပွဲစဉ်ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ယှဉ်ပြိုင်မည့် ရိုမေးနီးယားနှင့် ပွဲစဉ်ကိုလည်းကောင်း လွဲချော်တော့မည်ဖြစ်သည်။ ယင်းပွဲစဉ်များမှာ ယူရို ၂၀၁၆ ပြိုင်ပွဲဝင်မည့် အီတလီအတွက် အရေးကြီးသော စမ်းသပ်ပွဲစဉ်များဖြစ်ရာ အီတလီအသင်းအတွက် နစ်နာရကြောင်း နည်းပြကွန်တီကပြောကြားခဲ့သည်။

**ရှိုင်ယန်ဟေဒင်**


## လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီး ချန်ပီယံလိဂ်ဝင်ခွင့်မရမည်ကို စိုးရိမ်နေသည့် ဇိုလာ



ချယ်လ်ဆီး၏ ဂန္ထဝင်ကစားသမားဇိုလာက လာမည့် ဘောလုံးရာသီတွင် ချယ်လ်ဆီးအနေဖြင့် ချန်ပီယံလိဂ် ဝင်ခွင့်မရမည်ကို ၎င်းအနေဖြင့် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဇိုလာက ချယ်လ်ဆီး၏ လက်ရှိခြေစွမ်းဖြင့် ရာသီကုန်တွင် ထိပ်ဆုံးလေးသင်းဝင်ရောက်ရန်အလားအလာနည်းနေပြီဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

"ထိပ်ဆုံးလေးသင်းနဲ့ရာသီသိမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ ဘာလို့လဲဆိုရင်ရှေ့မှာရောက်နေတဲ့ အသင်းတွေက အများကြီးပါပဲ။ ဒါပေမယ့်အခုအခြေအနေထိက ဖြစ်နိုင်ပါသေးတယ်။ အခုဆို ချယ်လ်ဆီးရဲ့ ရလဒ်ဆိုးတွေကြောင့် သူတို့ပွဲတွေကို ကျွန်တော်စောင့်ကြည့်တိုင်းနာကျင်ရပါတယ်" ဟု ဇိုလာကပြောကြားခဲ့သည်။

## ရှုံးခဲ့သော်လည်း ရီးယဲလ်ထက် ဆယ်ဆလောက်ကောင်းခဲ့သည်ဟု ဒီမာရီယာဆို



ရီးယဲလ်ကစားသမားဟောင်း ဒီမာရီယာက ပီအက်စ်ဂျီအနေနဲ့ ရီးယဲလ်ကို ဘာနေဗျူးကွင်းမှာ တစ်ဂိုး - ဂိုးမရှိနဲ့ အရေးနိမ့်ခဲ့ပေမယ့်လည်း ခြေစွမ်းပိုင်းမှာ ပီအက်စ်ဂျီက ရီးယဲလ်ထက်ဆယ်ဆလောက် သာလွန်ကောင်းမွန်ခဲ့တယ်လို့ ဆိုလိုက်ပါတယ်။ ဒီပွဲစဉ်မှာ ဒီမာရီယာနဲ့ ရာဘီရော့တို့ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ခြေစွမ်းပိုင်းမှာ ပီအက်စ်ဂျီက တောင်သာခဲ့တဲ့ အနေအထားပါ။ ဒါပေမယ့်လည်း ရီးယဲလ်ဂိုးသမား ကီလာနာဗက်စ်နဲ့ ရီးယဲလ်နောက်တန်းကစားပုံကျစ်လျစ်ခဲ့တာကြောင့် ပီအက်စ်ဂျီအနေနဲ့ ဂိုးမသွင်းနိုင်ခဲ့တာပါ။

"ပီအက်စ်ဂျီရဲ့ ဒီရာသီမှာအကောင်းဆုံးပွဲကို ကျွန်တော်တို့ကစားခဲ့တာပါ။ တစ်ပွဲလုံးတောက်လျှောက် အကောင်းဆုံးကစားနိုင်ပြီး အမှားလေးတစ်ချက်ကြောင့် ကျွန်တော်တို့အသင်းရှုံးနိမ့်ခဲ့ရတာပါ။ တကယ်က ကျွန်တော်တို့အသင်းက ရီးယဲလ်ထက် ဆယ်ဆလောက်တောင် ပိုကောင်းခဲ့တာပါ" လို့ ဒီမာရီယာက ယူအီးအက်ဖ်အေ ဒေါ့ကွန်းသို့ ပြောခဲ့ပါတယ်။

**မေလှဲ့သင်း - ရေးသားသည်။**

# ဘာစီလိုနာရဲ့ တိုက်စစ်ပိုင်းမှာ အားထားရဆုံးဖြစ်လာတဲ့ နေမာနဲ့ ဆွာရက်ဇ်




စပိန်လာလီဂါရဲ့ ထိပ်တန်းအဆင့်ရှိ အသင်းကြီးတစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းကတော့ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းမှာ ဘိတ်ဘိုရီဆော့အသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးတဲ့နောက်မှာ ချန်ပီယံလိဂ်နောက်တစ်ဆင့် တက်လှမ်းဖို့ အခွင့်အရေးတစ်ရပ်ကို ပိုင်ဆိုင်သွားခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာအသင်းမှာ အကောင်းဆုံးခြေစွမ်းတွေ ပြသထားနိုင်ခဲ့တဲ့ တိုက်စစ်မှူး မက်ဆီဟာ ဒဏ်ရာပြဿနာရှိနေတာမို့ မပါဝင်နိုင်ခဲ့ပေမယ့် ဘရာဇီးတိုက်စစ်မှူးနေမာနဲ့ ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ်တို့ဟာ ဘာစီလိုနာအသင်းအတွက်တော့ အားအထားရဆုံး တိုက်စစ်မှူးတွေဖြစ်လာခဲ့ပါတယ်။

တိုက်စစ်မှူး မက်ဆီမပါဝင်နိုင်ခဲ့တဲ့ ဘာစီလိုနာအသင်းအတွက် အားကိုးရာမဲ့ဖြစ်နေပြီလို့ သုံးသပ်ချက်တချို့ ထွက်လာခဲ့ပါတယ်။ အဲဒီသုံးသပ်ချက်တွေကို တိုက်စစ်မှူးနေမာနဲ့ ဆွာရက်ဇ်တို့ဟာ သူတို့ရဲ့စွမ်းဆောင်ရည် ဘယ်လောက်ကောင်းတယ်ဆိုတာ ပြသခဲ့ကြပါတယ်။

တိုက်စစ်မှူးမက်ဆီဟာ အောက်တိုဘာ ၁၇ ရက်မှာ ဗယ်လက်ကာနိုနဲ့ ကစားခဲ့တဲ့ လာလီဂါပွဲစဉ်ကတည်းက ဘာစီလိုနာအသင်းနဲ့အတူ ဒဏ်ရာပြဿနာကြောင့် ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့ဘူး။ ဒါပေမယ့် မက်ဆီမပါလို့ ဘာစီလိုနာအတွက် ရရှိလာတဲ့ရလဒ်တွေဟာ ပြောင်းလဲသွားသလားဆိုရင် အဲဒီမှာ နေမာနဲ့ ဆွာရက်ဇ်တို့က သက်သေပြခဲ့တယ်လို့ ဆိုရမှာပါ။

မက်ဆီအနေနဲ့ ဘာစီလိုနာအသင်းနဲ့အတူ ပါဝင်ပွဲမထွက်နိုင်ခဲ့တဲ့ ပွဲစဉ်တွေကို ပြန်ကြည့်ရမယ်ဆိုရင် ချန်ပီယံလိဂ်သုံးပွဲ၊ လာလီဂါလေးပွဲ၊ စပိန်ဘုရင့်ဖလားတစ်ပွဲ စုစုပေါင်း ရှစ်ပွဲအထိ လက်ရှိအချိန်မှာ ပါဝင်ကစားနိုင်သေးခြင်းမရှိခဲ့ဘူး။ ဒါပေမယ့် အဲဒီရှစ်ပွဲမှာ ရရှိခဲ့တဲ့ ဘာစီလိုနာရဲ့ ရလဒ်ကိုပြန်ကြည့်မယ်ဆိုရင် ချန်ပီယံလိဂ်သုံးပွဲ ကစားခဲ့ရာမှာ လေဗာကူဆင်နဲ့ ကစားခဲ့တဲ့ပွဲစဉ်မှာ တစ်ဂိုးပေးလိုက်ရတာကလွဲရင် ကျန်တဲ့ပွဲတွေ ဂိုးမပေးခဲ့ရသလို အဲဒီသုံးပွဲမှာ သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့ခြေစွမ်းလည်းရှိခဲ့တယ်။

လာလီဂါမှာဆိုရင်လည်း ဆီဗီလာအိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာကလွဲရင် ကျန်တဲ့ပွဲစဉ်တွေမှာ ဘာစီလိုနာဂိုးပြတ်နိုင်ပွဲတွေရရှိထားခဲ့တဲ့အသင်း ဖြစ်တယ်။ ဒါပေမယ့် မက်ဆီပါဝင်လာနိုင်ခဲ့ခြင်း မရှိခဲ့တဲ့ ဘာစီလိုနာရဲ့ တိုက်စစ်ပိုင်းဟာ စပိန်ဘုရင့် ဖလားပွဲအဖြစ် ကစားခဲ့ရတဲ့ ဗီလာနိုဗီးစ်အသင်းနဲ့ ပွဲစဉ်မှာ သရေပွဲဖြစ်ခဲ့တာကလွဲရင် ဘာစီလိုနာအသင်းဟာ ပွဲစဉ် ရှစ်ခုမှာ သွင်းဂိုး ၁၈ ဂိုးအထိလည်း သွင်းယူနိုင်ခဲ့တယ်။

**ဘာစီလိုနာမှာ အကောင်းဆုံးခြေစွမ်းတွေ ပြသထားနိုင်ခဲ့တဲ့ တိုက်စစ်မှူး မက်ဆီဟာ ဒဏ်ရာပြဿနာရှိနေတာမို့ မပါဝင်နိုင်ခဲ့ပေမယ့် ဘရာဇီးတိုက်စစ်မှူးနေမာနဲ့ ဥရုဂွေး တိုက်စစ်မှူး ဆွာရက်ဇ်တို့ဟာ ဘာစီလိုနာအသင်းအတွက်တော့ အားအထားရဆုံး တိုက်စစ်မှူးတွေဖြစ်လာခဲ့ပါတယ် . . .**

မက်ဆီမပါနိုင်တဲ့ ဘာစီလိုနာအသင်းအတွက် တိုက်စစ်မှူးနေမာဟာ သွင်းဂိုး ရှစ်ဂိုးအထိ သွင်းထားနိုင်ခဲ့သလို တိုက်စစ်မှူးဆွာရက်ဇ်ကလည်း သွင်းဂိုး ခုနစ်ဂိုးအထိသွင်းယူထားနိုင်ခဲ့တယ်။ အဲဒီရှစ်ပွဲမှာရရှိလာခဲ့တဲ့ သွင်းဂိုး ၁၈ ဂိုးမှာ ကျန်တဲ့သုံးဂိုးက ရာကီတစ်က နှစ်ဂိုးနဲ့ ရောဘတ်တိုကတစ်ဂိုး သွင်းထားတယ်။ ဒါပေမယ့် ရာကီတစ်ကလည်း လက်ရှိဒဏ်ရာပြဿနာကြုံထားတယ်။ ဒါကြောင့် ကွင်းလယ်ပိုင်းမှာ အားထားရတဲ့ ရာကီတစ်ဟာ အယ်လ်ကလက်စီကိုပွဲစဉ်ရောက်မှသာ ကစားနိုင်မယ့်အနေအထားမှာရှိနေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် တိုက်စစ်မှူးမက်ဆီအနေနဲ့ ဘာစီလိုနာအသင်းနဲ့အတူ ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့ပေမယ့် တိုက်စစ်မှူးနေမာနဲ့ ဆွာရက်ဇ်တို့ဟာ ဘာစီလိုနာအသင်းကို ဦးဆောင်ကစားသွားနိုင်ခဲ့တဲ့ကစားသမားတွေလို့ အသိအမှတ်ပြုရတော့မယ်။ ဒါကြောင့် ဘာစီလိုနာအသင်းရဲ့ တိုက်စစ်ပိုင်းမှာ နေမာနဲ့ဆွာရက်ဇ်ဟာ အားထားရဆုံးဖြစ်လာတဲ့ တိုက်စစ်မှူးတွေအဖြစ် မြင်တွေ့လာရတာပဲဖြစ်တယ်။ လက်ရှိချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်သွားခဲ့ပြီဖြစ်သလို လာလီဂါမှာလည်း ပွဲစဉ်(၁၀)ပြီးတဲ့နောက်မှာ ရမှတ် ၂၄ မှတ်နဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရမှတ်တူဂိုးကွာခြားချက်နဲ့ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရပ်တည်နေတာကိုကြည့်ရင် နေမာနဲ့ ဆွာရက်ဇ်အတွဲဟာ ဘာစီလိုနာအတွက် ဘယ်လောက်အလုပ်ဖြစ်သလဲဆိုတာ သက်သေတစ်ခုလို့ ဆိုရမှာပါ။

**ငွေကြယ်**



## ဘိုင်ယန်အားရှုံးနိမ့်ပြီးနောက် ရှုံးထွက်အဆင့်သို့တက်ရောက်ရန် အာဆင်နယ်ခက်ခဲသွားပြီဟု ဝင်းဂါးဝန်ခံ

ချန်ပီယံလိဂ်ပွဲစဉ်(၄)၌ ဘိုင်ယန်အား ဂိုးပြတ်အရေးနိမ့်ခဲ့သော အာဆင်နယ်မှာ ချန်ပီယံလိဂ် ရှုံးထွက်အဆင့်သို့တက်ရောက်ရန် အခွင့်အရေးအနည်းငယ်သာရှိတော့ကြောင်း အာဆင်နယ်နည်းပြဝင်းဂါးက ဝန်ခံပြောကြားလိုက်သည်။ အာဆင်နယ်မှာ ဘိုင်ယန်အား ငါးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သဖြင့် အုပ်စု(F)၏ဇယားအောက်ဆုံးတွင် ရပ်တည်နေကာ ဦးဆောင်သူ ဘိုင်ယန်၊ အိုလံပီယာကော့စ်တို့နှင့် ခြောက်မှတ်အထိကွာဟခဲ့ပြီဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အနေဖြင့် အုပ်စုတက်ရေး မျှော်လင့်ချက်အတွက် အိုလံပီယာကော့စ်နှင့် ဒိုင်နမိုဇာဂရက်နှစ်သင်းစလုံးကို အနိုင်ရရှိရန်လိုအပ်နေသလို ဘိုင်ယန်အသင်းက အိုလံပီယာကော့စ်အသင်းကိုလည်း အနိုင်ကစားပေးရန်လိုအပ်နေသည်။

"ကျွန်တော်တို့အသင်းမှာ အခုထိနောက်တစ်ဆင့်တက်ဖို့အခွင့်ရေးက ရှိနေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့သဘောပေါက်ရမှာက အခွင့်အရေးက အနိမ့်ဆုံးအဆင့်ကိုရောက်ရှိသွားပါပြီ။ ဒါပေမယ့် နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်စိတ်အပြည့်နဲ့ ကျွန်တော်တို့ ယှဉ်ပြိုင်သွားရပါမယ်။ ဘိုင်ယန်က အိုလံပီယာကော့စ်ကို ကျွန်တော်တို့အသင်းအတွက် အနိုင်ကစားပေးမယ်လို့ စဉ်းစားကြည့်ရအောင်ပါ။ ဒါဆို မဖြစ်နိုင်ဘူးဆိုတဲ့အရာကို ဖြစ်အောင်ပြန်လုပ်ပြနိုင်ပါလိမ့်မယ်"ဟု အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

အာဆင်နယ်သည် အနိမ့်ဆုံးအဆင့်အနေဖြင့် ၁၃နှစ်ဆက်တိုက် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်သို့တက်ရောက်နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ကိုယ့်ကံကြမ္မာကိုယ်မဖန်တီးနိုင်သော အခြေအနေဆိုက်ရောက်နေကာ အိုလံပီယာကော့စ်နှင့် ဘိုင်ယန်တို့၏ ပွဲစဉ်ရလဒ်ကို ကြည့်ကာ နောက်တစ်ဆင့်တက်ရေးအတွက် မျှော်လင့်ချက်ကို ဆုပ်ကိုင်ရတော့မည်ဖြစ်သည်။

နည်းပြဝင်းဂါးက ဘိုင်ယန်အား ခံစစ်ဦးစားပေးကစားဟန်ဖြင့် ရင်ဆိုင်မည်မဟုတ်ကြောင်း ပွဲကြိုကတိပြုပြောကြားထားခဲ့သော်လည်း တကယ်တမ်းကစားသည့်အခါ ခံစစ်ချည်းသက်သက်ဖြင့် ကစားနေခဲ့ခြင်းကြောင့် တိုက်စစ်စွမ်းရည် မြင့်မားသည့် ဘိုင်ယန်၏ကစားကွက်အောက်လုံးဝကျရောက်ကာ ယခုလောက်အထိဂိုးပြတ်ခဲ့ရခြင်းဖြစ်သည်။

**မေလှဲ့သင်း**

## စီအက်စ်ကေအေကို အနိုင်ရရှိသည့်ပွဲစဉ်ကအတိုင်း အထိုင်ချကစားရန် ဗန်ဟားလ်အား ရှုဝိန်းစတိုင်ဂါတိုက်တွန်း

မန်ယူနည်းပြ ဗန်ဟားလ်အနေဖြင့် စီအက်စ်ကေအေအားအနိုင်ယူနိုင်ခဲ့သည့် မန်ယူအတွက် ပွဲစဉ်၌ အသုံးပြုခဲ့သည် ကစားကွက်အတိုင်း တစ်ရာသီလုံး တောက်လျှောက်အထိုင်ချကာ ကစားရန် မန်ယူကွင်းလယ်ကစားသမား ရှုဝိန်းစတိုင်ဂါက တိုက်တွန်းပြောကြားလိုက်သည်။ မန်ယူသည် အဆိုပါပွဲစဉ်၌ ဝိန်းရွန်းနီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့်သာ အနိုင်ယူနိုင်ခဲ့သော်လည်း ရှုဝိန်းစတိုင်ဂါကမူ ယင်းကစားကွက်မှာ မန်ယူနှင့် အသင့်လျော်ဆုံးကစားကွက်ဟု သူ၏ထင်မြင်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူသည် လက်ရှိတွင် ဂိုးဖန်တီးမှုအပိုင်းနှင့် ဂိုးသွင်းစွမ်းရည်တို့ကျဆင်းနေသဖြင့် ဝေဖန်မှုများတောက်လျှောက်ကြုံတွေ့နေရသည်။ သို့သော်မန်ယူ၏ တိုက်စစ်ကို ဦးဆောင်နေသော ဝိန်းရွန်းနီမှာ အဆိုပါပွဲတွင် ဂိုးပေါက်ပြန်တွေ့ခဲ့ပြီး ဝေဖန်မှုများကိုခေတ္တနှုတ်ဆိတ်သွားစေခဲ့သည်။

**မေလှဲ့သင်း**

### နိုဝင်ဘာ ၅ ရက် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | ၃ | - | ၀ | ဘိုရီဆော့ဗ် |
| ရိုးမား | ၃ | - | ၂ | လေဗာကူဆင် |
| ဘိုင်ယန်မြူးနစ် | ၅ | - | ၁ | အာဆင်နယ် |
| အိုလံပီယာကို့စ် | ၂ | - | ၁ | ဒိုင်နာမိုဇာဂရက် |
| မက္ကာဘီ | ၁ | - | ၃ | ပေါ်တို |
| ချယ်လ်ဆီး | ၂ | - | ၁ | ဒိုင်နမိုကိဗ် |
| လိုင်ယွန် | ၀ | - | ၂ | ဇင်းနစ် |
| ဂျန့် | ၁ | - | ၀ | ဗလန်စီယာ |

**မောင်မောင်ဇော်**

## ပရိသတ်များရဲ့ထောက်ခံမှုကြောင့် အံ့သြပျော်ရွှင်ခဲ့ရတဲ့မော်ရင်ဟို



ချယ်လ်ဆီးက ဒိုင်နမိုကိဗ်ကို အနိုင်ရရှိခဲ့တဲ့ချန်ပီယံလိဂ်ပွဲစဉ်မှာ ပရိသတ်တွေက နည်းပြမော်ရင်ဟိုရဲ့ နာမည်ကို အော်ကာအားပေးခဲ့တဲ့အတွက် သူ့အနေနဲ့ တကယ့်ကို စိတ်လှုပ်ရှားပြီး အံ့သြပျော်ရွှင်ခဲ့ရတယ်လို့ မော်ရင်ဟိုက ဖွင့်ဟခဲ့ပါတယ်။ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးက ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၁၅)နေရာရောက်ရှိနေပြီး ရှုံးပွဲဆက်အနေအထားတွေကြောင့် မော်ရင်ဟိုရဲ့လားရာကို မီဒီယာတွေက ခန့်မှန်းချက်အမျိုးမျိုးထုတ်ကာ ရေးသားနေကြပါတယ်။ ဒါပေမယ့်လည်း အသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်က အခုထိ ထုတ်ပယ်မယ်ဆိုတဲ့ စကားရိပ်မသမ်းသေးသလို ပရိသတ်တွေကလည်း မော်ရင်ဟိုကို သူတို့အနေနဲ့ ဘယ်လောက်အထိအားထားတယ်ဆိုတာ ဆိုင်းဘုတ်တွေထောင်ပြီး ပြကြသလို၊ ဒိုင်နမိုကိဗ်နဲ့ ပွဲစဉ်တစ်လျှောက်လုံးမှာ မော်ရင်ဟိုရဲ့အမည်ကိုခေါ်ကာ အားပေးခဲ့ကြတာကြောင့် မော်ရင်ဟိုက ပရိသတ်တွေကို သူ့အနေနဲ့တကယ့်ကိုကျေးဇူးတင်ရပါတယ်လို့ ပွဲအပြီးမှာပြောခဲ့ပါတယ်။

"သူတို့(ပရိသတ်)တွေ အခုလိုအားပေးထောက်ခံတာသိရလို့ ကျွန်တော့်အနေနဲ့ သူတို့ကို ကျေးဇူးတင်တယ်ဆိုတာ ဘယ်လိုစကားလုံးနဲ့တောင် ပြောရမှန်းမသိတော့ပါဘူး။ ကျွန်တော် ချယ်လ်ဆီးကို ၂၀၁၃မှာပြန်ရောက်ပြီး ဟားလ်စီးတီးနဲ့ပွဲကို ပွဲဦးထွက်ကိုင်တွယ်ခွင့်ရတဲ့အချိန်မှာ သူတို့က အကြီးအကျယ်အားပေးကြတာ ကျွန်တော် အံ့အားသင့်ခဲ့ရတယ်။ ဒါပေမယ့် အဲဒီတုန်းက ထောက်ခံမှုကို အခုတစ်ကြိမ်နဲ့တော့ နှိုင်းယှဉ်လို့မရပါဘူး။ ကျွန်တော်အံ့သြဝမ်းသာမှုနဲ့အတူ တကယ့်ကိုစိတ်လှုပ်ရှားရတဲ့ အခိုက်အတန့်ကို ပိုင်ဆိုင်ခဲ့တာပါ"လို့ မော်ရင်ဟိုက ဆိုခဲ့ပါတယ်။

ဒီပွဲမှာ ချယ်လ်ဆီးက ပွဲချိန် ၃၄ မိနစ်မှာ ဒိုင်နမိုကိဗ်နောက်ခံလူ ဒရာကိုဗစ်ချ်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ပွဲချိန် ၇၇ မိနစ်မှာ ဒရာကိုဗစ်ချ်ကပဲ ချေပဂိုးပြန်လည်သွင်းယူခဲ့တာကြောင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်နေခဲ့ပါတယ်။ ပွဲချိန် ၈၃ မိနစ်အရောက်မှာတော့ ချယ်လ်ဆီးတိုက်စစ်မှူး ဝီလီယံက ပွဲသိမ်းအနိုင်ဂိုးသွင်းယူပေးခဲ့တာကြောင့် ချယ်လ်ဆီးအနေနဲ့ အရှုံးသံသရာထဲက ခဏတာရုန်းထွက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြမော်ရင်ဟိုကို ခေါ်ယူဖို့ ပြင်သစ်ပထမတန်းကလပ် မိုနာကိုအသင်းယူရှိသန်း ၅၀ နဲ့ ကမ်းလှမ်းမှုကို အသင်းပိုင်ရှင် ရိုမန်အေဗရာမိုဗစ်ချ်က ငြင်းပယ်ခဲ့တာကြောင့် မော်ရင်ဟိုနဲ့ ချယ်လ်ဆီးအနာဂတ်ကို ပရိသတ်တွေဆက်လက်မြင်တွေ့ရဖို့ရှိပါတယ်။

**ရှိုင်းယန်ဟေဒင်**

## ရိုးမားနဲ့ လာဇီယိုထိပ်တိုက်အဆုံနဲ့ ရင်ခုန်ရမယ့် စီးရီးအေပွဲစဉ် – ၁၂

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် (၁၁) မှာတော့ အမှတ်ပေးဇယားထိပ်ဆုံးက ရိုးမားဟာ အင်တာမီလန်ကို ရှုံးနိမ့်ပြီး ဦးဆောင်သူနေရာကို လက်လွှတ်ခဲ့ရတယ်။ ဒီတစ်ပတ် နိုဝင်ဘာ ၇၊ ၈၊ ၉ နေ့တွေမှာ ကစားမယ့် ပွဲစဉ် (၁၂) မှာလည်း ရိုးမားဟာ လာဇီယိုနဲ့ဆုံနေလို့ နိုင်ပွဲပြန်ရပါမလားဆိုတာကို စောင့်ကြည့်ရဖို့ရှိနေတယ်။**

**ရှိုင်းမင်းမင်း**



**ဗီရိုနာ - ဘိုလော့နာ ည-၁၁း၃၀ (၇-၁၁-၁၅)**

ဘိုလော့နာခြေစွမ်းက တည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ထိုးစစ်ပိုင်းကအဆုံးသတ်သေချာမှု လုံးဝမရှိတာကို တွေ့ရတယ်။ ဒါပေမယ့် ဗီရိုနာကလည်း ဘိုလော့နာထက်တောင် ခြေပိုပျက်ယွင်းနေတဲ့အတွက် ဘိုလော့နာတို့ အခွင့်အရေးရနိုင်ပါတယ်။

**အေစီမီလန် - အတ္တလန္တာ နံနက်-၂း၁၅ (၈-၁၁-၁၅)**

အတ္တလန္တာက လက်ရှိခြေစွမ်းပိုင်းမဆိုးပါဘူး။ ဒါပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ ခြေစွမ်းတည်ငြိမ်မှုအားနည်းတတ်ပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေသိသိသာသာကျဆင်းတတ်တာကို တွေ့ရပါတယ်။ ဒါကြောင့် အခုနောက်ပိုင်း ကစားပုံမဆိုးတဲ့အပြင် အိမ်ကွင်းလည်းဖြစ်တဲ့ အေစီမီလန်ပဲ အနိုင်ရမှာပါ။

**တိုရီနို - အင်တာမီလန် ည ၆း၀၀ (၈-၁၁-၁၅)**

အင်တာမီလန်က တိုက်စစ်ပိုင်းဂိုးသွင်းခြေမတည်ငြိမ်ဘူးဆိုပေမယ့် အသင်းလိုက်ကစားပုံကောင်းသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိနေပါတယ်။ တိုရီနိုကလည်း ကစားပုံမဆိုးတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းပွဲစဉ်တွေမှာ ရှုံးပွဲမကြုံသေးတဲ့အထိ ကစားပုံကောင်းတတ်ပါတယ်။ သွင်းဂိုးနည်းပြီး သရေကျမယ်။

**အမ်ပိုလီ - ဂျူဗင်တပ် ည ၈း၃၀ (၈-၁၁-၁၅)**

ဂျူဗင်တပ်ဟာ ကြားပွဲစဉ်မှာ ဆာစူအိုလိုကို ရှုံးနိမ့်ခဲ့ရတာကလွဲလို့ နောက်ဆုံးပွဲစဉ်မှာ တိုရီနိုကို အနိုင်ယူခဲ့မှုနဲ့အတူ ခြေစွမ်းပိုင်းပြန်လည်တည်ငြိမ်လာတာ တွေ့ရပါတယ်။ အမ်ပိုလီကတော့ အခုနောက်ပိုင်း ကစားပုံမဆိုးသလို အိမ်ကွင်းအားရှိပေမယ့် အဆုံးသတ်မသေချာပါဘူး။ ဂျူဗင်တပ်သာနိုင်ပွဲထပ်ရမှာပါ။

**ဖရိုစီနိုနီ - ဂျီနိုအာ ည ၈း၃၀ (၈-၁၁-၁၅)**

ဖရိုစီနိုနီရဲ့ ခြေစွမ်းပိုင်းက အနည်းငယ်တည်ငြိမ်လာတယ်လို့ဆိုနိုင်တယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ဖရိုစီနိုနီဟာ အမှတ်ရအောင်ကစားနိုင်ပြီး အိမ်ကွင်းနောက်ဆုံး သုံးပွဲဆက်အနိုင်ရခဲ့တယ်။ ဂျီနိုအာကတော့ ခြေစွမ်းသာမန်သာရှိသလို အဝေးကွင်းနိုင်ပွဲမရှိသေးဘူး။

**ပါလာမို - ချီယေဗို ည ၈း၃၀ (၈-၁၁-၁၅)**

ပါလာမိုက ခြေစွမ်းသာမန်သာရှိတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ဂိုးပေးရမှုတွေ ဆက်တိုက်နီးပါးဖြစ်နေတယ်။ ဒါပေမယ့် ချီယေဗိုကလည်း ခြေပျက်ယွင်းနေပြီး အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ခံစစ်ပိုင်းအားပိုနည်းကာ တစ်ပွဲသာနိုင်သေးတယ်။ ခြေစွမ်းပိုင်းထင်သလောက်မကွာပေမယ့် အိမ်ရှင်ဖြစ်တဲ့ ပါလာမိုကပ်နိုင်မယ်။

**ရိုးမား - လာဇီယို ည ၈း၃၀(၈-၁၁-၁၅)**

ရိုးမားကနိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ရိုးမားအနေနဲ့ နောက်ဆုံးပွဲစဉ်မှာ အင်တာကိုရှုံးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းမှာဆိုရင် ခံစစ်ကစားပုံကျစ်လျစ်ကာရှုံးပွဲလည်း မရှိသေးဘူး။ လာဇီယိုကတော့ ခြေမဆိုးပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ တစ်ပွဲသာနိုင်တဲ့အထိ ခြေကျဆင်းတတ်ပါတယ်။ ရိုးမားတို့နိုင်ပွဲပြန်ပြီး ရသွားမှာပါ။

**ဆာစူအိုလို - ကာပီ ည ၈း၃၀(၈-၁၁-၁၅)**

ဆာစူအိုလိုခြေစွမ်းပိုင်းမဆိုးဘူး။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းကာ ဂျူဗင်တပ်ကိုတောင် အနိုင်ရခဲ့ပြီး ရှုံးပွဲလည်းမရှိသေးဘူး။ ကာပီကတော့ အစစအရာရာအားနည်းမှုရှိတဲ့ အသင်းဖြစ်တာကြောင့် ဆာစူအိုလိုကို တုံ့ပြန်နိုင်ဖို့ ခက်ပါလိမ့်မယ်။ အိမ်ကွင်းမှာ ဆာစူအိုလိုပဲနိုင်ပွဲရမှာပါ။

**နာပိုလီ - အူဒီးနီးစ် ည-၁၁း၃၀ (၈-၁၁-၁၅)**

နာပိုလီဟာ ခုနောက်ပိုင်းမှာ ကစားပုံကောင်းမွန်မှုရှိလာပါတယ်။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံပိုကောင်းတတ်ပြီး အိမ်ကွင်းငါးပွဲမှာ ရှုံးပွဲမရှိ လေးပွဲအနိုင်ရထားပါတယ်။ ဒါကြောင့် နာပိုလီရဲ့အိမ်ကွင်းခြေကို အူဒီးနီးစ်တို့ ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ဆိုတာ မလွယ်ကူနိုင်ပါဘူး။ နာပိုလီပဲအိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

**ဆမ်ဒိုးရီးယား - ဖီအိုရင်တီးနား နံနက် ၂း၁၅(၉-၁၁-၁၅)**

ဆမ်ဒိုးရီးယားက ခြေစွမ်းပိုင်းထင်သလောက် မတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းကစားပုံကောင်းပါတယ်။ အိမ်ကွင်းခြောက်ပွဲမှာ အရှုံးမရှိ၊ လေးပွဲအနိုင်ကစားထားနိုင်သလို ခံစစ်ပိုင်းကလည်း ပိုမိုကျစ်လျစ်တတ်ပါတယ်။ ဒါကြောင့် ဆမ်ဒိုးရီးယားကို ဖီအိုရင်တီးနားတို့ လွယ်လွယ်အသာမရနိုင်ပါဘူး။ ဖီအိုရင်တီးနားသရေထက် မပိုနိုင်ဘူးလို့ ယူဆမိတယ်။

❑❑❑

# “သူ့အပေါ်အချစ်တွေက ဘယ်တော့မှ ရပ်သွားမှာ မဟုတ်ပါဘူး” ဂျက်စတင်ဘီဘာ






ကနေဒါလူမျိုးပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက သူ့ရဲ့ တေးအယ်လ်ဘမ်သစ် “Purpose”မှာ ပါဝင်တဲ့ အချစ်သီချင်းအချို့ဟာ သူ့ရဲ့အချစ်ဟောင်းဆယ်လီနာဂိုမက်ဇ်ကို ရည်ရွယ်ရေးသားခဲ့တာဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။ ဒါ့အပြင်သူက ဆယ်လီနာအပေါ်မှာထားရှိခဲ့တဲ့သူ့ရဲ့အချစ်ဟာ ပထမဦးဆုံးနဲ့ အစစ်မှန်ဆုံးသော ချစ်မေတ္တာလည်း ဖြစ်တယ်လို့ ဆိုပါတယ်။

ယင်းတေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်း ၁၃ ပုဒ်အနက် သုံးပုဒ်ဟာ ဆယ်လီနာနဲ့သူ့ရဲ့အချစ်ကို ပြန်လည်ခံစားရေးဖွဲ့ခဲ့တာဖြစ်ပြီး ဆယ်လီနာအပေါ်မှာထားရှိတဲ့သူ့ရဲ့အချစ်တွေက ဘယ်တော့မှ ရပ်သွားမှာ မဟုတ်ပါဘူးလို့ မကြာသေးမီက ပြုလုပ်ခဲ့တဲ့အင်တာဗျူးတစ်ခုမှာ ဂျက်စတင်ဘီဘာက ပြောကြားခဲ့ပါတယ်။

ဆယ်လီနာဂိုမက်ဇ်နဲ့ ဂျက်စတင်ဘီဘာတို့နှစ်ဦးဟာ ၂၀၁၀ခုနှစ်ကတည်းက လမ်းခွဲလိုက်၊ ပြန်တွဲလိုက်နဲ့ အချစ်ခရီးစတင်ခဲ့ကြတာပါ။ ၂၀၁၄ခုနှစ်မှာတော့ အပြီးသတ်လမ်းခွဲခဲ့ကြပါတယ်။ ဒါပေမယ့် ဂျက်စတင်ကတော့ သူ့အတွက် ဒီအချစ်ဇာတ်လမ်းဟာ အပြီးသတ်သွားတာမျိုးမဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုအဖြစ် သူတို့နှစ်ဦး ကွဲကွာနေကြတာပဲဖြစ်တယ်လို့ သူ့ဘက်က ယူဆကြောင်း ဖွင့်ဟခဲ့ပါတယ်။



## ကလေးများဖတ်ဖို့စာအုပ်သစ်တစ်အုပ်ကို ရေးနေတဲ့ ဂျေကေရိုးလင်း

ကမ္ဘာကျော် ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများအတွက် “Harry Potter and the Philosopher's Stone”ဝတ္ထုကိုရေးသားခဲ့သော စာရေးဆရာမဂျေကေရိုးလင်းသည် လတ်တလောတွင် ဟယ်ရီပေါ်တာဝတ္ထုကဲ့သို့ ကလေးများအတွက် ရည်ရွယ်ရေးသားသည့် ဝတ္ထုစာအုပ်သစ်တစ်အုပ်ကို ရေးသားလျက်ရှိကြောင်း ဘက်ဇ်ဖိဒ် ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် အင်္ဂါနေ့က ဘီဘီစီရေဒီယို(၂)နှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတွင် ဂျေကေရိုးလင်းက လတ်တလောတွင် ကလေးများဖတ်ရန် စာအုပ်သစ်တစ်အုပ်ကို ရေးသားလျက်ရှိကြောင်းနှင့် ယင်းစာအုပ်မှာ ပြီးလုနီးပါးရှိနေပြီဖြစ်ကြောင်း သတင်းကောင်းပါးခဲ့သည်။

အဆိုပါအင်တာဗျူးတွင် သူက “ကျွန်မအနေနဲ့ပရိသတ်တွေကို စာအုပ်ထွက်ရှိမယ့်နေ့ကို အတိအကျ မပြောနိုင်သေးပါဘူး။ လတ်တလောမှာ အလုပ်တွေကလည်းများနေလို့ပါ။ Fantastic Beasts and Where to Find Themရုပ်ရှင်အတွက် ဇာတ်ညွှန်းလည်းရေးနေပါတယ်။ ကျွန်မဝတ္ထုသစ်တွေလည်း ရေးထားတယ်။ ရှေ့ဆက်ရေးဖို့ စိတ်ကူးသစ်တွေလည်း အများကြီးကျန်နေသေးတယ်။ တစ်ခါတလေစိတ်ကူးတွေအကုန်လုံးကို စာအုပ်တွေအဖြစ် အကောင်အထည်မဖော်နိုင်ခင်သေသွားမှာကိုတောင် စိုးရိမ်မိတယ်။ အဲဒီလို စိုးရိမ်စိတ်ကို ကျွန်မသက်လတ်ပိုင်းလောက်ကတည်းက စတင်ခံစားခဲ့ရတာ”ဟု ဆိုခဲ့သည်။ ထို့ပြင်သူက စာရေးသားခြင်းအလုပ်ကို သေဆုံးသည်အထိ စွန့်လွှတ်သွားလိမ့်မည်မဟုတ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဂျေကေရိုးလင်းသည် ကလေးများဖတ်ရန်စာအုပ်များသာမက အရွယ်ရောက်ပြီးသူများအတွက် ရည်ရွယ်ရေးသားသည့် ဝတ္ထုများပါ ထွက်ရှိခဲ့ပြီးဖြစ်သော်လည်း ကလေးများအတွက် ရေးသားသည့် စာအုပ်များက ပို၍ အောင်မြင်ခဲ့သည်။ သူသည် ကလေးများအသည်းစွဲဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် ဟယ်ရီပေါ်တာရုပ်ရှင်များ၏ဝတ္ထု “Harry Potter and the Philosopher's Stone”ဖြင့် စတင်အောင်မြင်လာခဲ့ပြီး ယင်းဝတ္ထုစာအုပ်သည် ကမ္ဘာ့ရောင်းအားအကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့သည်။ ယနေ့အထိသူ၏ထွက်ရှိပြီးသော ဝတ္ထုစာအုပ် ခုနစ်အုပ်ရှိပြီဖြစ်ကာ ယင်းဝတ္ထုများကို ရုပ်ရှင်ကားပေါင်းရှစ်ကားအဖြစ် အသက်သွင်းခဲ့ပြီးဖြစ်သည်။

## မိတ်ကပ်မလိမ်းဘဲ မျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးခဲ့တဲ့ အဒဲလ်




ဗြိတိန်ပေါ့ပ်အဆိုတော် တစ်ဦးဖြစ်သော ဂရန်မီဆုများရှင် အဒဲလ်သည် “Rolling Stone” မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံရိုက်ကူးခဲ့ရာတွင် မိတ်ကပ်လိမ်းခြယ်ခြင်းမရှိ ပကတိအလှတရားဖြင့်သာ ရိုက်ကူးခဲ့ကြောင်း ယူအက်စ်ဝိခ်ကလီးဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းသို့ မိတ်ကပ်မလိမ်းခြယ်ဘဲ မျက်နှာဖုံး ဓာတ်ပုံရိုက်ကူးရခြင်းမှာ အဆိုပါ မဂ္ဂဇင်းတွင်ပါဝင်သည့် အဒဲလ်၏အင်တာဗျူးကြောင့်ဖြစ်သည်။

“A Private Life” ခေါင်းစဉ်ဖြင့် ဖော်ပြမည့် ယင်းမဂ္ဂဇင်းအင်တာဗျူးတွင် အဒဲလ်၏ ကိုယ်ပိုင်ဘဝ၊ သူ၏အတူနေချစ်သူ စိုင်မွန်ကိုနက်ကီနှင့် သုံးနှစ်အရွယ်သားလေး အန်ဂျလိုတို့နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဖတ်ရှုကြရမည်ဖြစ်သည်။ ထို့ပြင်သူ၏ ကျော်ကြားမှုအပေါ် အမြင်နှင့် အားကစားရုံသို့သွားကာ လေ့ကျင့်ခန်းပြုလုပ်ခြင်းများကိုလည်း မေးမြန်းဖော်ပြထားသည်။

အေးပြည့် ရေးသားသည်

## ယွန်းနကိုတစ်ခဲနက်အားပေးခဲ့တဲ့ ထိုင်ဝမ်ပရိသတ်



တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ “Girls' Generation's”မှ အဖွဲ့ဝင်ယွန်းနသည် သူ၏အောင်မြင်မှုကို တောင်ကိုရီးယားတွင်သာမက ထိုင်ဝမ်တွင်ပါ ပြသနိုင်ခဲ့သည်။

ပြီးခဲ့သည့် လကုန်ပိုင်းက ထိုင်ဝမ်သို့ ဖျော်ဖြေပွဲတစ်ခု၏ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ရောက်ရှိခဲ့သောသူ့အား ထိုင်ဝမ်ပရိသတ်က လမ်းများအပြည့် စောင့်ကြိုအားပေးခဲ့ကာ ထိုင်ဝမ်ပရိသတ် ၁၅၀၀ ကျော်ကလည်း ယွန်းနတည်းခိုရာ ဟိုတယ်ရှေ့တွင် သူဟိုတယ်မှ ထွက်ခွာမည့်အချိန်ကို စောင့်ဆိုင်းနေခဲ့သည်။

ယွန်းနက ဟိုတယ်ရှေ့တွင် သူ့အားစောင့်ဆိုင်းနေသော ပရိသတ်များနှင့် ဓာတ်ပုံရိုက်ကူးကာ ယင်းဓာတ်ပုံကို သူ၏ အင်စတာဂရမ်စာမျက်နှာမှတစ်ဆင့် ဖော်ပြခဲ့သည်။ အဆိုပါဓာတ်ပုံနှင့်အတူ ထိုင်ဝမ်ပရိသတ်အား ကျေးဇူးတင်ကြောင်းနှင့် နောက်တစ်ကြိမ် ထပ်မံတွေ့ဆုံလိုကြောင်းလည်း သူက ရေးသားဖော်ပြခဲ့သည်။

လတ်တလောတွင် ယွန်းနသည်သီးခြားအနုပညာလှုပ်ရှားမှုများကို ရပ်နားထားကာ လာမည့် ဒီဇင်ဘာ ၂၁နှင့် ၂၂ ရက်တို့တွင် ဆိုးလ်ရှိ အိုလံပစ်ပန်းခြံဘောလုံးကွင်းတွင် အဖွဲ့လိုက်ဖျော်ဖြေတင်ဆက်မှုပြုလုပ်သွားရန်စီစဉ်ထားသည်။

## ရုပ်မြင်သံကြားအစီအစဉ်များ [၆ - ၁၁ -၂၀၁၅ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာဂီတရိပ်သာ (အသစ်စက်စက်. . . အသစ်စက် စက်စန္ဒရားလက်ရည်တက်ကလေး များ) |
| ၆း၃၀ | “အမျိုးသားရေးတာဝန်ကျေပွန်ဖို့ ဆန္ဒမဲ တွေပေးကြစို့” |
| ၆း၄၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ကောင်းကျိုးကိုယ်၌တည်စေမင်း” |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မြစိမ်းရောင်သံစဉ်”(အပိုင်း-၁၈) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၃၀) |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၅ | “ရှေ့တန်းတိုက်စစ်” |
| ၉း၁၅ | ABU Radio Song Festival |
| ၉း၃၀ | “ထာဝရမိတ်ဆွေဖြစ်ပါစေ” |
| ၁၀း၁၀ | ရောင်စုံရေးသီတေးပန်းချီ |
| ၁၀း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း “တက်ကြွတဲ့ကြက်ဖ” (ကျော်ရဲအောင်၊ မောင်၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ) (ဒါရိုက်တာ- ညီညီထွန်းလွင်) |

တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၅ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၁၀ | စိုက်ပျိုးသုတ |
| ၈း၂၅ | *DVD Hits* |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၉း၂၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၄၀ | ဇာတ်လမ်းတို |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၀ | လည်မယ် . . . စားမယ်ကမ္ဘာ တစ်ခွင်ဝယ် |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | “ရွာ” ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၂၅) ဒါရိုက်တာ မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း (အပိုင်း-၃၂) - VOA အင်္ဂလိပ်စာ သင်ခန်းစာ - သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - Lucky Door |

### mitv

| | |
|---|---|
| 07:26 | Dawei -Tavoy, Travel To The Southern Part Of Myanmar |
| 07:44 | Image Of The Monks |
| 08:26 | Mogok: The Colourful Land of Rubies |
| 08:40 | Myanmar General Election 2015 (Ambassador of Thailand) |
| 08:42 | Strolling Along A Memory Link - U Pein Bridge |
| 09:26 | The Eel Business (Fisherman the eel culture) |
| 09:41 | Myanmar General Election 2015 (Ambassador of China) |
| 09:48 | A Tea Business: Pankwan (Part-2) |
| 10:03 | News |
| 10:26 | Life of Sea Urchin Diver |
| 10:39 | Paper Products... Plain but Pretty |
| 07:26 | Rakhine Tourist Area |
| 08:26 | Sai Htee Hseng Or An Exceptional Music Star From Shan Plateaus (Ep-4 |

# ရေနံမှော်အနီး ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေသူနှစ်ဦးအား ဖမ်းဆီးရမိ

**သရက် နိုဝင်ဘာ ၅**

သရက်ခရိုင် မင်းလှမြို့နယ်ရှိ ငနောင်မုန်းရေနံမှော်အနီး ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ လက်ဝယ်ထားရောင်းချနေသူနှစ်ဦးအား နိုဝင်ဘာ ၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သရက်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီခွဲက ရေနံမနယ်မြေရဲစခန်းမှ ရဲအုပ်ရွှေဝင်းမောင်ဦးစီးအဖွဲ့သည် သတင်းအရ မင်းလှမြို့နယ် ကန်တုတ်-စစ္စနို့ကားလမ်း မိုင်တိုင်အမှတ်(၁၆/၇) အနီးတွင်စောင့်ဆိုင်းနေစဉ် ကန်တုတ်ဘက်မှ ဝင်းမောင် (၅၃)နှစ် နဂါးအိုင်ကျေးရွာ မင်းလှမြို့နယ်နေသူ မောင်းနှင်လာသည့် စူပါအမ်ဘို 125 အနက်ရောင်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းမည်း ၄ ဒသမ ၂၂ ဂရမ်နှင့် ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ယင်းဘိန်းမဲများအား ကန်တုတ်-စစ္စနို့ကားလမ်းဘေး ငနောင်မုန်းရေနံမှော်အနီးနေ ရှောက်စမ်း(ခေါ်) ဝင်းနိုင် (၄၂)နှစ် ဈေးရောင်း ငနောင်မုန်းရေနံမှော် မင်းလှမြို့နယ်နေသူထံမှ ဝယ်ယူလာခြင်းဖြစ်ကြောင်းသိရ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရဲအုပ်ရွှေဝင်းမောင်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ငနောင်မုန်းရေနံမှော်အနီးရှိ ရှောက်စမ်း(ခ)ဝင်းနိုင်၏ဈေးဆိုင်အတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ ဈေးဆိုင်မီးဖိုချောင်အတွင်းမှ (၈၈)စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ရှစ်ပြားနှင့် ပန်းရောင်စိတ်ကြွဆေးပြား ၁၀၂ ပြား(အလေးချိန် ၁၁ ဂရမ်)၊ အစိမ်းရောင်ရေခရား အတွင်းမှငွေကျပ် ၁၉၃၀၀၀၀၊ ဘိန်းရှူတံဝါးပြောင်း ခြောက်ခု၊ **Benalix** တံဆိပ်ပါ တရုတ်နိုင်ငံထုတ်ချောင်းဆိုးပျောက်ဆေးရည်ကိုးဘူးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ဝင်းမောင်နှင့် ရှောက်စမ်း(ခ) ဝင်းနိုင်တို့နှစ်ဦးအား မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်း လဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကျော်ဇေယျ)**

■



ကျော်နိုင်ထွန်းနှင့် ထက်အောင်(ခ)ရာဂျစ်(ခ)မော်ဂယ်တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# ရွှေ့ယာဉ်အားကျော်တက်စဉ် ချိတ်မိတိမ်းမှောက်၍ ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အဖောင်းချောင်းကူးတံတားအနီး ဖျာပုံ-ကျုံကဒွန်းကားလမ်း မိုင်တိုင်အမှတ် (၅/၅-၆)ကြားတွင် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီက ယာဉ်နှစ်စီးချိတ်မိ၍ တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျုံကဒွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ သမိန်တောကုန်းတန်းကျေးရွာနေ မျိုးသီဟ(၃၅)နှစ် မောင်းနှင်သော ထော်လာဂျီယာဉ်သည် ရှေ့မှ တစ်ရွာတည်းနေ ငပေါက် မောင်းနှင်နေသည့် ထော်လာဂျီယာဉ်အား ကျော်တက်စဉ် မလွတ်ဘဲ ယာဉ်နှစ်စီးချိတ်မိကာ မျိုးသီဟ မောင်းနှင်လာသောယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ မျိုးသီဟ၏ ထော်လာဂျီပေါ်ပါ သမိန်တောကုန်းတန်းကျေးရွာနေ ဦးသက်နိုင်(၅၄)နှစ်ပါ ၁၂ ဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် မျိုးသီဟအား ကျုံကဒွန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# နယ်လှည့်၍ ဆိုင်ကယ်ခိုးယူသူနှစ်ဦးအား ဆိုင်ကယ် ၁၀ စီးနှင့်အတူ ဖမ်းဆီးရမိ

**မော်လမြိုင် နိုဝင်ဘာ ၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် မြို့မနယ်မြေရဲစခန်း စခန်းမှူး ဒုတိယရဲမှူးအောင်သီဟ၊ နယ်ထိန်းတာဝန်ခံ ရဲအုပ်အေးမင်းထွန်းနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၏ ကူညီပံ့ပိုးမှုဖြင့် နယ်လှည့်၍ ဆိုင်ကယ်ခိုးယူသူနှစ်ဦးအား မော်တော်ဆိုင်ကယ် ၁၀ စီးနှင့်အတူ နိုဝင်ဘာ ၄ ရက်က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်နယ်မြေ စံပယ်လမ်းနေ ကျော်နိုင်ထွန်း(၂၃)နှစ်နှင့် သီတာလမ်းနေ ထက်အောင်(ခ)ရာဂျစ်(ခ)မော်ဂယ် (၂၅)နှစ်တို့ နှစ်ဦးသည် မေလမှ အောက်တိုဘာလအတွင်း မွန်ပြည်နယ် သထုံ၊ ကျိုက်ထို၊ ကျိုက်မရော၊ မုဒုံနှင့် မော်လမြိုင်မြို့နယ်များရှိ လူစည်ကားရာနေရာများဖြစ်သော ဈေး၊ ဆေးရုံ၊ ကျောင်း၊ ရုံးများရှေ့တွင်ရပ်ထားသည့် မော်တော်ဆိုင်ကယ် ၁၅ စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးသိရပြီး ၎င်းတို့နှစ်ဦးအား မော်လမြိုင်မြို့မနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



# ကြည့်မြင်တိုင် ထီးတန်းအိမ်ရာ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၅**

ကြည့်မြင်တိုင် ကမ်းနားလမ်း သဲကွင်းမှတ်တိုင်အနီးရှိ ထီးတန်းအိမ်ရာ တိုက်အမှတ်(၆၆/၇၂)၏ ဟုမ်းလမ်းဘက်အခြမ်းမှ လေးခန်းမြောက် မြေညီထပ်အခန်း၏ အပေါ်လွှာတွင် မီးလောင်မှု ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်ကဖြစ်ပွားခဲ့ရာ မီးငြှိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး စုစုပေါင်း ၁၄ စီးဖြင့် ငြှိမ်းသတ်ခဲ့ရပြီး နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသည့်တိုက်ခန်း၏ ပိုင်ရှင်မှာ ဦးမြင့်ဆွေဖြစ်ပြီး မီးလောင်မှုဖြစ်ပွားချိန်၌ တိုက်ခန်းအတွင်း တစ်စုံတစ်ဦးမှမရှိကြောင်း၊ မီးလောင်ရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်နှင့် ရပ်ကွက်တာဝန်ရှိသူများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ လာရောက်ကူညီလုပ်ဆောင်ပေးကြကြောင်း၊ မီးလောင်မှုကြောင့် ယာဉ်လိုင်းများ ဖြတ်သန်းသွားလာမှုကို လမ်းကြောင်းပြောင်းလဲသွားလာစေခဲ့ကြောင်း သိရသည်။

**(မောင်စေအောင်)**



*သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)*

# ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်

နတ်မောက်ထွန်းရှိန်

**ယခင်အပတ်မှအဆက်**

မန္တလေးမြို့တွင် လက်မှုအနုပညာလုပ်ငန်းဆိုင်ရာနှင့် ပတ်သက်၍ ထင်ရှားသောရပ်ကွက်များ၊ ဝင်းများကို မြို့နေလူထုက လုပ်ငန်းဆိုင်ရာနှင့် ယှဉ်တွဲ၍ သိရှိကြသည်။ ဤသည်မှာ ရှေးခေတ်အစဉ်အဆက် ဘိုးဘွားလက်ထက်မှစ၍လည်းကောင်း၊ အချို့မိသားစု လူများပြောင်းသွားသော်လည်း လုပ်ငန်းမပြောင်းလဲဘဲ ဆက်လက်လုပ်ကိုင်တည်တံ့နေခြင်းကြောင့်လည်းကောင်း၊ အမည်များမပျောက်မပျက် ခေါ်ဝေါ်နေကြခြင်းဖြစ်သည်။ မြန်မာမင်းလက်ထက်က ပန်းဆယ်မျိုး၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းပု၊ ကျောက်ဆစ် လက်မှုပညာလုပ်ငန်းရပ်များနှင့် ကျောက်စိမ်းအလုပ်၊ ပတ္တမြားအလုပ်တွေလည်း လုပ်ကိုင်သူရှိကြသည်။ မင်းမှုထမ်း (စစ်မှုထမ်း)မှာ အများဆုံးဖြစ်ကြသည်။

**လှေသင်းအတွင်းဝန် သချိုင်းစာ**

အရှေ့ပြင်၊ တောင်ပြင်မှာ စစ်မှုထမ်းတွေ အထင်အရှားရှိသည်။ လက်မှုပညာသည်အစု အမှုထမ်းများလည်း လုပ်ကိုင်နေထိုင်ကြသည်။ အနောက်ပြင်တစ်ခွင်မှာ ကုန်သည် လက်လုပ်လက်စားတွေ အများအပြားနေထိုင် လုပ်ကိုင်စားသောက်ကြသည်။ ၁၉၁၁ ခုနှစ် အောက်တိုဘာ ၁ ရက် ကွယ်လွန်သူ လှေသင်းအတွင်းဝန် သချိုင်းစာ၌ လှေ (ဝါးချက်ရွာ) လှေသဘော်လုပ်သားများသည် ရန်ကုန်နှင့် မော်လမြိုင်က လာရောက်လုပ်ကိုင်ကြကြောင်း ဖော်ပြသည်။

ဤတွင် သချိုင်းစာ၊ ကျောက်စာတို့ကလည်း မြို့ရွာ၊ ရပ်ကွက်သမိုင်းတွင် များစွာအရေးပါသော အထောက်အထားများဖြစ်ကြသည်။ မင်းမျိုး၊ မင်းနွယ်၊ မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီး စသည်တို့၏ ရာထူးဌာနန္တရဆွေစဉ်မျိုးဆက်များ ရေးထိုးမှတ်တမ်းတင်လေ့ရှိသဖြင့် သမိုင်းဆိုင်ရာ အချက်အလက်များရရှိနိုင်ကြသည်။ ဥပမာအားဖြင့် ဒေးဝန်းအနောက် ဒုတိယရွှေအင်ပင်ကျောင်းကြီး ဒါယကာဖြစ်သူ တရုတ်သူဌေး ဦးစက်ရှင်၏ သချိုင်းကျောက်စာကို ဖတ်ရှုလေ့လာရခြင်းအားဖြင့် ကွယ်လွန်သည့်ရက်စွဲသိရသလို လုပ်ငန်းအကြောင်း၊ ရာထူးအကြောင်းတွေ တစ်ဆက်တည်းသိရှိနိုင်ကြသည်။ ဦးစက်ရှင်သည် တရုတ်လူမျိုးထဲမှ သူဌေးဖြစ်သည်။ ၁၉၁၇ ခုနှစ် မတ်လ ၁၇ ရက် ကွယ်လွန်ကြောင်းတွေ့ရသည်။ သတိုးမင်းကြီး မဟာမင်းထင်စည်သူ ဟူသော အမတ်ကြီးသည် "ကြံအား၊ ဖန်အား၊ ဉာဏ်သွား၊ လုံ့လကိုသိသဖြင့် သားနှယ်တမျှထင်မှတ်၍ သီပေါရွှေနန်းရှင်ဘုရားရှေ့တော်ဆက်သွင်းရာ အလွန်ဝမ်းမြောက်တော်မူလိုက်သည့်အတိုင်း ကူးသန်းရောင်းဝယ်၍ ဥစ္စာအင်အားတိုးပွားများစွာတင့်တယ်လေသည်"ဟု ဖော်ပြပါရှိရာ စက်သူဌေး ဦးရှင်က သူ့ငွေအင်အားဖြင့် ဒုတိယ ရွှေအင်ပင်ဟူသော မြန်မာမှု အပြောက်အမွမ်းများဖြင့် တင့်တယ်လှပသော ကျောင်းတော်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သမိုင်းကြောင်း လေ့လာခွင့်ရရှိကြသည်။

မန္တလေးအနောက်ပြင်ကို ၁၈၇၃ ခုနှစ်က တာဝန်ယူတိုးချဲ့တည်ဆောက်ခဲ့ရသော လှေသင်းအတွင်းဝန်၏ တံတားမှတ်တမ်း အထောက်အထားအဖြစ် ၂၂ လမ်း၊ ယခုပင်းယလမ်း (စီလမ်း)၊ ရွှေတချောင်းလမ်းပေါ်၌ ရှေးက ကျောက်စာရေးထိုးထားခဲ့သည်။ လှေသင်းအတွင်းဝန်ကျောက်စာဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထိုကျောက် စာကိုကြည့်၍ မန္တလေးမြို့ စည်ပင်အောင်ဆောင်ရွက်ပုံ လေ့လာနိုင်ကြသည်။

လှေသင်းအတွင်းဝန် စလေမြို့စားမင်းကြီး သိရီမဟာဇေယျကျော်ထင်၊ အတွင်းဝန်ကတော် နတ်မောက် မြို့စားတို့သည် "လက်တုံ့ကြုံကြိုက်ခဲလှ၊ ဗုဒ္ဓုပ္ပာဒခေတ်မြတ်ကို ဆက်ဆက်ကြုံကြိုက်ရသည်နှင့်အညီ ဘဝသုံးပါး ရထားမှလည်း ရွှေပြည်နက်သန် နိဗ္ဗာန်ထုတ်ချောက်၊ မျက်မှောက်ပြုရန်" ရည်သန်ပြဋ္ဌာန်းသဖြင့် မန္တလေးရတနာပုံရွှေမြို့တော် အနောက်ပြင် ကြေးမုံတံခါးလမ်း ရွှေတချောင်းမြောင်း၏ အနောက်တစ် လျှောက်ခရီး၊ သန်နွှေမိုးဆောင်းကူးသန်းသွားလာကြသော ရဟန်းရှင်လူခပ်သိမ်းတို့အား ညဉ့်၊ နေ့မဟူ ကြည်ဖြူရွှင်စမ်း၊ ချမ်းချမ်းသာသာ ကူးသန်းသွားလာနိုင်စေရန် ရွှေတချောင်းကူးတံတားဦးဇရပ်နှင့်တကွ အနောက်ကို သွပ်မိုး၊ ပျဉ်ခင်း၊ ဝဲယာ တံတားခန်းရေ ၁၆၄၊ ၎င်း ဝဲ ယာနှစ်သွယ်၏ အလယ် ရွှေတချောင်း မြောင်းအကူးမှ အနောက်ကို မြေမြို့ကြီး ရေကြည်တံခါး ရောက်၊ ၎င်းက ပိုက်ကျုံးတံခါးရောက် နှစ်ရပ်ပေါင်း ၆၇၇ ရှိသည်။

**သချိုင်းတော်ဇရပ်များ**

ကျောက်လမ်းတံတားကြီးမှစ၍ ပုဏ္ဏားကျွန်းသုသာန်တွင် အတွင်းဝန်မင်းအဖ၏ အလောင်းကို သင်္ဂြိုဟ်ရာဌာနဇရပ်၊ ၎င်း၏တောင်ဘက်တွင် အတွင်းဝန်ကတော်အမိ ရှေ့ဝင်းမှူးကတော်ကြီး၏ သင်္ဂြိုဟ်ရာဌာနအုတ်ဇရပ်၊ ၎င်းဇရပ်မှ အနောက်သို့လျှောက်၍ သုသာန်မြေ၏အကာအရံ တံတိုင်းမီးတားများကို ၁၂၄၄ ခုနှစ်ကစ၍ ၁၂၄၇ ခုနှစ်တိုင် အဆောက်အအုံနှင့်လျော်စွာဆိုင်သင့်ရာရာ စုစုစရိတ်ငွေ ၃၄၈၄၄၊ ၅ူးဂဲ လုပ်ဆောင်ကုန်ဝင်သည့် ကုသိုလ်အဖို့ကို တွေ့မြင်ကြားသိသူတို့ ပတ္တာနုမောဒနာအဖြစ် သစ်သစ်ကြည်ညိုကုသိုလ်တရားပွားများစေခြင်းမှာ ဤကျောက်စာကမ္ပည်းထိုးမှတ်၏။

ထိုမှတ်တမ်းအရ(စီ)လမ်းကို ရွှေတချောင်းကစပြီး



ချောင်းကူးတံတား၊ တံတားဦးဇရပ်၊ မြစ်ဆိပ်ရေကြည်တံခါး၊ ထိုမှ ပိုက်ကျုံးတံခါး၊ အစုစုသောလမ်းကို ခင်းခြင်းနှင့် သချိုင်းဇရပ်ကြီးနှစ်ဆောင် ဆောက်လုပ်ခြင်းကိစ္စ ကုန်ကျငွေသုံးသောင်းခွဲရှိကြောင်း ကျောက်စာအရ သိရသည်။ ယင်းအဆောက်အအုံများမှာ ၁၂၄၄ ခုနှစ်မှ ၁၂၄၇ ခုနှစ်ထိ လှေသင်းအတွင်းဝန်မင်း ဆောက်လုပ်ကြောင်း တွေ့ရသည်။ အတွင်းဝန်မင်းအဖဟူသည်မှာ မင်းကြီးမင်းလှ ဇေယျသင်္ကြန်မြို့သစ်အတွင်းဝန်မင်း မိဘများဖြစ်သည်။ ယင်း၏ အနောက်ဘက်တွင် ရွှေပြည်ဝန်ကြီးယောမင်းကြီး ဦးဘိုးလှိုင် သချိုင်းဂူ တွေ့နိုင်သည်။ ကျောက်စာရေးထိုးထားသဖြင့် သမိုင်းမပျောက် တည်ရှိခဲ့ခြင်းဖြစ်သည်။

အာဠဝီလမ်းခေါ် (စီ)လမ်း၊ ၈၆ လမ်း၊ ရွှေတချောင်းလမ်းကူးတံတားကိုမူ ယခုခေတ် နောက်ပိုင်းထိ လူအများအပြား မြင်တွေ့ဖူးကြမည်ဖြစ်၍ ၁၉၇၃ ခုနှစ် ခန့်ကမှ ရွှေတချောင်း အုတ်ရေမြောင်းဇလားပုံ တည်ဆောက်တိုးချဲ့ခြင်းနှင့်အတူ တံတားကြီးပါ ကျယ်ဝန်းစွာပြုပြင်တည်ဆောက်ခဲ့သည်။ ယခင်က မြောင်းကူးတံတားလူသွားလမ်း၊ ကားလမ်း ဇရပ်နှစ်ဆောင်ရှိခဲ့၏။ လက်ရန်းတိုင်ကြီးများနှင့် ဇရပ်ပေါ် တုံးလုံးလှဲအိပ်စရာပါ တောင်ဘက်၊ မြောက်ဘက် သွပ်မိုးလျက် တည်ဆောက်ထား၏။ သောက်ရေအိုးစင်လည်းထားရှိ၏။

သို့ဖြင့် ကျောက်စာများသည် ရပ်ကွက်သမိုင်းများ တည်ရှိနေရာကိုလည်း ဖော်ညွှန်းပြသခဲ့ကြသည်။ မြန်မာမင်း လက်ထက်တွင် မှူးကြီးမတ်ရာတို့ ကွယ်လွန်ရာတွင်လည်းကောင်း၊ မိဘများကွယ်လွန်ရာ၌လည်းကောင်း သတ်မှတ်ပေးထားရာ သချိုင်းတော်၌ သင်္ဂြိုဟ်ကြသည်လည်း တွေ့ရသည်။ ရပ်ကွက်များ၊ ဝင်းများ၊ တောင်ပြင်၊ မြောက်ပြင် နေထိုင်ကြရာ၌လည်း ရပ်ကွက်ဝင်မှူးများဟူ၍ ခန့်ထားသည်။ လေးပြင်လေးရပ် ထောင်မှူးများလည်း ခန့်ထားသည်။ ထောင်မှူးများဟူရာ၌ လူဆိုး၊ သူခိုးများကို အချုပ်အနှောင်ပြု၍ လုံခြုံသော အဆောက်အအုံထဲတွင်ထားရှိရာ ထောင်ကိုကြီးမှူးအုပ်ချုပ်ရသူကို ဆိုလိုခြင်းမဟုတ်။ လူသူစစ်သားတစ်ထောင်ကို အုပ်ချုပ်ရသူဖြစ်သောကြောင့် ထောင်မှူးဟုခေါ်ခြင်းဖြစ်သည်။ နောင်တစ်နည်း အခေါ်အဝေါ်မှာ ထောင်သင်းမှူးဟူ၍ဖြစ်သည်။ စစ်ကိုင်းထောင်သင်း၊ စလင်းလက်ယာ၊ ပြည်မှာနဝဒေးဟူသော အဆိုရှိသည်။ ပြည်မှုနဝဒေး အမည်ခံ ထောင်မှူးဟူသော ရာထူးမှာလည်း စစ်သည်တပ်သား ၃၀၀၀ တို့အပေါ် ကြီးမှူးရသူကို လှော်ကားသုံးထောင်မှူး ခေါ်ခြင်းဖြစ်သည်။

လေးပြင်ထောင်မှူးသည် အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်တို့တွင် တစ်ပြင်လျှင် အစောင့်တပ်သား တစ်ထောင်စီထား၍ ၎င်းတို့အပေါ် အုပ်ချုပ်ရသော အရာရှိကို ဆိုလိုခြင်းဖြစ်သည်။ လေးပြင်လေးရပ် အသုံးအနှုန်းမှာ ပုဂံခေတ်၊ အင်းဝခေတ်၊ အမရပူရခေတ်များက နန်းတော်ကို လေးပိုင်းပိုင်း၍ အရှေ့ပြင်၊ အနောက်ပြင်၊ တောင်ပြင်၊ မြောက်ပြင်ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ရှေ့ဝင်း၊ နောက်ဝင်းခေါ်ဆိုပြီး တစ်ဝင်းလျှင် လူ ၁၀၀၀ ထားလျက် ဝင်းမှူးက စီမံအုပ်ချုပ်သည်။

လေးပြင်ထောင်မှူးများသည် လက်နက်ကိရိယာ အစုံအလင်နှင့် ရာဇဝတ်ကြောင်း ခိုင်လုံမြဲမြံအောင် ဆိုင်ရာ အပြင်တွင် ညဉ့်နေ့စောင့်ရှောက်ထမ်းရွက်ရသည်။ နန်းမြို့တော်အတွင်း အဝင်အထွက်များကိုလည်း နေ့၊ ညဉ့် စောကြောစီရင်ရသည်။ ကုန်းဘောင်မင်းများလက်ထက်တော်၌ လေးပြင်ထောင်မှူးရာထူးများအစား ၎င်းတို့နေရာတွင် အရှေ့ဝင်းမှူး၊ လက်ယာဝင်းမှူး၊ လက်ဝဲဝင်းမှူး၊ အနောက်ဝင်းမှူး နေရာများသာရှိပြီး လုံခြုံအောင် စောင့်ရှောက်ကွပ်ကဲရသည်။

မန္တလေးခေတ်တွင် လေးပြင်လေးရပ် မြို့ကိုအုပ်ချုပ်ရန် မြို့ဝန်လေးယောက်ထားရှိခဲ့သည်။ ထိုခေတ်မြို့ဝန်များ၏တာဝန်သည် ယခုခေတ် ရဲလုပ်ငန်း၊ ယစ်မျိုးလုပ်ငန်း၊ မီးသတ်လုပ်ငန်း၊ မြူနီစီပယ်လုပ်ငန်းများကို တွဲပြီးဆောင်ရွက်ရခြင်းမျိုးဖြစ်သည်။ (ရွှေနန်းသုံး အဘိဓာန် စာ-၈၁) ထိုသို့ ဆောင်ရွက်ရာတွင်(၁) ခိုးသေးမီးပွား အရေးယူခြင်း၊ (၂) အလေးတင်းတောင်း မှန်ကန်စေဖို့စစ်ဆေးခြင်း၊ (၃) လောင်းကစားနှင့် သေအရက် နှိမ်နင်းစေခြင်း၊ (၄) မီးလောင်လျှင် ငြိမ်းသတ်စေခြင်း၊ (၅) ရှင်ဘုရင်ထွက်တော်မူလျှင် လမ်းပြခြင်း၊ (၆) တံခါး ၁၂ ရပ်ကို ထိန်းရမည့် တာဝန်ဖြစ်သည်။ ထို့ပြင် ရွှေမြို့တော်မြို့တွင်းမြို့ပြင် ဒူးလမ်းပြများမှာ သာယာသန့်ရှင်းမှုရှိအောင်လည်း မြို့ဝန်မင်းကြီးမှူးသော ရှေ့ရုံးတော်အရာရှိများက ကြပ်မတ်ဆောင်ရွက်ဆင့်ဆိုကြရ၏။

မင်းတုန်းမင်းလက်ထက်၌ မြို့ဝန်လေးဦးခန့်ထားသော်လည်း သားတော်သီပေါမင်းလက်ထက်၌ မြို့ဝန်သုံးဦးသာ ခန့်ထားသည်။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး တတိယတွဲတွင် "သက္ကရာဇ် ၁၂၄၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့ မြို့ဝန်တို့ကို ရွှေမြို့တော်နှင့် ရာဇဝတ်တော်ရေး ထိန်းသိမ်းရန် တံခါး ၁၂ ရပ်၊ မြို့တွင်း ၁၂ ရပ်၊ ကင်းစောင့်လူများအပြင် မြို့တံခါးကြီး ၅၇ ရပ်၊ မြို့ပြင် ၁၂၄ ကင်းလူတို့ကို ရုပ်သိမ်း၍ ယင်းမြို့တော်ဝန်မှာ နန်းဦး မင်္ဂလာမြင်းအမှုထမ်းလူ ၁၅၀၊ ရွှေလှံမြို့ဝန်မှာ ရွှေလှံအမှုထမ်းလူ ၁၅၀ အသီးသီးပေးအပ်စောင့်ထိန်းစေ အမိန့်တော်ရ ရာဇဝတ်တော်ရေး၊ ခိုးသေးမီးပွားမရှိရအောင် စောင့်ကင်း၊ ဝပ်ကင်း၊ ပတ်ကင်းထား၍ ထိန်းသိမ်းကြသည်"ဟူ၍ ဖော်ပြထားသည်။

ထို့ကြောင့် ယင်းမြို့တော်ဝန်မှာ မင်းကြီးသီရိမဟာဇေယျဂါမဏိဘွဲ့ရ ဦးပေစိဖြစ်သည်။ ဦးပေစိ၏ အတ္ထုပ္ပတ္တိ ကျောက်စာနှင့် အလှူဒါနကုသိုလ်များမှ ရွာဟိုင်းအနောက်ဘက် ရတနာပုံသာစေတီအတွင်း လေ့လာနိုင်သည်။ ရွှေလှံမြို့ဝန်ကား မင်းကြီးမဟာမင်းခေါင်နော်ရထာဘွဲ့ရ၍ အက္ကပတ်မြို့ဝန်မှာ မင်းကြီးမဟာမင်းထင်ရာဇာဘွဲ့ရသူ ဖြစ်သည်။

အက္ကပတ်မြို့ဝန် အမည်သည် ဦးခြုံစု သိရှိရပေသည်။ ပသီအမျိုးသားဖြစ်၍ နိုင်ငံခြားမှ တွေ့မြင်မှတ်သားထားသော အထူးသဖြင့် အီတလီနိုင်ငံမှ တွေ့မြင်ခဲ့သော အဆောက်အအုံပုံစံယူ၍ အက္ကပတ်မြို့ဝန်အုတ်ကျောင်းတော်ကို ယခု မဟာဒီပဲယင်းတိုက်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရပေသည်။ အက္ကပတ်မြို့ဝန်သည် ပင်လယ်မြို့ စားအဖြစ် သနားတော်မြတ်ခံရသည်။ အက္ကပတ်မြို့ဝန်၏ မြေများသည် မန္တလေးမြို့ ခတ်စက်ရုံ အရှေ့ဘက်၌ နေထိုင်ခဲ့သည်။ ယခု ဝကပ်ဖ်တိုက်နေရာဖြစ်မည်ဟု ထင်ရသည်။ အက္ကပတ်မြို့ဝန်သည် သူ့ကုသိုလ်ကျောင်းတော်ကို ဂငယ်ပုံစံ လှေကားအဝိုက်အဆင့်တို့ဖြင့် သူမတူအောင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မင်းတုန်းမင်းလက်ထက် ပညာတော်သင် အီတလီ၊ ပြင်သစ် စသည့်ဥရောပနိုင်ငံများ ရောက်ခဲ့သူဖြစ်သည်။

သီပေါမင်းလက်ထက် တတိယမြောက်မြို့ဝန်ဆိုသူကား စလေဆရာကြီး ဦးပုညနှင့် ပတ်သက်ပြီး နာမည်ကြီးခဲ့သော မြို့ဝန်မြို့သာမြို့စားမင်းကြီး သီရိမဟာမင်းလှမင်းခေါင်သူရိန်ဖြစ်ပြီး သီပေါမင်းလက်ထက်၌ မပါရှိတော့ပေ။ မြို့ဝန်လေးဦးတို့သည် ၎င်းတို့လက်အောက်၌ အရှေ့ပြင်၊ တောင်ပြင်၊ အနောက်ပြင်၊ မြောက်ပြင် ထောင်မှူးများ ရှိကြသေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

**ကျောက်စာများသည် ရပ်ကွက်သမိုင်းများ တည်ရှိရာနေရာကိုလည်း ဖော်ညွှန်းပြသခဲ့ကြသည်။ မြန်မာမင်းလက်ထက်တွင် မှူးကြီးမတ်ရာတို့ ကွယ်လွန်ရာတွင် လည်းကောင်း၊ မိဘများကွယ်လွန်ရာ၌လည်းကောင်း သတ်မှတ်ပေးထားရာ သချိုင်းတော်၌ သင်္ဂြိုဟ်ကြသည် လည်းတွေ့ရသည်။ ရပ်ကွက်များ၊ ဝင်းများ၊ တောင်ပြင်၊ မြောက်ပြင် နေထိုင်ရာ၌လည်း ရပ်ကွက်ဝင်မှူးများ ဟူ၍ ခန့်ထားသည်။ ထောင်မှူးများဟူရာ၌ လူဆိုး၊ သူခိုးများကို အချုပ်အနှောင်ပြု၍ လုံခြုံသော အဆောက်အအုံထဲတွင် ထား . . .**

# မိုဘိုင်းငွေကြေးဝန်ဆောင်မှုက ဘာကြောင့် မြန်မာနိုင်ငံအတွက် အရေးပါသလဲ

à Brad Jones



Wave Money ရဲ့ အမှုဆောင်အရာရှိချုပ်အနေနဲ့ တာဝန်ထမ်းဆောင်ရင်း မြန်မာနိုင်ငံမှာနေထိုင်ခဲ့တာ ကိုးလရှိပါပြီ။ Wave Money ဆိုတာ ကမ္ဘာတစ်ဝန်းမှာ အကြီးမားဆုံးဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းတွေထဲကတစ်ခုဖြစ်ပြီး မိုဘိုင်းဖုန်းသုံးစွဲသူပေါင်း ၁၈၉ သန်းကျော်ရှိတဲ့ Telenor နဲ့ မြန်မာနိုင်ငံမှာနှစ်ပေါင်းနှစ်ဆယ် ကျော်ရပ်တည်နေသော ငွေကြေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ရိုးမဘဏ်တို့အကြားအကျိုးတူပူးပေါင်းဆောင်ရွက်ထားတဲ့ လုပ်ငန်းဖြစ်ပါတယ်။ Telenor ရဲ့ ဖြန့်ချိရေးကွန်ရက်နဲ့ ရိုးမဘဏ်ရဲ့ ဒေသအပေါ် တတ်ကျွမ်းနားလည်မှု၊ ငွေကြေးစီမံခန့်ခွဲရေးအရည်အသွေးပြည့်ဝမှုတို့ကို အခြေခံထားတဲ့ဒီအဖွဲ့အစည်းနှစ်ခုအကြားအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာနိုင်ငံအတွက် သင့်လျော်မှုအရှိဆုံးပုံစံတစ်ခုလို့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံအစိုးရအနေနဲ့ လူတိုင်းငွေကြေးဝန်ဆောင်မှု လက်လှမ်းမီနိုင်ရေးနဲ့ ပတ်သက်ပြီး ရည်မှန်းချက်တွေထားရှိတဲ့နေရာမှာ ၂၀၂၀ ခုနှစ်ရောက်တဲ့အခါ ၄၀ ရာခိုင်နှုန်းသော ပြည်သူတွေဟာငွေကြေးဝန်ဆောင်မှုများကို အသုံးပြုလာနိုင်ဖို့ ရည်ရွယ်သလို ၁၅ ရာခိုင်နှုန်းသောပြည်သူတွေဟာ တစ်ခုထက်ပိုတဲ့ ငွေကြေးဝန်ဆောင်မှုတွေကို သုံးစွဲလာဖို့ ရည်မှန်းထားပါတယ်။

လက်ရှိအနေအထားအရ ငွေကြေးဝန်ဆောင်မှုကို သုံးစွဲမှုနည်းနေသေးတာကြောင့် ဒီရည်မှန်းချက်ကို ပြည့်မြောက်ဖို့အတွက် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာလုပ်ငန်းချဲ့ထွင်ဖို့ လိုအပ်လာပါလိမ့်မယ်။ မိုဘိုင်းဆက်သွယ်ရေးနည်းပညာကို ကိုယ်စားလှယ်မှ ငွေသွင်းငွေထုတ်ပေးသော ဝန်ဆောင်မှုလုပ်ငန်းနဲ့ ပေါင်းစပ်လိုက်ခြင်းအားဖြင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍကို ဖွံ့ဖြိုးမှုအရှိန်မြင့်တက်လာစေမှာဖြစ်ပါတယ်။

တည်ရှိပြီးသားဖြန့်ချိရေးကွန်ရက်ကိုအခြေခံကာ ဆက်သွယ်ရေးအော်ပရေတာတွေအနေနဲ့ ဘဏ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ငွေကြေးဝန်ဆောင်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးလာနိုင်မှာဖြစ်သလိုဘဏ်ဝန်ဆောင်မှုမရသေးတဲ့ ပြည်သူတွေအတွက်လည်း ဝန်ဆောင်မှုတွေပေးလာနိုင်မှာဖြစ်ပါတယ်။ ဘဏ်တွေနဲ့ အသေးစားငွေကြေးလုပ်ငန်းတွေဟာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ရပ်တည်ရမှာဖြစ်ပြီး Wave Money လိုလုပ်ငန်းမျိုးနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဆန်းသစ်တဲ့ ငွေစုငွေချေးဝန်ဆောင်မှုတွေ ပေးနိုင်မှာဖြစ်ကာ လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်များ သက်သာကာ မရရှိသေးသောငွေကြေးဝန်ဆောင်မှုတွေကို ပြည်သူတွေရရှိလာအောင်ကူညီပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။



ကင်ညာနိုင်ငံမှာရှိတဲ့ ဘဏ်တွေဆိုရင် ဆက်သွယ်ရေးအော်ပရေတာတွေနဲ့ပြိုင်ဘက်အနေနဲ့မဟုတ်ဘဲ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ငွေကြေးထည့်ဝင်မှုအမြောက်အမြားကို ပုံစံမျိုးစုံနဲ့ ရရှိနေတာကိုတွေ့ရပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်းဟာ မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းရဲ့ အနာဂတ်လည်းဖြစ်ပါတယ်။

မိုဘိုင်းငွေကြေးဝန်ဆောင်မှုတွေရဲ့ကွန်ရက်တွေအခြေတကျဖြစ်ပြီဆိုတာနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ပြည်သူလူထုနဲ့ အစိုးရအတွက် အောက်မှာဖော်ပြထားတဲ့အချက်တွေအပါအဝင် တခြားအကျိုးကျေးဇူးတွေဖြစ်ထွန်းစေမှာဖြစ်ပါတယ်။

- ဝန်ထမ်းလစာ၊ ပင်စင်နဲ့ ငွေလွှဲမှုလုပ်ငန်းတွေကို ထိရောက်စွာနဲ့ ပွင့်လင်းမြင်သာစွာဆောင်ရွက်လာနိုင်ပါမယ်။ တခြားဈေးကွက်တွေကိုလေ့လာချက်အရ အီလက်ထရွန်နစ်စနစ်တွေကနေ တစ်ဆင့် ငွေလွှဲလုပ်ငန်းတွေကိုဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုပိုင်းတိုးတက်လာတာတွေ့ရသလို ကြားခံကနေ ငွေကြေးဖြတ်တောက်မှုနည်းလာတဲ့အတွက် ငွေကြေးလက်ခံရရှိသူတွေအနေနဲ့ အကျိုးအမြတ်အပြည့်အဝ ၁၀၀ ရာခိုင်နှုန်းရှိကြတာကို တွေ့ရပါတယ်။
- လူတိုင်းငွေကြေးဝန်ဆောင်မှုကို လက်လှမ်းမီတဲ့အတွက် ဆင်းရဲမွဲတေမှုဒဏ်ကို ခံစားနေရတဲ့သူတွေအတွက်လည်း သူတို့ရဲ့ ငွေကြေးဆိုင်ရာစီမံခန့်ခွဲမှုကိုပိုမိုတိုးတက်လာစေမှာဖြစ်ပါတယ်။ ပိုမိုတိုးတက်လာတဲ့ ပညာသင်ယူမှုနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကဆင်းရဲမွဲတေမှုအခြေအနေကနေ လွတ်မြောက်အောင် ကူညီပေးနိုင်ပါလိမ့်မယ်။
- အိမ်နီးချင်းနိုင်ငံတွေကိုရောက်ရှိနေတဲ့ မြန်မာတွေအနေနဲ့လည်းမြန်မာနိုင်ငံမှာရှိတဲ့ မိသားစုဝင်တွေကို မိုဘိုင်းမှတစ်ဆင့် အလွယ်တကူငွေကြေးလွှဲပြောင်းခြင်းကို ပြုလုပ်လာနိုင်မှုဟာ နိုင်ငံတွင်းကိုငွေကြေးဝင်လာအောင်ဖန်တီးပေးနိုင်မှာဖြစ်ပြီး ငွေလွှဲကုန်ကျစရိတ်တွေကိုလည်း လျော့ကျလာစေမှာ ဖြစ်ပါတယ်။
- အသေးစားလုပ်ငန်းတွေ ငွေကြေးဝန်ဆောင်မှုကို လက်လှမ်းမီလာခြင်းဟာ ကုန်သွယ်ရေးပိုမိုတိုးတက်ကျယ်ပြန့်လာရေးအတွက် အထောက်အပံ့တွေကို ဖြစ်ပေါ်လာစေနိုင်ပါတယ်။ နည်းပညာအကူအညီနဲ့ ရှေးရိုးနည်းလမ်းတွေမှာကြုံတွေ့ရတဲ့အခက်အခဲတွေကို ကျော်လွှားနိုင်တာမို့ ချေးငွေရရှိမှု အခွင့်အလမ်းတွေပိုမိုများပြားလာမှာဖြစ်သလို စီးပွားတိုးတက်မှုအတွက်လည်း တွန်းအားတစ်ရပ်ဖြစ်စေနိုင်မှာဖြစ်ပါတယ်။
- ငွေကြေးဝန်ဆောင်မှုကိုလက်လှမ်းမီလာခြင်းဟာ စီးပွားရေးလုပ်ငန်းတွေကို တရားဝင်ဖြစ်လာစေမှာဖြစ်ပြီး အစိုးရအတွက် အခွန်ရရှိမှုကိုတိုးတက်လာစေမှာဖြစ်တဲ့အတွက် ရန်ပုံငွေတိုးပွားလာကာ လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုတွေကို ပိုမိုကောင်းမွန်အောင်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။
- စစ်တမ်းတွေအရ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဈေးကွက်တွေမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုကြောင့် လူတိုင်း ငွေကြေးဝန်ဆောင်မှုသုံးစွဲလာနိုင်ခြင်းဟာ နိုင်ငံရဲ့ အသားတင်ပြည်တွင်းထုတ်ကုန်တန်ဖိုးကိုငါးနှစ်မှ ခုနစ်နှစ်အတွင်းငါးရာခိုင်နှုန်းအထိတိုးတက်လာစေနိုင်ပါတယ်။

နိုင်ငံရဲ့ အသားတင်ပြည်တွင်းထုတ်ကုန်တန်ဖိုးမြင့်တက်လာခြင်းဟာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုတွေကြောင့် အလုပ်အကိုင်ရရှိမှုတိုးတက်လာခြင်း၊ ချေးငွေရရှိမှု အလားအလာပိုကောင်းခြင်းတွေကြောင့် လုပ်ငန်းသစ်တွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ တရားဝင်ငွေလွှဲခြင်းနဲ့ စုငွေများပြားလာခြင်း စတဲ့ အားသာချက်တွေကြောင့်ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အပြောင်းအလဲကာလကိုကျော်ဖြတ်နေချိန်မှာ လူတိုင်းငွေကြေးဝန်ဆောင်မှုကို လက်လှမ်းမီလာနိုင်ရေးကို ဦးစားပေးအရာတစ်ခုအနေနဲ့ ထားသင့်ပြီး ကဏ္ဍပေါင်းစုံရဲ့ပူးပေါင်းဆောင်ရွက်မှု ကနေတစ်ဆင့် ရေရှည်တည်တံ့ပြီး ငွေကြေးဝန်ဆောင်မှုလက်လှမ်းမမီသူတွေအတွက် အကျိုးရှိတဲ့ စီးပွားရေးပုံစံတွေ ဖြစ်ထွန်းလာစေမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်းမိုဘိုင်းအော်ပရေတာတွေနဲ့ သက်ဆိုင်ရာ လက်အောက်ခံလုပ်ငန်းတွေ လုပ်ငန်းဆောင်ရွက်ရာမှာအဆင်ပြေစေမယ့် သင့်တော်မှန်ကန်တဲ့ စီမံချက်တွေ အသေအချာချမှတ်နိုင်ဖို့ အရေးပါတဲ့အခန်းကဏ္ဍကနေ တာဝန်ယူနေပါတယ်။ မကြာသေးမီကပဲ မြန်မာနိုင်ငံဟာအိန္ဒိယနဲ့ တရုတ်ပြီးရင် ကမ္ဘာပေါ်မှာ တတိယမြောက် အလျင်အမြန်တိုးတက်ဆုံး မိုဘိုင်းဈေးကွက် တစ်ခုဖြစ်တယ်ဆိုပြီးသတ်မှတ်ခံထားရပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် လူတိုင်းငွေကြေးဝန်ဆောင်မှုလက်လှမ်းမီနိုင်အောင် တွန်းအားပေးအရှိန်မြှင့်နိုင်တဲ့ ကမ္ဘာ့ဦးဆောင်သူတစ်ဦးအဖြစ် ဂုဏ်ယူနိုင်မှာဖြစ်ပါတယ်။ ဒီမျှော်မှန်းချက်ကို ဖြည့်ဆည်းနိုင်ဖို့ ကျွန်တော်တို့အနေနဲ့လည်း စိတ်အားထက်သန်နေပါတယ်။

Brad Jones ဟာ Wave Money ရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်ပါတယ်။ အရင်က Visa ရဲ့ အာရှပစိဖိတ်ဒေသဈေးကွက်တွေအတွက် မိုဘိုင်းဆိုင်ရာနည်းဗျူဟာပိုင်းကို တာဝန်ယူခဲ့ပြီး အရှေ့တောင်အာရှရဲ့ပထမဆုံးသောဘဏ်ဦးဆောင်တဲ့မိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းဖြစ်တဲ့ WING Cambodia ကိုတည်ထောင်သူနဲ့အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်းဆောင်ရွက်ခဲ့ပါတယ်။ ဘရက်ဒ်ကို Twitterမှာ@bradjoz လိပ်စာနဲ့ ဆက်သွယ်နိုင်ပါတယ်။ ။

နိုင်ငံရဲ့ အသားတင်ပြည်တွင်းထုတ်ကုန်တန်ဖိုး မြင့်တက်လာခြင်းဟာ မိုဘိုင်းငွေကြေးဝန်ဆောင်မှုတွေကြောင့် အလုပ်အကိုင်ရရှိမှု တိုးလာခြင်း၊ ချေးငွေ ရရှိမှုအလားအလာ ပိုကောင်းခြင်းတွေကြောင့် လုပ်ငန်းသစ်တွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်း၊ တရားဝင်ငွေလွှဲခြင်းနဲ့ စုငွေများပြားလာ ခြင်း စတဲ့ အားသာချက်တွေကြောင့် ဖြစ်ပါတယ်။ . . .

# အင်းဝမြို့ဟောင်းရှိသမိုင်းဝင်ဂူတော်သစ်ဘုရားအား ကျပ် ၁၄၉ သိန်းဖြင့် ပြန်လည်ပြုပြင်တည်ဆောက်

**တံတားဦး နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုးအတွင်း ရှိ ရှေးဟောင်းသမိုင်းဝင် ဂူတော်သစ်ဘုရားအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၁၄၉ သိန်းဖြင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး)မှသိရသည်။

အဆိုပါ ဂူတော်သစ်ဘုရားမှာ ပုဂံခေတ်လွန် ရှားပါးလိုဏ်ပေါက်စေတီထဲတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် အပေါ်ပိုင်း ပြိုကျပျက်စီးသွားခဲ့၍ မူလလက်ရာမပျက်ပျက်ပုံအတိုင်း တိုးတက်မပျက်စီးစေရန် အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"လုပ်ငန်းဆောင်ရွက်တဲ့အပိုင်းကိုတော့ ကန်ထရိုက်ရရှိထားတဲ့ကုမ္ပဏီနဲ့ ပူးပေါင်းပြီးတော့ အတွေ့အကြုံရှိ ကျွမ်းကျင်ပညာရှင်တွေနဲ့ လုပ်သားတွေက ဆောင်ရွက်နေပါတယ်" ဟု ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂူတော်သစ်ဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေး) မှ မြန်မာ့ဥသျှောင်ကုမ္ပဏီဖြင့် ပူးပေါင်း၍ ဩဂုတ်လမှစတင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများအားလုံး ယခုနှစ်ကုန်ပိုင်းတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။ ဂူတော်သစ်ဘုရားသည် အင်းဝမြို့ဟောင်း စည်တိုပုံမြို့ရိုးအတွင်း အရှေ့ယွန်းယွန်း တောင်ဘက်မြို့တံတိုင်းအနီးတွင်တည်ရှိပြီး ပင်းယတစ်စီးရှင်သီဟသူမှ တည်ထားကိုးကွယ်တော်မူခဲ့သည်။

ဂူတော်သစ်သည်ပုဂံခေတ် လွန်ရှားပါးလိုဏ်ပေါက်စေတီများအနက် တစ်ဆူအပါအဝင်ဖြစ်ပြီး ပန္နက်ပုံစံမှာ အာနန္ဒာပုံစံမျိုးဖြစ်သော်လည်း အတွင်း၌ အာနန္ဒာကဲ့သို့ လှည့်ပတ်ဝင်နိုင်သော စင်္ကြံလမ်းမပါရှိဘဲ အောက်ဘက်မှ အရပ်မျက်နှာလေးဘက်ဖွင့်၍ တည်ဆောက်ထားကာ အပေါ်မှ စေတီလုံးပေါက်ထားသည်။

အောက်ခြေပိုင်းတွင် မူရင်းလက်ရာကျန်နေသေးသော်လည်း အပေါ်ပိုင်းရှိစေတီမှာ ပြန်လည်ပြုပြင်မှုများရှိခဲ့ပြီး အပြင်ဘက်တွင် အင်္ဂတေအနုပညာလက်ရာများကို တွေ့ရှိရကြောင်း၊ ပဒုံမင်းမှ ထပ်ဆင့်ရေးထိုးထားသော စာကြောင်းရေကိုးကြောင်းပါ ကျောက်စာလည်းပါရှိပြီး ယင်းကျောက်စာအား အမရပူရမြို့ ပုထိုးတော်ကြီးအတွင်း ကျောက်တိုင်အမှတ်(၃၉၉)အဖြစ် ထားရှိခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**





## ရွှေမြင်မိစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူ

**မိတ္ထီလာ နိုဝင်ဘာ ၅**

မိတ္ထီလာမြို့နယ် သီရိမင်္ဂလာရပ်ကွက်တွင် ပုဂံခေတ် ကောဇာသက္ကရာဇ် ၅၃၆ ခုနှစ်၌ နရပတိစည်သူမင်း တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းသမိုင်းဝင် မဟာသကျမုနိ ရွှေမြင်မိစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် စိန်ဖူးတော်၊ ရွှေထီးတော် ကပ်လှူပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ၎င်းစေတီတော်အနီးတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ မြို့ရှေ့တိုက် ရွှေဘုံသာကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇ္ဇောဒယထံမှ မဟာသကျမုနိ ရွှေမြင်မိစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းအလှူရှင် ပြည်သူများ၊ စိန်ဖူးတော်၊ ရွှေထီးတော်အလှူရှင်များက ငါးပါးသီလ ခံယူစောင့်ထိန်းကြသည်။

၎င်းနောက် စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များအား အလှူရှင်များက ပင့်ဆောင်ပြီး ၎င်းစေတီတော်မြတ်အား လှည့်လည်ပူဇော်ကြပြီး စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် မြို့မိမြို့ဖများ၊ စိန်ဖူးတော်အလှူရှင် ဒေါ်ချိုချိုနှင့် မိသားစုဝင်များ၊ ရွှေထီးတော်အလှူရှင် ဦးဇော်ဝိတ်၊ ဒေါ်တင်စိန် မိသားစုဝင်များ၊ လုံးတော်ပြည့်ရွှေသင်္ကန်းအလှူရှင် ပြည်သူများက တင်လှူပူဇော်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## အခြေခံပညာအဆင့်ကင်းထောက်သင်တန်းဆင်းပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် အခြေခံပညာအဆင့် ကင်းထောက်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနွယ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနွယ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် စွမ်းရည်ထူးချွန်သူများနှင့် အဖွဲ့လိုက်ထူးချွန်သူများအား ဂုဏ်ပြုလက်မှတ်ပေးအပ်၍ ဆုများချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲ သို့ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနွယ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၄ ဦးတက်ရောက်၍ သင်တန်းကာလမှာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃ ရက်အထိဖြစ်သည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

## မိုးပွင့်(အထူး)စီမံချက်(၂)အရ သာသနာ့နွယ်ဝင်ရဟန်းသံဃာတို့အား သာသနာဝင်စိစစ်ရေးကတ်ပြားများကွင်းဆင်း ဆောင်ရွက်ဆက်ကပ်

**ကျောက်ဆည် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့် (အထူး) စီမံချက်(၂)အရ သာသနာဝင်စိစစ်ရေးကတ်ပြားမရှိသေးသည့် သာသနာ့နွယ်ဝင်ရဟန်းသံဃာတို့အား သာသနာဝင်စိစစ်ရေးကတ်ပြားများကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ ရဲစုရပ်ကွက် ပညာလင်္ကာရကျောင်းစာသင်တိုက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်ရာတွင် ကျောက်ဆည်မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တခေမိန္ဒာစာရထံမှ ဩဝါဒခံယူ၍ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ကျောက်ဆည်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က သာသနာဝင်စိစစ်ရေးကတ်ပြားမရှိသေးသည့် ပညာလင်္ကာရစာသင်တိုက်မှ ရဟန်း၊ သာမဏေ ၁၄၇ ပါးအား သာသနာဝင်စိစစ်ရေးကတ် ၁၄၇ ကတ်ကိုဆောင်ရွက်ဆက်ကပ်ပေးခဲ့သည်။ **တင်တင်ထွေး(စဉ့်ကိုင်)**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30 am 16,30 Nov
Mon to Thurs-3:00-5:00pm 16 Nov
Mon to Thurs-1:00-3:00pm 16 Nov
Sat & Sun - 3:45-6:45 pm 21 Nov
MontoThurs 5:30-7:00 pm 23 Nov
Mon to Thurs-10:00-12:00am 23 Nov
Sat & Sun - 12:30-3:30 pm 28 Nov
Mon to Thurs-1:00-3:00pm 30 Nov

**Pre-Intermediate English**
Mon to Thurs-5:00-7:00 pm 23 Nov
Mon to Thurs-10:00-12:00 am 23 Nov

**Grammar Foundation Course**
Sat & Sun - 9:00-12:00 am 14 Nov
Mon to Thurs-10:00-12:00am 16 Nov
Mon to Thurs-3:00-5:00pm 23 Nov

**Structure & Written Expression**
Mon to Thurs - 1:00-3:00pm 23 Nov
Mon to Thurs - 5:30-7:00pm 23 Nov
Sat & Sun - 3:30-6:30pm 28 Nov

IELTS(TestPractice), IELTS(Foundation), IELTS(Speaking)
SAT,API,AWC,TOEFL, IE, VEC,BWC
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

GREAT GOLDEN STAR အဆင့်မြင့်ခရီးသွားလုပ်ငန်း
ဝန်ထမ်းအလိုရှိသည်။

| | | |
|---|---|---|
| 1. Operation Manager | မ | (၁)ဦး |
| 2. Sale & Marketing | ကျား/မ | (၁)ဦး |
| 3. Hotel Reservation | ကျား/မ | (၁)ဦး |
| 4. Operation & Office Staff | ကျား/မ | (၃)ဦး |

- တက္ကသိုလ်ဘွဲ့ရ၊ အင်္ဂလိပ်စာ ရေးသားပြောဆိုနိုင်သူ ဖြစ်ရမည်။
- အသက် (၂၂)နှစ် မှ (၃၀)နှစ်အတွင်း၊
- အမှတ်စဉ်(၄)အတွက် Microsoft Office,E-mail,Internetကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
- လျှောက်ထားလိုသူများသည် ဓာတ်ပုံနှင့်တကွ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

အမှတ်(၂၆၅)၊ ဝဏ္ဏထပ်၊ ၁၅၃-လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းဒေါင့်၊ တာမွေဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ မှတ်ချက် ....လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

## ပြည်တွင်းရေးရာ

# ဆင်ပေါင်ဝဲမြို့နယ်တွင် မဲရုံလုံခြုံရေးအတွက် အထူးရဲ ၁၂၅ဦး ထားရှိမည်

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၅**

ဆင်ပေါင်ဝဲမြို့နယ်တွင် ရွေးကောက်ပွဲကာလ မဲရုံလုံခြုံရေးအတွက် မဲရုံတစ်ရုံလျှင် အထူးရဲတစ်ယောက်စီ တာဝန်ပေးအပ်သွားရမည်ဖြစ်သဖြင့် အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်ထိ မြို့မရဲစခန်းတွင် အထူးရဲ ၆၀ ဦး၊ ကိုးပင်နယ်မြေရဲစခန်းတွင် အထူးရဲ ၆၅ ဦး စုစုပေါင်း ၁၂၅ ဦး တို့အား သင်တန်းပို့ချပေးထားပြီး ဖြစ်သည်။ သင်တန်းတွင် အခြေခံစစ်ရေးပြဘာသာရပ်၊ ရွေးကောက်ပွဲဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေနှင့် ကျင့်ဝတ်များကို ထည့်သွင်းပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တာမွေမြို့နယ်တွင် သောက်သုံးရေရရှိအောင် ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် ပိန်းတောလမ်းအတွင်းနေထိုင်ကြသည့် ပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေခြင်းကြောင့် တောင်ပိုင်းခရိုင်စည်ပင်သာယာရေးကော်မတီဥက္ကဌ ဦးဇော်ဝင်းနှင့် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွဋ်တို့က နိုဝင်ဘာ ၄ ရက်က ခရိုင်နှင့်မြို့နယ်ပေါင်းစပ်ညှိနှိုင်းကာ သောက်သုံးရေများရရှိစေရေး ဆောင်ရွက်ပေးခဲ့ကြသည်။

"ပိန်းတောလမ်းမှာက အိမ်ထောင်စု ၁၃၀ လောက်ရှိတယ်။ သောက်သုံးရေ အမှန်တကယ်လိုအပ်နေတာကို ရပ်ကွက်တာဝန်ရှိသူတွေကတဆင့် မြို့နယ်နဲ့ခရိုင်ကို အကူအညီပေးဖို့ အကြောင်းကြားပြီး သောက်သုံးရေရရှိစေရေးအတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဌက ရှင်းပြသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာသော်လည်း သောက်သုံးရေအခက်အခဲအတွက် အဆင်ပြေသွားခြင်းကြောင့် မီးဘေးအန္တရာယ်အတွက် ရေများသိုလှောင်ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။ **(၅၉၇)**



# သိမ်ဇရပ်တွင် တောင်ပြိုမှုမဖြစ်ပေါ်စေရေး မြေထိန်းနံရံ စတင်ဆောင်ရွက်လျက်ရှိ



**ကျိုက်ထို နိုဝင်ဘာ ၅**

မိုးရွာသွန်းမှုများသည့် ကာလများ၌ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် တောင်ပြိုကျမှုများဖြစ်ပေါ်တတ်လေ့ရှိခြင်းကြောင့် ဆံတော်ရှင်မြသိန်းတန်စေတီနှင့် အနီးရှိ နောင်တော်ကြီးစေတီတို့ ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရေးအတွက် မြေထိန်းနံရံဆောက်လုပ်ရေးလုပ်ငန်းကို စက်ယန္တရားများဖြင့် နိုဝင်ဘာ ၄ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနခွင့်ပြုချက်အရ မြို့၏ကျက်သရေဆောင်ဖြစ်သော ရှေးဟောင်းဆံတော်ရှင် မြသိန်းတန်စေတီနှင့် နောင်တော်ကြီးစေတီတို့ ထိခိုက်ပျက်စီးမှုမဖြစ်စေရေးအတွက် လုပ်ငန်းလုပ်ကိုင်ရန် တင်ဒါခေါ်ယူခဲ့ရာ ကျိုက်ထိုမြို့မှ ရိုးရိုးလေးဆောက်လုပ်ရေးကုမ္ပဏီက လုပ်ကိုင်ခွင့်ရရှိခဲ့သည်။

ယင်းလုပ်ငန်းတည်ဆောက်မှုအတွက် ဝန်ကြီးဌာန၏ခွင့်ပြုငွေကျပ် ၁၄၂၃ သိန်းဖြင့် ဆောက်လုပ်မည်ဖြစ်ပြီး မြေထိန်းနံရံမှာ အလျား ၅၉၃ ပေအရှည်ရှိ Gabion Wall အမျိုးအစား လိပ်သဲကျောက်ဖြည့်နံရံ ဖြစ်သည်။

ယင်းမြေထိန်းနံရံဆောက်လုပ်ရေးအတွက် ရိုးရိုးလေးကုမ္ပဏီနှင့်အတူ သိမ်ဇရပ်မြသိန်းတန်ဘုရားကြီးကျောင်း ဆရာတော် အရှင်နန္ဒာသိရီ၏ တပည့်ဒါယကာများဖြစ်ကြသော Monier Minn Co.Ltdမှ Project Director ဦးသက်ထွန်းနှင့်အဖွဲ့က အခမဲ့ကုသိုလ်ယူဆောင်ရွက်ကြမည်ဖြစ်ပြီး စေတီတော်နှစ်ဆူအား တောင်စောင်းမှ ဖူးမြော်နိုင်စေရန်အတွက် အာရုံခံပတ်လမ်းကိုလည်း ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

"ပုဂံရောဝတီမြစ်ကမ်းမှာလည်း မြေထိန်းနံရံဆောက်လုပ်ခဲ့တဲ့ အတွေ့အကြုံရှိပါတယ်။ ဒီမှာသုံးမယ့်လိပ်သဲကျောက်ကြီးတွေက အရည်အသွေးပိုကောင်းတော့ ပိုပြီးခိုင်ခံ့မှာပါ။ Box တွေက အလျားသုံးမီတာ၊ အနံတစ်မီတာ၊ အမြင့်တစ်မီတာရှိပြီး ကျောက်ဖြည့်ပြီးရင် တစ်လုံးကို လေးတန်ခွဲလောက် အလေးချိန်ရှိမှာပါ။

"နောက် Box တွေကို အပြင်ဘက် တစ်မီတာလောက် အစွန်းထုတ်ပြီး ဆင့်သွားမှာပါ။ မြေအနေအထားကိုကြည့်ပြီး အဆင်ပြေခိုင်ခံ့အောင် တည်ဆောက်သွားမှာပါ" ဟု အခမဲ့ကုသိုလ်ယူဆောင်ရွက်ကြမည့် အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးသက်ထွန်းက ပြောသည်။

**ရဲခေါင်ဦး**

## ရုပ်ရှင်၊ ဗီဒီယိုလောကသားများ

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၈ရက်နေ့သည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံသားတိုင်း မိမိ၏ ဆန္ဒမဲပေးနိုင်ရန် ရုပ်ရှင်၊ ဗီဒီယို အနုပညာရှင်၊ အတတ်ပညာရှင်များ အားလုံးသည် ၈-၁၁-၂၀၁၅ရက်တွင် ရုပ်ရှင်ဇာတ်ကား၊ ဗီဒီယိုဇာတ်ကားများ ရိုက်ကူးခြင်းကို ရပ်နားထားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ခရမ်းမြို့နယ်မှ လက်ထောက်ဦးစီးမှူး ဦးခင်ဦး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၇/သဝတ(နိုင်)၀၅၄၇၄၇]နှင့် ဦးခင်မောင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်သန်းသန်းလွင်[၁၂/မဂဒ (နိုင်) ၁၁၁၀၄၅]၏ PP NO. M316440 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၇၀၃၂

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1 V.234 သင်္ဘောသည် ၈-၁၁-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
6 - 7:30 (Mon – Thurs) 2 Nov
9 - 12:00 (Sat + Sun) 14 Nov
7:30 - 9 (Mon – Thurs) 16 Nov
10 - 11:30 (Mon – Thurs) 30 Nov

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon – Thurs) 2 Nov
6 - 7:30 (Mon – Thurs) 2 Nov
7:30 - 9 (Mon – Thurs) 16 Nov
10-11:30 (Mon – Thurs) 16 Nov
1 - 2:30 (Mon – Thurs) 23 Nov

BASIC GRAMMAR
1 - 4:00 (Sat + Sun) 7 Nov
3:30 - 5 (Mon – Thurs) 30 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon – Thurs) 2 Nov
10-11:30 (Mon – Thurs) 16 Nov
12 - 3:00 (Sat + Sun) 21 Nov
1 - 2:30 (Mon – Thurs) 23 Nov
6 - 7:30 (Mon – Thurs) 30 Nov

INTERMEDIATE (ACADEMIC ENGLISH)
1 - 4:00 (Sat + Sun) 7 Nov
10-11:30 (Mon – Thurs) 16 Nov

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 15 Nov
1 - 2:30 (Mon – Thurs) 16 Nov

BASIC WRITING
12 - 3:00 (Sat + Sun) 14 Nov

INTEMEDIATE GRAMMAR
7:30 - 9 (Mon – Thurs) 28 Dec

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30-5:30 (Mon – Thurs) 11 Nov
7:30-10:30 (Sat + Sun) 21 Nov

BASIC GRAMMAR
7:30-10:30 (Sat + Sun) 14 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
6 - 7:30 (Mon – Thurs) 16 Nov
7:30 - 9 (Mon – Thurs) 30 Nov

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon – Thurs) 9 Nov
6 - 7:30 (Mon – Thurs) 9 Nov
1 - 3:00 (Mon – Thurs) 11 Nov
7:30 - 9 (Mon – Thurs) 16 Nov
7:30-10:30 (Sat + Sun) 21 Nov
10-11:30 (Mon – Thurs) 30 Nov
1 - 2:30 (Mon – Thurs) 30 Nov

IELTS (Preparation)
1 - 3:30 (Mon – Thurs) 16 Nov
7:30-9:30 (Mon – Thurs) 30 Nov

IELTS (Writing)
7:30-10:30 (Sat + Sun) 31 Oct

IELTS (Speaking)
7:30 - 9 (Mon – Thurs) 2 Nov

IELTS (Reading)
1 - 3:00 (Mon – Thurs) 30 Nov

IELTS (Grammar)
10-11:30 (Mon – Thurs) 23 Nov


## ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူရသော လူနာများအတွက် ဓာတ်ခွဲစမ်းသပ် စစ်ဆေးနိုင်ရန် ဓာတ်ခွဲသုံးဆေးပစ္စည်းများ၊ သွေးလှူဘဏ်မှ သွေးနှင့်သွေးထွက်ပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဓာတ်ခွဲဆေးပစ္စည်းများ၊ သွေးနှင့်သွေးထွက်ပစ္စည်းများစာရင်းကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက် -၅-၁၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်- -၂၀-၁၁-၂၀၁၅ရက် ညနေ ၄း၀၀ နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

# နဝင်းချောင်းကူး ပိန်းတောသံကူကွန်ကရစ်တံတားဖွင့်လှစ်



**တပ်ကုန်း နိုဝင်ဘာ ၅**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်နယ်မြေ (၃) နှင့် (၁၁၊ ၁၂၊ ၁၃) ကြားတွင် ဖြတ်သန်းစီးဆင်းသည့် နဝင်းချောင်းကူး ပိန်းတောသံကူကွန်ကရစ်တံတားဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီက အဆိုပါတံတားမုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံဦးမြင့်ရွှေက အဖွင့်အမှာစကားပြောကြားပြီး (လမ်း/တံတား)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးက ရပ်ကွက်နှင့် ကျေးလက်နေပြည်သူများ၏ သွားလာမှုလွယ်ကူမြန်ဆန်စေရန်နှင့် ကျေးရွာထုတ်ကုန်များ စီးဆင်းမှုလျှင်မြန် လွယ်ကူစေရန်အတွက် နိုင်ငံတော်အစိုးရက ရပ်ကွက်၊ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ချောင်းကူး၊ မြောင်းကူးတံတားများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် သံကူကွန်ကရစ်တံတားကို ပြည်သူများသွားလာရေးအတွက် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးအောင်ကျော်ငြိမ်း၊ လမ်း/တံတားဌာနမှူး ဦးကျော်မြင့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါရပ်ကွက်ရှိ နဝင်းချောင်းကူး ပိန်းတောတံတားသည် မူလက သစ်သားတံတားဖြစ်ပြီး ယခု နေပြည်တော်ကောင်စီ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည် ၁၂၄ ပေ၊ အကျယ် ၁၂ ပေခွဲ သံကူကွန်ကရစ်တံတားအဖြစ် နေပြည်တော်စည်ပင်သာယာရေး (လမ်း/တံတား)ဌာနမှ တာဝန်ယူတည်ဆောက်ခဲ့သည်။

ယင်းတံတားပေါ်တွင် ဖြတ်သန်းသွားလာမည့်ယာဉ်များအား ယာဉ်+ကုန် (၁၀) တန်အောက်ယာဉ်များသာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်သည်။

တံတားတစ်ဖက်ကမ်းရှိ ဘုရင့်နောင်ရပ်ကွက်(ပိန်းတော) နယ်မြေ (၁၁၊ ၁၂၊ ၁၃)နှင့် ညောင်ပင်ဝင်း၊ ကံသာ၊ အောင်ချမ်းသာ၊ အောင်သာကျေးရွာ စသည့်ကျေးရွာများရှိ ပြည်သူများ တောင်သူလယ်ယာ ထုတ်ကုန်များနှင့် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများ မိုပိုအဆင်ပြေလာတော့မည်ဖြစ်သည်။ **တင်စိုးလွင်(ပြန်/ဆက်)**



၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်၌ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်ပြည်သူများ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာ၌ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို နိုဝင်ဘာ ၄ ရက်က ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ထုတ်ပေးလျက်ရှိရာ မဲဆန္ဒရှင်ပြည်သူများက စိတ်ဝင်တစား လာရောက်ထုတ်ယူကြသည်။ ဟားခါးမြို့နယ်တွင် မဲရုံပေါင်း ၈၅ ရုံရှိပြီး မဲဆန္ဒရှင်ပြည်သူ ၂၉၀၀၀ ကျော်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ဟားခါးခရိုင်(ပြန်/ဆက်)

## ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ကမ္ဘာ့လက်ဆေးခြင်း အထိမ်းအမှတ် ဆုပေးပွဲ ကျင်းပ

**ဒီးမော့ဆို နိုဝင်ဘာ ၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ကျန်းမာရေးဌာန လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်း စီမံကိန်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့မှ ကမ္ဘာ့လက်ဆေးခြင်းအထိမ်းအမှတ် ဆုပေးပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ကျင်းပခဲ့သည်။

ဆုပေးပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာဒွေးနန္ဒက လက်ဆေးခြင်းနှင့်ပတ်သက်သော အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူထုအခြေပြု ကျန်းမာရေးနှင့် ရှေးဦးပြုစုခြင်းစီမံကိန်းဝင်ကျေးရွာ ၁၀ ရွာမှ ကမ္ဘာ့လက်ဆေးခြင်းအထိမ်းအမှတ် လက်ဆေးခြင်းပြိုင်ပွဲတွင် ဆုရရှိသောကျေးရွာများအား မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ အတွင်းရေးမှူး ဦးမန်းတင်၊ ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး (ပထမတန်း) ဦးဇော်ဇော်အောင်နှင့် မြို့နယ်စီမံကိန်း ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးစည်သူတို့က ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထို၌ ရပ်ကွက်ကျေးရွာအုပ်စုများတွင်ဖွင့်လှစ်ထားရှိသော မဲရုံများအား မဲလက်မှတ်များထုတ်ပေး

**ကျိုက်ထို နိုဝင်ဘာ ၅**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်တွင် မဲဆန္ဒရှင်များရွေးချယ်ရမည့် ကိုယ်စားလှယ်လောင်းများအား မဲပေးနိုင်ရန် ကျိုက်ထိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများတွင် ဖွင့်လှစ်ထားရှိသော မဲရုံများအတွက် မဲလက်မှတ်များကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ မဲရုံမှူး၊ ဒုမဲရုံမှူးများနှင့် အတွင်းရေးမှူးများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးယုကြိုင်၊ အတွင်းရေးမှူးဦးမိုးကျော်သူနှင့် ကော်မရှင်အဖွဲ့ဝင်များမှ စိစစ်၍ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမဲလက်မှတ်များ လုံခြုံမှုရှိစေရန် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့နှင့် အထူးရဲတို့က ရပ်ကွက်ကျေးရွာအုပ်စုများအရောက် လိုက်လံပို့ဆောင်ပေးခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၄၆၄)၊ မြေကွက်တည်နေရာအမှတ်(၄၆၄)၊ ဗဟိုလမ်း (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ဆန်းဆန်းရင်[၁၂/ပဗတ(နိုင်)၀၀၆၀၇၅] အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဇနီး(ဒေါ်ဆန်းဆန်းရင်) ကွယ်လွန်သဖြင့် ဦးကောက်ချေ(ခ) ဦးရွှေဝင်း[၁၂/ပဗတ(ဧည့်)၀၀၀၀၉၁]က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း သေစာရင်းနှင့် ကျမ်းကျိန်လွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်+အပိုင်ပေး မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ရောင်းပေးဝယ်ပေးသည်။
09-6809893
09-6819020

မီးသတိပြု

### အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၂)ရပ်ကွက်၊ နှင်းဆီလမ်း၊ ခြံအမှတ်(၃၆၃)၊ ဦးသိန်းမောင်-ဒေါ်ခင်ရီတို့၏သား ဦးခင်မောင်လွင် [၁၂/ဒဂန(နိုင်)၀၀၁၉၈၉]သည် မိဘဆိုဆုံးမမှုစကားကို နာခံခြင်းမရှိခြင်း၊ မိဘညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာကျ အရှက်ရစေသော အပြုအမူ အလုပ်အကိုင်များ၊ လုပ်ဆောင်နေသည့်အတွက် ဦးခင်မောင်လွင်အား အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေး မည်မဟုတ်ပါကြောင်း၊ ဦးခင်မောင်လွင်နှင့် သက်ဆိုင်သူများ သိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင် ဦးသိန်းမောင်[၁၂/ဒဂန(နိုင်)၀၀၉၁၀၂] - မိခင် ဒေါ်ခင်ရီ[၁၂/ဒဂန(နိုင်)၀၁၃၁၀၃]

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သမီးဖြစ်သူ မဇင်မင်းမြတ် [၁၂/ဥကမ(နိုင်)၂၀၁၈၂၄]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ၎င်းအား အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးနေလင်း[၁၂/ဥကမ(နိုင်)၀၉၆၂၅၅]
ဒေါ်မြမြဝင်း [၁၂/ဥကမ(နိုင်)၀၉၅၁၁၉]

### ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ်(၆၃)၊ A5တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်း[၁၂/ဥကမ(နိုင်)၁၈၀၃၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးဇော်ထွန်း၏ဇနီး ဒေါ်သန်းသန်းဦး(ခ) မချမ်းမွန်[၇/ပခန(နိုင်)၀၄၇၄၉၆]သည် ခင်ပွန်းဖြစ်သူနှင့် သမီးဖြစ်သူတို့၏ ဂုဏ်သိက္ခာကို ထောက်ထားမှုမရှိဘဲ နေအိမ်မှ အကြိမ်ကြိမ်ထွက်ခွာကာ လောင်းကစားဝိုင်းများသို့ သွားရောက်လောင်းကစားခြင်းပြုလုပ်ခဲ့သည်မှာ (၁၀) နှစ်ကျော် ကြာမြင့်နေပါသည်။

ထို့အပြင် နေအိမ်မှ ငွေများယူဆောင်ကာ လောင်းကစားဝိုင်းများသို့ သွားရောက်နေသူတစ်ဦးဖြစ်သောကြောင့် ၎င်းအပေါ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိသည်သာမက ထိန်းသိမ်းလိုခြင်းလည်း မရှိတော့ပါ။ ဒေါ်သန်းသန်းဦး(ခ)မချမ်းမွန်နှင့် ပတ်သက်သည့် ငွေကြေးကိစ္စရပ်များကိုလည်း တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ပါ။

ထို့ကြောင့် ယနေ့မှစ၍ ဒေါ်သန်းသန်းဦး(ခ) မချမ်းမွန်အား တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းလွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၆)
ဥပဒေအကြံပေး
အမှတ်(၅၀)၊ အခန်း(၉)၊ ဒုထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph-095184209

ပြည်တွင်းရေးရာ

# ကောလင်းမြို့နယ်၌ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ် ၄၇၁၂ သန်းကျော်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**ကောလင်း နိုဝင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရနှင့်တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၇၁၂ ဒသမ ၈၄၁ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်း ၁၂၀ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများမှာ တိုက်နယ်ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနနှင့် ဌာနခွဲများဆောက်လုပ်ခြင်းလုပ်ငန်း ၁၀ မျိုးကို ငွေကျပ် ၇၀၈ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည်။

ထို့ပြင်အခြေခံပညာကျောင်းများ၌ စာသင်ဆောင်သစ် ၁၀ ဆောင် ဆောက်လုပ်ခြင်းကိုကျပ် ၅၆၁ဒသမ ၆၇သန်း၊ ကျေးရွာများ၌ စက်ရေတွင်းများတူးဖော်ခြင်းနှင့် ကျေးလက်လမ်း၊တံတားများ ဆောက်လုပ်ခြင်းကို ကျပ် ၇၈၁ ဒသမ ၈၅၂သန်း၊ ဆက်သွယ်ရေးတာဝါတိုင် သုံးတိုင် ဆောက်လုပ်ခြင်းကို ငွေကျပ် ၁၃၅ သန်းတို့ ဖြစ်ကြသည်။

တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာများ မီးလင်းရေးအတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ ဆောက်လုပ်ခြင်းကို ငွေကျပ် ၄၈၄ ဒသမ ၄ သန်း၊ လမ်းတံတားများ ဆောက်လုပ်ခြင်းကို ငွေကျပ် ၁၈၀၈ ဒသမ ၀၅၉သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယင်းပြင် ဆည်မြောင်းများ ဆောက်လုပ်ခြင်းကို ငွေကျပ် ၁၄၀ ဒသမ ၃၆ သန်း၊ မီးသတ်စခန်း တစ်ခု ဆောက်လုပ်ခြင်းကို ငွေကျပ် ၈၈ သန်း၊ စက်ရေတွင်းများ တူးဖော်ခြင်းကို ငွေကျပ် ၅ဒသမ ၃ သန်းတို့ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ကိုကိုမောင်(ကောလင်း)**

# မိတ္ထီလာအကျဉ်းထောင်နှင့် အမှတ်(၁)ရဲစခန်းရှိ အမှုရင်ဆိုင်နေရဆဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိ အချုပ်သားများ ကြိုတင်ဆန္ဒမဲပေး

**မိတ္ထီလာ နိုဝင်ဘာ ၅**

၂၀၁၅ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈နှစ် ပြည့်ပြီးသူတိုင်း ဆန္ဒမဲများပေးနိုင်ရန် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆောင်ရွက်ပေးလျက်ရှိရာ မိတ္ထီလာ အကျဉ်းထောင်နှင့် အမှတ်(၁)ရဲစခန်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိ အချုပ်သား ၇၂ ဦးက ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက အကျဉ်းထောင်နှင့် ရဲစခန်းများ၌ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ အချုပ်သားများ ကြိုတင်ဆန္ဒမဲများပေးနိုင်ရန်အတွက် အကျဉ်းဦးစီးဌာန၊ အမှတ်(၁)ရဲစခန်းများမှ တာဝန်ရှိသူများနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်များက စာရင်းများမှန်ကန်မှုရှိရေး စစ်ဆေးပြီး ကြိုတင်ဆန္ဒမဲများပေးရာတွင် စနစ်တကျ ပေးနိုင်အောင်၊ မိမိတို့ဆန္ဒပြုလိုက်သည့် ကြိုတင်မဲများ ပယ်မဲများဖြစ်မသွားစေရန် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ အချုပ်သားများအား ရှင်းလင်းပြောပြခဲ့သည်။

ထို့ပြင် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများမှ အမှုရင်ဆိုင်နေရဆဲ အချုပ်သားများမှာ အမှတ် (၁) ရဲစခန်းတွင် ကိုးဦးနှင့် အကျဉ်းထောင်တွင် အမျိုးသား ၅၇ ဦးနှင့် အမျိုးသမီးခြောက်ဦးတို့က မိမိတို့ နှစ်သက်ရာကို ဆန္ဒပြုခန်း၌ လွတ်လပ်စွာ ဆန္ဒပြုခဲ့ကြကြောင်း သိရသည်။

ဇင်းအပြင် မိတ္ထီလာအကျဉ်းထောင်၌ အနယ်နယ်အရပ်ရပ်မှ အမှုရင်ဆိုင်နေရဆဲ အချုပ်သားများအား ကြိုတင်မဲများ ပေးနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ယခုအချိန်အထိ အနယ်နယ်အရပ်ရပ်မှ ကြိုတင်ဆန္ဒမဲပေးပြီးသူ ၄၂ ဦး အထိ ရှိပြီးဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကရင်ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဘားအံမြို့၌ကျင်းပ

**ဘားအံ နိုဝင်ဘာ ၅**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသည် ရက်ပိုင်းမျှသာ လိုတော့သည်ဖြစ်ရာအဆိုပါရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကရင်ပြည်နယ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး အောင်လွင်၊ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးစိန်လွင်တို့က ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသော်တာငြိမ်းက ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ကရင်ပြည်နယ်တာဝန်ခံ) ဦးစောဘလှိုင်၊ ကရင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဟသ်ာတစစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်များအား သက်သာထောက်ပံ့ငွေများပေးအပ်

**ဟသ်ာတ နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျောင်းနေသားသမီးများအတွက် သက်သာထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသက် ၇၅ နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သုံးဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ အဖွဲ့ဝင် ၄၃၄ ဦးအား တစ်ဦးလျှင် ကျပ် ၂၅၀၀၀ ဖြင့်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ ၂၈ ဦးအတွက် တစ်ဦးလျှင် ကျပ် ၂၅၀၀၀ ကိုလည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများအတွက် ဗဟိုထောက်ပံ့ငွေကျပ် ၁၅၀၅၀၀၀ အပါအဝင်စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၁၀၈၂၅၀၀ အား ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဟသ်ာတ(ပြန်/ဆက်)**







MYANMAR - LAOS - CAMBODIA - VIETNAM - THAILAND
toyotamekongfootball.com
**TOYOTA MEKONG CLUB CHAMPIONSHIP 2015**
TOYOTA MEKONG CLUB CHAMPIONSHIP
TOYOTA
YANGON UNITED FC
(OOREDOO MNL CHAMPION)
VS
LAO TOYOTA FC
(LAO PREMIER LEAGUE CHAMPION)
Kick-off 4pm
22ND NOVEMBER 2015
THUWUNNA (Y.T.C.) STADIUM
YANGON, MYANMAR
Ticket available at Thuwunna Y.T.C Stadium from 19th November

**ကြည်နူးရွှင်သာ သီတင်းကျွတ်ချိန်ခါ**
ချယ်ရီဦးတွင် (20,000) ကျပ် နှင့်အထက် နာရီ(၁)လုံး ဝယ်ယူခြင်းဖြင့်
နောက်ထပ် နာရီ(၁)လုံးကို (15% Discount) ရယူလိုက်ပါ။
အောက်တိုဘာလ (၁) ရက်နေ့မှ နိုဝင်ဘာလ (၃၀) ရက်နေ့ထိသာ
CHERRY OO Website : http://www.cherryoo.com/ Facebook : https://www.facebook.com/cherryoowatchgallery

**RVi Institute partners the best institutions to bring you...**
The RVi Institute Foundation Diploma in Management Studies [ in collaboration with Singapore Institute of Management (SIM) ]
Information Talk: 7th & 14th November 2015 | 10:00 AM - 12:00 NOON | The RVi Global Education Campus
RVi INSTITUTE Centre for Higher Education
CONTACT US NOW TO REGISTER FOR OUR INFORMATION TALKS
72, Chin Dwin Street, Kamaryut Township, Yangon, Myanmar | Tel: 01-536 260, 01-230 5998, 09-254 711 898
Email: rvinstitute.admission@gmail.com | Facebook: RVi Group | Website: rvi-institute.com

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | |
|---|---|---|---|
| သမ္မတ<br>၀၁-၂၄၆၉၆၂<br>၀၁-၂၄၆၉၆၃ | သွင်<br>၀၁-၃၇၂၉၄<br>၀၉၇၃၂၈၅၆၀ | မင်္ဂလာ(၁)<br>၀၁-၂၄၃၀၅၇<br>၀၁-၂၄၃၀၅၀ | မင်္ဂလာစံပြ<br>၀၉၂၆၀၀၈၀၃၅<br>၀၉၂၆၀၀၈၀၃၆<br>၀၁ ၂၈၀၃၁၆၅ |
| Top Royal<br>၀၉၄၂၀၁၆၂၉၀<br>၀၉၄၂၀၁၆၂၉၂ | ဝင်းလိုက်(မန္တလေး)<br>၀၂-၃၉၀၂၈<br>၀၂-၆၀၂၉၀ | မြို့မ(မန္တလေး)<br>၀၂-၃၉၀၃၆<br>၀၂-၃၉၀၃၇ | မင်္ဂလာထွန်းသီရိ<br>၀၉၇၉၃၀၀၈၃၅၁<br>၀၉၇၉၃၀၀၈၃၅၂ |

ကြိုတင်လက်မှတ်ရောင်းပြီ
၆၊၁၁၊၂၀၁၅ ရက်မှ စတင်၍တစ်ပြိုင်တည်းပြသမည်။
ပြမည်




**သမဂ္ဂါယမတက္ကသိုလ်(သန်လျင်) နှင့် WISE College တို့ ပူးပေါင်းဖွင့်လှစ်သော Business Management Higher Diploma (အမှတ်စဉ် -၄) သင်တန်းအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း**

အောက်ဖော်ပြပါ Business Management Diploma သင်တန်းများကို ဒီဇင်ဘာ (၁၂)ရက် နေ့တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသည်။

1. Business Management Higher Diploma
2. Business Management Advanced Diploma

(၁) Business Management Higher Diploma သင်တန်းများကို အသက်၁၆နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသူများ၊ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူများ၊ ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ တက်ရောက်နိုင်ပါသည်။
(၂) သင်တန်းများကို အပတ်စဉ် စနေ နှင့် တနင်္ဂနွေနေ့များတွင် တက်ရောက်ရမည်ဖြစ်ပါသည်။ ဖြေဆို အောင်မြင်ပြီးပါက သမဂ္ဂါယမတက္ကသိုလ် (သန်လျင်) နှင့် WISE College တို့ ပူးပေါင်းပေးအပ်သော Diploma လက်မှတ်ကို ရရှိမည်ဖြစ်ပါသည်။
(၃) ၎င်း Diploma သင်တန်းများ အောင်မြင်ပြီးဆုံးပါက UK နိုင်ငံမှ ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု ABE Diploma စာမေးပွဲများကို ဆက်လက်ဖြေဆိုနိုင်ပါသည်။
(၄) ထူးချွန်စွာအောင်မြင်သူများကို On Job Training (OJT) နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကိုလည်း တာဝန်ယူရှာဖွေပေးသွားပါမည်။

ပညာအရည်အချင်း အထောက်အထားမူရင်းနှင့် မိတ္တူ(၂)စုံ၊ ဓါတ်ပုံ (၃)ပုံ တို့နှင့်တကွ (၁.၁၁.၂၀၁၅) မှ စတင်၍ WISE College တွင် စာရင်းပေးသွင်း အပ်နှံနိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။
ဖုန်းနံပါတ် – ၀၉ ၂၅၃ ၅၂၈ ၅၂၁၊ ၀၉ ၂၅၃ ၅၂၈ ၅၂၀
"We are not selling Education"

## ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၅-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးဆန်းညွန့်ဦး မှတ်ပုံတင်အမှတ် ၁၂/မဘန(နိုင်)၀၀၂၀၂အစား ၁၂/မဘန(နိုင်) ၀၀၂၀၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃၃/သမိုင်း)၊ မြေကွက်အမှတ် (၈/က၇၇) မြေကွက်တည်နေရာ အမှတ်(၁၆)၊ မောရဝတီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်ကြည်အောင်) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်အောင် (PAN-၀၅၃၈၅၁) ၁၂/မရက(နိုင်)၀၆၄၄၈၇မှ ဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးမည်ဖြစ်၍ ၁၀-၈-၁၉၉၃ရက်စွဲဖြင့် ထုတ်ပေးထားသည့် ဒေါ်ကြည်အောင် အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တိုက်ခန်းရောင်းရန်ရှိသည်**
မြေညီထပ် L.106 / L1-07
ဗဟိုလမ်း၊ မနော်ဟရီရိပ်သာ၊ ရန်ကုန်။
ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၀၀၂၉၅၆၇၊ ၀၉-၅၄၁၈၇၂၁၊ ၀၉-၅၄၁၈၇၅၈

**ENRICH အဲန်(န်)ရစ်(ချ်)**
ဘရိတ်နှင့်ကလပ်အပိုပစ္စည်းထုတ်လုပ်ရေး

ဘရိတ်ဒစ်၊ ဘရိတ်ဒရမ် နဲ့ပတ်သက်ပြီးစိတ်ညစ်နေရပါသလား၊ကျွန်တော်တို့ဆီ ဖုန်းဆက်လိုက်ပါ။ ရန်ကုန်မြို့တွင်းဝပ်ရှော့များသို့ အရောက်ပို့ပေးပါသည်။
အရည်အသွေးမြင့် ကားလေး ၊ ကားလတ်ဘရိတ်ဒစ်၊ ဘရိတ်ဒရမ် အမျိုးမျိုး လက်လီလက်ကား ရရှိနိုင်ပါသည်။ရန်ကုန်မြို့တွင်းဆိုင်များသို့အရောက်ပို့ပေးပါသည်။
နယ်မှလက်ကား ဝယ်ယူလိုသူများဆက်သွယ်နိုင်ပါသည်။ ကားဂိတ်အရောက်ပို့ပေးသည်။
ရှားပါးကားများ၏ဒစ်၊ ဒရမ်များကိုလည်း ဝယ်ယူသူစိတ်တိုင်းကျ ပြုလုပ်ပေး နေပါသည်။
အမှတ်(၁၁၃)၊ကျွန်းတောလမ်း၊စမ်းချောင်းမြို့နယ်။ ၀၉-၇၃၇၂၈၆၆၄၊ ၀၉-၄၃၁၉၂၈၀၀
အမှတ်(၅၂၅)၊ဂန္ထဝင်(၄)လမ်း၊စက်မှုဇုံ(၅)၊ထ(၃)ကျောင်းအနီး၊လှိုင်သာယာမြို့နယ်၊ ၀၁-၆၈၈၁၃၇


သုံးမျိုးပါဝင် အထူးအစီအစဉ်
အင်တာနက်၊ ပြည်တွင်းဖုန်းနံပါတ်အားလုံးကို အသုံးပြုနိုင်သည့် ဖုန်းခေါ်ဆိုမှုနှင့် SMS တို့ပါဝင်တဲ့ နေ့စဉ်သုံး၊ အပတ်စဉ်သုံး၊ လစဉ်သုံး 3 in 1 အစီအစဉ်များကို *150# သို့ ခေါ်ဆိုပြီး ရယူလိုက်ပါ။
ooredoo
နေ့စဉ်သုံး
၁၅ မိနစ် · 50MB
SMS ၁၀ စောင်
၅၀၀ကျပ်
*7070# ကိုခေါ်ဆိုပါ
အပတ်စဉ်သုံး
၈၀ မိနစ် · 300MB
SMS ၅၀ စောင်
၃,၀၀၀ကျပ်
*8080# ကိုခေါ်ဆိုပါ
လစဉ်သုံး
၂၅၀ မိနစ် · 1GB
SMS ၁၅၀ စောင်
၁၀,၀၀၀ကျပ်
*9090#ကိုခေါ်ဆိုပါ
3in1
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို www.ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

## ကြော်ငြာ

**ဆုပြည့်**

ကျိုက်ထီးရိုး(နေ့စဉ်) / ချောင်းသာ(နေ့စဉ်) — 6+1 FREE (ရိုးရိုးငြိမ်း)
ကားခသီးသန့် / ကားစီးလုံးငှားသည်
0931815390,0931815395

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး (ငြိမ်း) 33000
ချောင်းသာ Hotel(ငြိမ်း) 35000 / 45000
ငွေဆောင် Hotel 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

**အာရှနဂါး**

Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

**Your Travel**
Travel and Tours

တန်ဆောင်တိုင်ခရီးစဉ်များ

တောင်ကြီးမီးပုံးပျံပွဲခရီးစဉ် - ၁၅၅၀၀၀ ကျပ်(၄ည/၅ရက်) (Nov:25-29)
ပုဂံ-ညောင်ဦး-ပုပ္ပါးခရီးစဉ် - ၁၂၅၀၀၀ ကျပ်(၄ည/၅ရက်) (Nov:25-29)
ငွေဆောင်ခရီးစဉ် - ၆၂၀၀၀ ကျပ်(၂ည/၃ရက်) (Nov:13-15) (Nov:27-29)

ph : 01 - 223180 , 09 - 799245512 , 09 - 31679777

**Japan Tokyo International School (JTIS)**
**အထူး Promotion အစီအစဉ်**

N5~N1 တန်းခွဲသင် စပြီ။

- ဂျပန်နိုင်ငံ Tokyo Shinjuku ရှိ Language School အတွက်2016 April Intake ကျောင်းဝင်ခွင့်အတွက် ကျောင်းForm များလက်ခံနေသည်။
- ကျောင်းဝင်ခွင့် အခမဲ့(လူဦးရေကန့်သတ်)ဖြင့်သွားရောက်သင်ကြားနိုင်မည်။

Better Life
ECSC Education & Career Supporting Centre

ဂျပန်နိုင်ငံတွင် နည်းပညာ၊ အတတ်ပညာ ကျောင်းတက်ရောက်လိုသူများ လည်းလျှောက်ထားနိုင်ပါသည်။

NO. (410~411), 4th FL, La Pyayt Wun Plaza, Dagon Township, Yangon.
Ph: 01 382529, 09 250649545, https://www.facebook.com/BetterLifeEducationCentre

**SONY**

သင်္ကြန်ကျွတ် Sale
17th Oct – 26th Nov | 2015

SPECIAL OFFER ▸ LATEST PRODUCTS ▸ EXCLUSIVE PREMIUM GIFTS

androidtv
Entertainment tailored for you.
Android TV is a trademark of Google Inc.

X8500C
55" 65" 75"
4K androidtv
4K* : 3,840 x 2,160 PIXELS

55X8500C — BDV-N5200W + USM16GB
65X8500C/75X8500C — Playstation 4 + USM16GB

DSC-HX90V
30x optical zoom for superb high quality images
SD Card SF-16N4 + Camera Bag LCS-CSU + Tripod

C5 Ultra Dual
Cover & Screen Guard + Sony Cap + Cup

"ဗလာမပါ ကံစမ်းမဲ အစီအစဉ်"

HAPPY HOUR

Promotion ကာလအတွင်း
အပတ်စဉ် စနေ ၊ တနင်္ဂနွေနေ့များတွင်
Sony Brand Shop နှင့်
Wai Yan Electronics ဆိုင်များ၌
ကျပ် (၁)သိန်းဖိုး နှင့်အထက်
ဝယ်ယူသူ Customer အားလုံးအတွက် . . .

Happy Hour Date :
October 24,25,28,31,
November 1,7,8,14,15,21,22,26

Happy Hour Time :
10:00 am ~ 6:00 pm

Official Warranty by: TMW Enterprise Limited
အမြို့မြို့ အနယ်နယ်ရှိ Wai Yan Electronics နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Hot Line : 01-546006 (Ext: 119, 120), Sony Showroom : 01-245311, 09-73119900, 01-398566, 02-72580~4, 09-91008417, 067-420791, 067-420966

**MULTI-X**

စွမ်းအားမြင့်
MULTI-X
အင်ဂျင်ဝိုင်

- အရည်အသွေးမြင့်မားခြင်း
- အင်ဂျင်စွမ်းအားမှုကို အများကြာကြာစေခြင်း
- အင်ဂျင်ပါဝါကို ပိုမိုအားကောင်းစေခြင်း
- အင်ဂျင်အတွင်းပိုင်းအများသန့်ရှင်းစေခြင်း
- စက်သံကိုငြိမ်စေခြင်း
- ဆီစားသက်သာစေခြင်း
- ကီလိုမီတာ ၀၀၀၀ အထိ အသုံးပြုနိုင်ခြင်း
- ဈေးနှုန်းသင့်တင့်မျှတခြင်း

5w-30/40 API SN/CF API SM/CF | 10w-30 API SN/GF-5 | 10w-40 API SN/GF-5 | 15w-40 API CF4/SG | 15w-40 API CH4/SL | 20w-50 SF/CC
1 Litre 4 Litres 5 Litres 25 Litres 200 Litres

distributed by
HEIN ENGINEERING CO., LTD
01- 8603596, 01- 860 3597, 01- 549516
01- 546517, 09 731 53506, 09 798881149

Hot Line No-0930500100

## , aeYm wdum

**တစ်ကြိမ်ထက်ပို မဲပေးလာပါက အရေးယူသွားမည်**

စာမျက်နှာ - ၃

**၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ သတိပြုရမည့်အချက်များ**

စာမျက်နှာ - ၇

# ပြည်ထောင်စုအစိုးရအဖွဲ့ အထိမ်းအမှတ် ငွေဒင်္ဂါး နေပြည်တော်နှင့် ရန်ကုန်၌ စတင်ရောင်းချပြီး မန္တလေး၌ နိုဝင်ဘာ ၆ ရက်တွင် ရောင်းချမည်



ငွေဒင်္ဂါးပြား၏ ရှေ့ဘက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ယူဆောင်ရွက်ခဲ့သည့် သက်တမ်းအထိမ်းအမှတ်အဖြစ် ထုတ်ဝေခဲ့သော ငွေဒင်္ဂါးများကို ယနေ့တွင် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း အရောင်းဆိုင်တွင် စတင်ရောင်းချခဲ့ပြီး စိတ်ဝင်စားမှုများပြားခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဖွဲ့စည်းခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ပထမ သက်တမ်း အထိမ်းအမှတ်အဖြစ် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



ငွေဒင်္ဂါးပြား၏ ကျောဘက်။



သတင်းနှင့် ဓာတ်ပုံ
စိုးဝင်း-MLA

ဒုတိယဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ)စီမံကိန်း ဆောင်ရွက်မည့် ပုံစံဒီဇိုင်းအားတွေ့ရစဉ်။

# အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေမည့် ဒုတိယဗဟိုစီးပွားရေးဇုန် (မင်းဓမ္မ)စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည်

ရန်ကုန် နိုဝင်ဘာ ၅

**ရန်ကုန်မြို့တွင်ပထမဦးဆုံးသော Integrated Mixed Development အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည့် ရန်ကုန်မြို့တော်၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်စေမည်ဖြစ်သော ဒုတိယဗဟိုစီးပွားရေးဇုန်(မင်းဓမ္မ)စီမံကိန်းအား ၂၀၁၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်သည်။**

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ○

# ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံ နေပြည်တော်တွင် ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၅**

ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ပတ္တော်ရဲစခန်းအနီးတွင် နိုဝင်ဘာ ၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီကအဆိုပါ ဆေးရုံရှေ့ မျက်နှာစာတွင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းအောင် တက်ရောက်ခဲ့ပြီး ဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံတွင် ယခင်က ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံနှစ်ရုံသာရှိခဲ့ပြီး ရန်ကုန်နှင့်မန္တလေးတို့တွင် တည်ရှိသည်။ တစ်နိုင်ငံလုံးအနေဖြင့် ယခု နေပြည်တော်အပါအဝင် ခုတင်(၁၀၀)ဆံ့ဆေးရုံ သုံးရုံ၊ ခုတင်(၅၀)ဆံ့ကိုးရုံ၊ (၂၅)ခုတင်ဆံ့လေးရုံ၊ (၁၆)ခုတင်ဆံ့ ၁၂ ရုံရှိပြီး ခရိုင်နှင့် မြို့နယ်များတွင် တိုင်းရင်းဆေးကုဌာန ၂၆၀ ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့်ဆေးရုံသည် အလျား ၁၄၃ ပေ၊ အနံ ၅၆ပေ၊ အမြင့်၂၄ ပေရှိ အာစီ နှစ်ထပ်အဆောက်အအုံဖြစ်သည်။ ၂၀၁၄ခုနှစ် နိုဝင်ဘာလတွင် စတင်ဆောက်လုပ်ခဲ့ပြီး နိုင်ငံတော်မှ ကျပ်သန်း ၉၁၈ ဒသမ ၁၇ သန်းအကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✱**

**အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily




ကြေးမုံ The Mirror

ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ

# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ

အထူးကဏ္ဍအချပ်ပို

နိုဝင်ဘာ ၆ ရက်၊ ၂၀၁၅ ခုနှစ် (သောကြာနေ့)

## အရည်အသွေးရှိသည့် လူထုကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပေးကြရန် အထူးအရေးကြီး

မဲဆန္ဒရှင်ပြည်သူလူထုအနေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ကိုယ်စီကျေပွန်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့်တော့ အခြေခံကျတဲ့ နိုင်ငံသားတာဝန်ဖြစ်တဲ့ ဆန္ဒမဲပေးခြင်းဆိုတဲ့ တာဝန်ကို မပျက်မကွက်ထမ်းဆောင်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒီလို ဆန္ဒမဲပေးတဲ့အခါမှာလည်း မိမိတို့ကို အမှန်တကယ်ကိုယ်စားပြုမယ့်၊ ပြည်သူလူထုရဲ့ လိုလားချက်များကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်တဲ့၊ အရည်အသွေးရှိတဲ့ လူထုကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပေးကြဖို့ အထူးအရေးကြီးပါတယ်။

**(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)**



# မြိတ်ကျွန်းစု (သို့မဟုတ်) ဖွံ့ဖြိုးလာသော အဏ္ဏဝါခရီးသွားဒေသ

မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ၏ တောင်ဘက် ကပ္ပလီပင်လယ်ပြင်အတွင်း တည်ရှိပြီး ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော ကျွန်းစုတစ်စုဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသားအဏ္ဏဝါဥယျာဉ်ဖြစ်သည့် လန်ပိကျွန်းတည်ရှိသည့် ကျွန်းစုတစ်ခုဖြစ်ပါသည်။ လေ့လာသူများ၏ သုတေသနပြုချက်အရ ကုန်းမြေနှင့်ရေစပ်များတွင် ပေါက်ရောက်သောအမြဲစိမ်းသစ်တောအမျိုးအစား ၁၉၅ မျိုး၊ ဒီရေတောနှင့် သဲခုံတောသဘာဝပေါက်ပင်အမျိုးအစား ၆၃ မျိုး ရှင်သန်ပေါက်ရောက်ပါသည်။

မြိတ်ကျွန်းစုအတွင်းရှိ ပင်လယ်ရေပြင်အောက်တွင်သန္တာကျောက်တန်း မျိုးစိတ်ပေါင်း ၅၁၈ မျိုး၊ ခရုကမာမျိုးစိတ် ၉၁ မျိုး၊ ငါးမျိုးရင်း ၄၂ မျိုးတို့ရှိပြီး ကျွန်းများပေါ်တွင် ငှက်မျိုးစိတ် ၂၂၈ မျိုးတို့ ကျင်လည်ကျက်စားလျက်ရှိပါသည်။

ထို့အပြင် နို့တိုက်သတ္တဝါ ၁၉ မျိုးနှင့် သွေးအေးသွေးနွေး သတ္တဝါမျိုးစိတ်ပေါင်း မြောက်မြားစွာနေထိုင်ကျက်စားလျက်ရှိသောဒေသကြီးဖြစ်ပါသည်။

မြိတ်ကျွန်းစုဒေသသည် မျက်မှောက်ခေတ်ကာလတွင် အနည်းအကျဉ်းမျှသာ သဘာဝအတိုင်းကျန်ရှိသော ကျွန်းများနှင့် ကျွန်းပေါ်တွင် တောင်တန်းများတည်ရှိရာဒေသတစ်ခုလည်း ဖြစ်ပါသည်။

မြိတ်ကျွန်းစုအတွင်း ကျွန်းအချို့တွင် နေထိုင်မှုဘဝထူးခြားလှသော ဆလုံလူမျိုးများရှိပါသည်။ ရှေးနှစ်ပေါင်းများစွာက မလေးကျွန်းများတွင် နေထိုင်ခဲ့ကြပြီး ယခုအခါ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများတွင် နေထိုင်လျက်ရှိပါသည်။

ဆလုံလူမျိုးများသည် တည်နေရာတစ်ခုတည်းတွင် အတည်တကျနေထိုင်လေ့မရှိဘဲ ပင်လယ်အတွင်းရှိ လှိုင်းဒဏ်၊ လေဒဏ်အကာအကွယ်ရရှိပြီး ရေချိုရရှိနိုင်သည့် ကျွန်းများတွင် မိုးရာသီတစ်လျှောက်လုံး နေထိုင်ကြပါသည်။

ဆောင်းရာသီနှင့်နွေရာသီတွင် မိသားစုအလိုက်-ကဗန်း-လှေပေါ်တွင် နေထိုင်ကာ ရေထွက်ပစ္စည်းများကို ရှာဖွေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ဆလုံလူမျိုးများကို ပင်လယ်အတွင်း၌ နေထိုင်ကျက်စားသောကြောင့် Sea Gipsy စုလည်း ခေါ်တွင်ကြပါသည်။ ရိုးသားအေးဆေးစွာနေထိုင်ကြသူများဖြစ်ပြီး အသက်ရှူကိရိယာမပါဘဲ ရေအောက်တွင် ၁၅ မိနစ်ခန့် နေထိုင်နိုင်သူများ ဖြစ်ပါသည်။

ဒေါသနည်းပြီး တင်းတိမ်ရောင့်ရဲစွာ အသက်မွေးဝမ်းကျောင်းပြု နေထိုင်သူများဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလစာရင်းအရ မြိတ်ကျွန်းစု ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများပေါ်တွင် ဆလုံလူမျိုး ၇၃၇ ဦး နေထိုင်လျက်ရှိပါသည်။ ဆလုံလူမျိုးများ၏ အသက်ရှင်နေထိုင်မှုဘဝပုံစံသည် ပြည်တွင်း၊ ပြည်ပ ခရီးသွားအချို့အတွက် စွဲဆောင်မှုတစ်ရပ်ဖြစ်ပါသည်။

မြိတ်ကျွန်းစုအတွင်း သွားရောက်လည်ပတ်ရန် အကောင်းဆုံးကျွန်းအချို့မှာ ကြက်မောက်ကျွန်း၊ အနောက်ကျွန်းနီကျွန်း၊ ခရင်းခွကျွန်း၊ ကျွန်းဖီလာကျွန်း၊ မြောက်တော်ဝင်ကျွန်း၊ ကျွန်းအမှတ် (၁၁၅)၊ ညောင်ပီးကျွန်း၊ ဘိုချိုကျွန်း၊ လန်ပိကျွန်း၊ ကျောက်သင်ပုန်းကျွန်း၊ နတ်သမီးရေတွင်းကျွန်းတို့ ဖြစ်ကြပါသည်။

ကြက်မောက်ကျွန်းသည် ကော့သောင်းမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး စက်တပ်လှေဖြင့် လေးနာရီခန့်မောင်းနှင်နိုင်သော ခရီးအကွာအဝေးတွင် တည်ရှိပါသည်။ ကျွန်း၏အတွင်းပိုင်းတွင် သဲကျောက်များဖြင့် ကာရံထားသော ရေငန်ကန်တည်ရှိပြီး ရေကျချိန်တွင် ရေကူး၍သော်လည်းကောင်း၊ Kayak ဖြင့်သော်လည်းကောင်း ဝင်ရောက်နိုင်ပြီး ရေတက်ချိန်တွင် ကျွန်းအတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိသော ကျွန်းတစ်ကျွန်းဖြစ်ပါသည်။

အနောက်ဘက်ကျွန်းနီကျွန်းသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် ရေငုပ်လျက် ရေအောက်သဘာဝရှုခင်းများ ကြည့်ရှုရာတွင် ကျော်ကြားသော ကျွန်းတစ်ကျွန်းဖြစ်ပါသည်။ ကော့သောင်းမြို့၏ အနောက်ယွန်းယွန်းတွင် တည်ရှိပြီး စက်တပ်လှေဖြင့် သွားရောက်ပါက ငါးနာရီခန့် ကြာမြင့်နိုင်သောနေရာတွင် တည်ရှိပါသည်။

အနောက်နီကျွန်းရှိ ရေအောက်လိုဏ်ဂူတွင် သန္တာကျောက်အမျိုးအစားများစွာနှင့် ပင်လယ်သတ္တဝါအမျိုးအစား မြောက်မြားစွာကို လေ့လာတွေ့ရှိရပါသည်။ ကော့သောင်းမြို့မှ မိုင် ၆၀ ခန့်အကွာအဝေးတွင် ကျယ်ပြန့်သည့် သဲသောင်ပြင်ရှိသည့်အပြင် အောက်ချင်းငှက်၊ ဂျီလောင်နှင့် တောဝက်ကဲ့သို့သော သတ္တဝါများရှင်သန်နေထိုင်လျက်ရှိသော ကျွန်းမှာ ခရင်းခွကျွန်းဖြစ်ပါသည်။ ခရင်းခွကျွန်း၏ တောင်ဘက်တွင် မြန်မာအက်ဒမန်အပန်းဖြေစခန်း တည်ရှိပါသည်။

ကျွန်းဖီလာကျွန်းတွင် တောတိရစ္ဆာန်များ သဘာဝအလျောက် နေထိုင်ကျက်စားလျက်ရှိသည့်အပြင် ကျွန်းပတ်လည်တွင် ပြန့်ပြူးသော သဲသောင်ကမ်းခြေများရှိပါသည်။ အရံကျွန်းငယ်ကလေးများရှိပြီး ကျွန်းအနီးတွင် ရေအောက်အလှအပများကို ကြည့်ရှုခံစားနိုင်သည့် ရေအောက်ရှုခင်းများရှိပါသည်။

မြောက်တော်ဝင်ကျွန်းသည်လည်း ရေအောက်သဘာဝအလှအပများ ကြည့်ရှုခံစားလိုသူများအတွက် စွဲမက်ဖွယ်ကျွန်းတစ်ကျွန်းဖြစ်ပြီး လှပသောသဘာဝကျောက်များဖြင့် ဖွဲ့စည်းတည်ရှိလျက်ရှိပါသည်။ ကျွန်းအမှတ် (၁၁၅) ကျွန်းသည် စက်တပ်ရွက်လှေခရီးစဉ်များအတွက် ကျောက်ချရပ်နားခြင်း၊ ကျွန်းပေါ်သဘာဝအလှအပများ ကြည့်ရှုနိုင်ခြင်း၊ ရေအောက်သဘာဝအလှအပများ ခံစားနိုင်ခြင်း၊ ငှက်ကြည့်ခရီးစဉ်များအတွက် ငှက်အမျိုးအစားများစွာ လေ့လာနိုင်သည့် ကျွန်းတစ်ကျွန်းဖြစ်ပါသည်။

ညောင်ပီးကျွန်းသည် ကျွန်းအမှတ် (၁၁၅) ကျွန်း၏ မြောက်ဘက်တွင် တည်ရှိပြီး ကျွန်း၏ အရှေ့တောင်ဘက်တွင် ဆလုံကျေးရွာတစ်ရွာတည်ရှိပါသည်။ ယင်းကျွန်းပေါ်တွင် ဆလုံလူမျိုးများနှင့် ဒေသခံရေလုပ်သားများ၏ နေထိုင်မှုပုံစံကို လေ့လာနိုင်ပါသည်။ ဘိုချိုကျွန်းသည် လန်ပိကျွန်း၏ တောင်ဘက်တစ်မိုင်ခန့်အကွာတွင် တည်ရှိပြီး ကျွန်းပေါ်တွင် မကြုံဂလက်ဆလုံကျေးရွာ တည်ရှိပါသည်။ ကျွန်းပေါ်နှင့် ကျွန်းပတ်ဝန်းကျင်တွင် ဇီဝမျိုးကွဲများမြောက်မြားစွာ ရှင်သန်ပေါက်ဖွားလျက်ရှိပါသည်။

ကျောက်သင်ပုန်းကျွန်းသည် ကော့သောင်းမြို့မှ ၉၂ မိုင်ခန့်အကွာ မြိတ်ခရိုင်အတွင်း တည်ရှိပါသည်။ ကျွန်း၏အလယ်တွင် ရေငန်ကန်နှင့် ကျောက်ဂူတစ်ဂူတည်ရှိပြီး ရေကျချိန်တွင် ရေကူး၍သော်လည်းကောင်း၊ ရေနက်ကန်သို့ အဝင်အထွက်ပြုလုပ်နိုင်ပါသည်။

ကျွန်းအတွင်းပိုင်း ကျောက်ဂူတွင် ဇီဝဇိုးငှက်ငယ်များသည် အသိုက်များဆောက်နေထိုင်ကြသဖြင့် လာရောက်လည်ပတ်သူများအနေဖြင့် ဘဘာဝငှက်သိုက်များကို လေ့လာနိုင်ပါသည်။ နတ်သမီးရေတွင်းကျွန်းသည် မြိတ်မြို့မှ ၄၂ မိုင်အကွာအဝေးတွင် တည်ရှိပြီး သာယာလှပသောသဲသောင်များ၊ အမြဲစိမ်းသစ်တောများဖြင့် စိမ်းလန်းစိုပြည်သော ကျွန်းတစ်ကျွန်းဖြစ်ပါသည်။

အထက်ပါကျွန်းများအပြင် ခရီးသွားဧည့်သည်များအား ဆွဲဆောင်ပေးနိုင်သည့် အခြားကျွန်းများစွာလည်း မြိတ်ကျွန်းစုအတွင်း မြောက်မြားစွာ တည်ရှိပါသည်။ မြိတ်ကျွန်းစုအတွင်း ပင်လယ်ရေပြင်၏ ထူးခြားချက်မှာ မိုးရာသီမှအပ ကျန်ရာသီများတွင် ရေပြင်အနက် ၁၀ ပေမှ ၁၅ ပေခန့်အထိ သမုဒ္ဒရာကြမ်းပြင်ကိုမြင်ရလောက်အောင် ရေကြည်လင်မှုရှိခြင်းဖြစ်ပါသည်။

အထက်ပါ ရေပေါ်ရေအောက် သဘာဝသယံဇာတများ ပေါကြွယ်ဝလှသော မြိတ်ကျွန်းစုအတွင်း ပြည်တွင်း ပြည်ပခရီးသွားများ ခရီးလှည့်လည်ကြည့်ရှုနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် စက်တပ်ရွက်လှေခရီးစဉ်များကို ၁၉၉၆ ခုနှစ်မှစတင်၍ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ စက်တပ်ရွက်လှေခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်လာသော နိုင်ငံတကာဧည့်သည်အရေအတွက်မှာလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်မြင့်မားလာခဲ့ပါသည်။

၂၀၁၄ ခုနှစ်သည် စက်တပ်ရွက်လှေဖြင့် ဝင်ရောက်လာသော ခရီးသည်အရေအတွက်အားဖြင့် လုပ်ငန်းစတင်လုပ်ကိုင်လာသည့် ၁၇ နှစ်အတွင်း ခရီးသည်အရေအတွက် အမြင့်မားဆုံးဝင်ရောက်ခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။

ယခုအခါ စက်တပ်ရွက်လှေဖြင့် နိုင်ငံတကာမှ ဝင်ရောက်လာသော ဧည့်သည်များသာမက ကော့သောင်း၊ မြိတ်နှင့် ထားဝယ်မြို့အနီးတစ်ဝိုက် ကျွန်းတချို့သို့ နေ့ချင်းပြန်ကျွန်းပတ်ခရီးစဉ်များကို ဆောင်ရွက်လျက်ရှိပြီး ပြည်ပဧည့်သည်များသာမက ပြည်တွင်းဧည့်သည်များပါ သွားရောက်လည်ပတ်ရန် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိသော ဒေသတစ်ခုဖြစ်လာပါသည်။ နေ့ချင်းပြန်ခရီးစဉ်ဖြင့် လာရောက် လည်ပတ်လျက်ရှိသောကြောင့် ပြည်တွင်း ပြည်ပ ဧည့်သည်များမှာလည်း တစ်နေ့တခြား များပြားလျက်ရှိပါသည်။ အချုပ်အားဖြင့်ဆိုသော် မြိတ်ကျွန်းစုဒေသသည် နောင်လာမည့် နှစ်အနည်းငယ်အတွင်း ပြည်တွင်း၊ ပြည်ပဧည့်သည်များဖြင့် စည်ကားလာမည့်ဒေသတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**လွှမ်းမိုး(ဟိုတယ်/ခရီး)**

# ကြိုဆိုနေမယ်၊ ရွှေဧည့်သည်



ဇော်လင်းထွန်း-ဟိုတယ်/ခရီး

ပုဂံ၏ ညနေဆည်းဆာအလှကို စောင့်ကြည့်မှတ်တမ်းတင်နေကြသည့် ကမ္ဘာလှည့်ခရီးသွားများ။

ခရီးသွားလုပ်ငန်းတွင် ဟိုတယ်၊ မိုတယ်၊ အင်း(Inn)၊ တည်းခိုခန်း၊ ဧည့်လမ်းညွှန်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးလုပ်ငန်းများ (အနေ့းယာဉ်၊ ကား၊ ရေယာဉ်၊ မီးပုံးပျံ၊ လေယာဉ်မှ အပျော်စီးသဘော်စသည်ဖြင့်)၊ လေယာဉ်လက်မှတ်၊ ကားလက်မှတ်အရောင်းဌာနများ၊ စားသောက်ဆိုင်များ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ လက်လီအရောင်းဆိုင်ငယ်လေးများ အထိပါဝင်နေသည်။

ထိုသို့လုပ်ငန်းငယ်လေးများမှ လုပ်ငန်းကြီးများအထိ ယှက်နွယ်ပေါင်းစပ် ပါဝင်နေသောကြောင့် ခရီးသွားလုပ်ငန်းသည် ပမာဏကြီးမားပြီး ကမ္ဘာ့စီးပွားရေးတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်နေသည်။

ခရီးသွားလုပ်ငန်းက စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအပြင် ကဏ္ဍများစွာ၌ အကျိုးတရားများစွာကို ဖော်ဆောင်ပေးနိုင်သည်မှာ သိသာထင်ရှားလှသည်။ သို့သော်လည်း ခရီးသွားဧည့်သည်များအနေဖြင့် မိမိတို့ လိုလားနှစ်သက်စွာ သွားရောက်လည်ပတ်လေ့လာကြသော သာယာလှပသည့် ခရီးစဉ်ဒေသများ၏ မူလအခြေအနေ ထိခိုက်ပျက်စီးမှု မရှိစေရေး၊ ပိုမိုတိုးတက်ကောင်းမွန်လာရေးတို့ကို သတိပြုကြရန်လည်း လိုအပ်ပါသည်။

လူသားတို့သည် ခရီးသွားလာခြင်းကို နှစ်သက်တတ်ကြသည်။ ထို့ကြောင့်လည်း ၂၀၁၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးတွင် လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်းတို့ အသုံးပြု၍ ခရီးသွားလာသူ စုစုပေါင်း ၁၁၃၈ သန်းရှိခဲ့ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာကြီး၏ ထိခိုက်လွယ်လှသော အခြေအနေကို သတိပြုမိကြသော ခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာလုပ်ငန်းများက ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများကို ကြိုးပမ်းလုပ်ဆောင်နေကြပြီဖြစ်သည်။

အဓိကလိုရင်းမှာ ခရီးသွားလုပ်ငန်းမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းနိုင်သမျှ နည်းပါးစေရန်၊ ဒေသခံယဉ်ကျေးမှုများအား တန်ဖိုးထားကာကွယ်ရန်နှင့် စီးပွားရေးအကျိုးတရားများ နိုင်သလောက်များများရရှိစေရန်ဖြစ်သည်။

ထိုရည်ရွယ်ချက်များကို အလုံးစုံထင်ဟပ်ပေါ်လွင်စေသော စကားရပ်မှာ **တာဝန်သိခရီးသွားလုပ်ငန်း (Responsible Tourism)** ဟူ၍ဖြစ်သည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် **"မြန်မာနိုင်ငံ တာဝန်သိသော ခရီးသွားလုပ်ငန်းမူဝါဒ"** တစ်ရပ်ပြဋ္ဌာန်းနိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မေလ ၂၂ ရက်နေ့မှ ဇွန်လ ၅ ရက်နေ့အထိ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲများသို့ ရန်ကုန်၊ ပုဂံ၊ အင်းလေးကန်၊ ကျိုင်းတုံနှင့် ငွေဆောင်ဒေသတို့မှ အစိုးရဌာနတာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှလုပ်ငန်းရှင် ၃၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲများကို ပုဂ္ဂလိကကဏ္ဍနှင့် ရန်ကုန်မြို့တွင်လည်းကောင်း၊ အစိုးရကဏ္ဍနှင့် နေပြည်တော်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး မူဝါဒမူကြမ်းကို ပုံဖော်ခဲ့သည်။

အဆိုပါ မူဝါဒမူကြမ်းကို ၂၀၁၂ ခုနှစ် ဇွန်လ ၅ ရက်နေ့၌ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများသို့ တင်ပြခဲ့ပြီး ဆောင်ရွက်ရန်အချက်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါသည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်အဖြစ် **တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (Responsible Tourism Policy)** ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဝန်ကြီးဌာနက ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာ့ရိုးရာဓလေ့စရိုက်နှင့် ထုံးတမ်းအစဉ်အလာများကို သိရှိနားလည်၍ လေးစားလိုက်နာနိုင်ရေး (တစ်နည်းအားဖြင့်) တာဝန်သိခရီးသည်များအဖြစ် ရပ်တည်နိုင်ရေးအတွက် မြန်မာလူမျိုးများနှင့် မြန်မာတို့ ထူးခြားသော ရိုးရာဓလေ့ထုံးစံများကို လေးစားပါ။ စိတ်အနှောင့်အယှက်ဖြစ်စေသော ဓာတ်ပုံရိုက်မှတ်တမ်းရယူခြင်းမျိုးမပြုလုပ်ပါနှင့်။ ဘာသာရေးနှင့် သက်ဆိုင်သော နေရာများသို့သွားမည်ဆိုလျှင် သင့်တင့်လျောက်ပတ်သော အဝတ်အစားများကို ဝတ်ဆင်ပါစသည်ဖြင့် ဆောင်ရန်၊ ရှောင်ရန်များ အချက်အလက်ပေါင်း ၃၀ တို့ကို စိတ်ဝင်စားဖွယ်သရုပ်ဖော်ပုံများဖြင့် ပြုစုထားသော Dos and Don'ts for Tourists စာအုပ်ကို ၂၀၁၂ ခုနှစ်တွင်ထုတ်ဝေခဲ့ပြီး ယနေ့အချိန်အထိ အသိပေးဖြန့်ချိလျက်ရှိသည်။

ထိုစာအုပ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ တရားဝင် Website စာမျက်နှာဖြစ်သော myanmartourism.org@gmail.com တွင်လည်း ဖော်ပြပေးထားသည်။

ယနေ့အချိန်အခါသည် လူသားတို့၏ နည်းပညာ၊ အတတ်ပညာများ ဘက်စုံတိုးတက်မြင့်မားလာခြင်းနှင့်အတူ အသိပညာအတွေးအခေါ်များလည်း အရှိန်အဟုန်ပြင်းစွာ ပြောင်းလဲတိုးတက်လာသော ခေတ်ကာလဖြစ်သည်။

မြန်မာနိုင်ငံသားများအနေဖြင့် ခရီးသွားခြင်း အလေ့အထများပြားလာခြင်းနှင့်အတူ ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့ပါ အလွယ်တကူ ခရီးသွားလာနေကြပြီဖြစ်ရာ မိမိနိုင်ငံအတွင်း ခရီးသွားလာရာ၌လည်းကောင်း၊ ပြည်ပရှိမိမိရောက်ရှိသော နိုင်ငံ (သို့မဟုတ်) ခရီးစဉ်ဒေသတွင်လည်းကောင်း တာဝန်သိ ခရီးသွားဧည့်သည်များအဖြစ် အဆင့်အတန်းမြင့်မားစွာ ရပ်တည်နိုင်စေခြင်းအလို့ငှာ တာဝန်သိခရီးသွားတစ်ဦးအတွက် အဓိကကျသည့် အချက်အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

တချို့သောသူများသည် မိမိတို့မည်သည့်နေရာကို သွားရောက်လည်ပတ်လိုသည်ကို ရှင်းရှင်းလင်းလင်း သိရှိထားပြီးဖြစ်သော်လည်း ထိုနေရာသို့ မည်သို့မည်ပုံရောက်အောင် သွားရမည်ဆိုသည်ကို သေချာစွာမသိရှိကြသကဲ့သို့ တချို့ကမူ တစ်နေရာရာသို့ သွားရောက်လည်ပတ်ရန် စိတ်ဆန္ဒရှိထားသော်လည်း မည်သည့်နေရာသို့ သွားမည်ဆိုသည်ကို ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်သေးသည်လည်း ရှိကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ခရီးတစ်ခုသို့ သွားရောက်တော့မည်ဆိုလျှင် (၁) မည်သည့်နေရာသို့ သွားမည်(Destination)၊ (၂) ထိုနေရာသို့ ရောက်ရှိရန် မည်သည့်ပို့ဆောင်ရေးယာဉ်အမျိုးအစားကို အသုံးပြုမည် (Transportation)၊ (၃)မည်သည့်နေရာ၌ တည်းခိုနေထိုင်မည် (Accommodation) နှင့် (၄) ထိုနေရာဒေသ၌ ရှိနေစဉ်အတွင်း မည်သို့သောအမှုကိစ္စများကို ဆောင်ရွက်မည် (ဥပမာအားဖြင့်-ဘုရားဖူးခြင်း၊ လေ့လာရေးထွက်ခြင်း၊ ဈေးဝယ်ထွက်ခြင်းစသည်ဖြင့်) စသည့် မေးခွန်းလေးမျိုးကို အရင်ဆုံးဖြေဆိုကြရမည်ဖြစ်သည်။

**ခရီးစဉ်မထွက်ခွာမီ**

ဤအဆင့်သည် တာဝန်သိခရီးသွားဧည့်သည်တစ်ဦး၏ ကနဦး လုပ်ဆောင်ဖွယ်များပင် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ကို အလေးထားသော ခရီးသွားတစ်ဦးအနေဖြင့် မိမိနေအိမ်မှ မထွက်ခွာမီ အိမ်တွင် လူတစ်ဦးတစ်ယောက်မှ မကျန်ခဲ့လျှင် စွမ်းအင်ကို ချွေတာသည့်အနေဖြင့် ရေပူပေးစက်ခလုပ်ကို ပိတ်ထားခဲ့ခြင်း၊ လေအေးပေးစက်၏ အနေအထားကို ချိန်ညှိခြင်း၊ နေအိမ်မှ ဝေးကွာသောနေရာ၌ ရှိနေစဉ် ရေပိုက်ပေါက်ခြင်း စသည်တို့ကြောင့် ရေလျှံခြင်းမဖြစ်စေရန် ပြင်ပမှရေသွယ်တန်းထားသည့် ရေဘားကို ပိတ်ထားခဲ့ခြင်း၊ တီဗွီနှင့် ဂြိုဟ်တုစလောင်းဖမ်းစက်များစသည့် အိမ်အသုံးအဆောင်ပစ္စည်းများသည် မီးခလုပ်ကို ပိတ်ထားသည့်တိုင်အောင် တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား ဝပ် ၄၀ ခန့်အထိ ဆွဲယူသုံးစွဲခြင်း(သို့မဟုတ်)ဓာတ်အားယိုစီးမှုကို ဖြစ်စေတတ်ခြင်းများရှိသဖြင့် ပလပ်ပေါက်များကိုဖြုတ်ထားခဲ့ခြင်း၊ ရေခဲသေတ္တာမှ အအေးဓာတ်ကို လျှော့ချခဲ့ခြင်း စသည်တို့အပြင် ပုံမှန်ပေးသွင်းနေကြဖြစ်သော သတင်းစာ၊ မဂ္ဂဇင်း၊ ကုန်ပစ္စည်းများအတွက် အသင်းဝင်ကြေးများ၊ လစဉ်ကြေးများ၊ အလှူငွေများကို ဆိုင်းငံ့ထား၍ အဆင်ပြေ/မပြေ၊ ကြိုတင်ပေးချေခဲ့ရန် လို/မလို၊ လေယာဉ်(သို့မဟုတ်) အခြားယာဉ်တစ်မျိုးမျိုးဖြင့် ခရီးသွားလျှင် အလေးချိန်ပိုနေ၊ များနေခြင်းများမဖြစ်စေရန် မည်သည့်ပစ္စည်းများကို ဦးစားပေးထုပ်ပိုးသယ်ဆောင်သွားမည့် အစီအစဉ်၊ သွားရောက်မည့်ဒေသတွင် မလိုလားအပ်သော စွန့်ပစ်ထားခဲ့မှုများ၊ မလိုအပ်သော ဝန်ပိုခြင်းများ မဖြစ်စေရန် မည်သည့်ပစ္စည်းများကို အိမ်တွင် ချန်ထားခဲ့မည် စသည်များကို စဉ်းစားဆုံးဖြတ်ကြရမည်ဖြစ်သည်။

**မိမိသွားလိုသည့်နေရာသို့ ရောက်ခဲ့သော်**

မိမိသွားလိုသော နေရာဒေသသို့ လုံခြုံချောမွေ့စွာ ရောက်ရှိပြီဆိုလျှင် ပတ်ဝန်းကျင်အသစ်၊ အတွေ့အကြုံအသစ်များဖြင့် ခရီးသွားဧည့်သည်၏ ပျော်ရွှင်မှုအစပြုပြီဖြစ်သည်။ သို့သော်လည်း မိမိ၏ ခရီးသွားခြင်းမှ အပြုသဘောသက်ရောက်မှုများ ဖြစ်ထွန်းစေရန် အောက်ပါအချက်တို့ကို သတိပြုရမည်ဖြစ်ပါသည်-

(၁) မိမိသွားရောက်နေသော ခရီးစဉ်ဒေသတွင် မိမိကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်နေရန် မည်သို့ပြုမူနေထိုင်မည်။

(၂) မိမိရောက်ရှိနေသောဒေသ၏ စစ်မှန်သောယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရေးတွင် မည်ကဲ့သို့ ပံ့ပိုးကူညီအားပေးနိုင်မည်။

(၃) မိမိသုံးစွဲခဲ့သော ကုန်ကျစရိတ်များက ဒေသစီးပွားရေးကို မည်ကဲ့သို့ အကျိုးဖြစ်ထွန်းစေမည် စသည်တို့ကို စဉ်းစားသုံးသပ်၍ ဒေသအတွက် အကျိုးများနိုင်သမျှ များစေရန် ဆောင်ရွက်နိုင်သည်။

ထို့အပြင် သွားရောက်လည်ပတ်မည့် ခရီးစဉ်ဒေသ၏ ရိုးရာဓလေ့ထုံးစံများကို လေ့လာထားခြင်းဖြင့် ဒေသခံများနှင့် နားလည်မှုလျင်မြန်စွာ တည်ဆောက်နိုင်ခြင်း၊ စိတ်လှုပ်ရှား ပျော်ရွှင်မှုရရှိခြင်းတို့အတွက် အထောက်အကူဖြစ်စေပါသည်။

ဒေသသုံးဘာသာစကား အသုံးပြု၍ စကားအနည်းငယ်မျှပြောတတ်ရန် လေ့လာထားခြင်းကလည်း **စာမျက်နှာ ၃ သို့ »»**



မြန်မာ့လက်မှုပစ္စည်းများ ဝယ်ယူရန် ကြည့်ရှုနေကြသည့် ပြည်ပခရီးသွားဧည့်သည်များ။

›››› အထူးထုတ် အချပ်ပို စာမျက်နှာ ၄ မှ

ထုတ်လုပ်ရရှိသမျှ ရောင်းချစေပြီးတော့မှ အရိုင်းထည်များကို ထိန်းသိမ်းရောင်းချတဲ့စနစ်ကို ဆောင်ရွက်နေပါတယ်”ဟု ဦးသန်းဇော်ဦးက ပြောသည်။

“ပြည်တွင်းမှာ ကျောက်မျက်ရတနာလုပ်ငန်းရှင် တူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်နဲ့ တူးတဲ့သူတွေကပဲ ရတနာဆိုင်တွေ ဖွင့်လှစ်တာရှိတယ်။ တချို့ကျတော့ တူးဖော်ထုတ်လုပ်တာ မလုပ်ဘူး။ ရတနာဆိုင်ကြီးတွေ ဖွင့်တာပဲလုပ်ပါတယ်။ သူတို့ကတော့ တူးဖော်ထုတ်လုပ်တဲ့သူတွေဆီက သော်လည်းကောင်း၊ ပြပွဲကသော်လည်းကောင်း ဝယ်ပြီးတော့ လက်ဝတ်ရတနာကို အဓိကရောင်းချတယ်။ ရတနာအကြီးတွေလုပ်တဲ့ အမျိုးအစားတစ်မျိုးရှိတယ်။ တစ်ပိုင်တစ်နိုင်လုပ်တာရှိတယ်။ ရတနာဆိုင်အကြီးလည်း လိုင်စင်ပေးတယ်။ ရတနာဆိုင်အသေးလည်း ပြည်နယ်၊ တိုင်းဒေသကြီးတွေမှာ ချထားပေးတာရှိတယ်။ ကျောက်စိမ်းတွေကိုလည်း လက်ကောက်၊ ပုတီး၊ လွှာချပ်တို့ ထုတ်လုပ်နိုင်အောင်လို့ ကျောက်စိမ်းအချောထည်လိုင်စင်ကိုလည်း မန္တလေးတို့၊ စစ်ကိုင်းတို့မှာ ခွင့်ပြုပေးထားတာရှိပါတယ်။ ကုမ္ပဏီက ပျမ်းမျှ ၅၀၀ ဝန်းကျင်လောက်ရှိပါတယ်။ လိုင်စင်ကတော့ ၂၀၀၀ လောက်ရှိတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

“ကျောက်စိမ်းကျောက်မျက်လုပ်ငန်းရှင်တွေအနေနဲ့ ၂၀၁၂ ခုနှစ် ခြောက်လပိုင်းလောက်အထိ ကျောက်စိမ်းတူးဖော် ရောင်းဝယ်မှုတွေ အဆင်ပြေခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ခုနှစ်လပိုင်းမှာ တူးဖော်တဲ့လုပ်ကွက်တွေမှာ နယ်မြေမငြိမ်းချမ်းတာတွေကြောင့် တူးဖော်မှုတွေ နားထားရတယ်။ ကျောက်မျက်ရတနာရောင်းဝယ်ချင်သူတွေက မန္တလေးမှာသာ အများစုရှိပါတယ်။ ပြည်တွင်းကျောက်မျက်အချောထည်လုပ်ငန်းတွေ နိုင်ငံတကာအထိ တင်ပို့နိုင်ဖို့က ကုန်ကြမ်းအရိုင်းတုံးများများ ရှိဖို့လိုတယ်။ ကျောက်မျက်ပြပွဲကြီးတွေမှာ အရိုင်းတုံးတွေကို မရောင်းချသင့်တော့ပါဘူး။ ဒါမှ ပြည်တွင်းအချောထည်လုပ်ငန်းတွေ ဖွံ့ဖြိုးလာမှာဖြစ်သလို အလုပ်အကိုင် အခွင့်အလမ်းလည်း ပေးလာနိုင်မယ်။ နိုင်ငံခြားက ကျောက်စိမ်းအချောထည် အလုပ်ရုံ၊ စက်ရုံတွေကလည်း ကုန်ကြမ်းများများရှိမှ လာရောက်ရင်းနှီးမြှုပ်နှံကြမှာပါ။”

“ကျောက်စိမ်း၊ ကျောက်မျက်သယံဇာတတွေကို ရေရှည်သားစဉ်မြေးဆက်ခံစားဖို့ကတော့ လုပ်ကွက်အသစ်တွေ ထပ်မံတူးဖော်လုပ်ကိုင်ခွင့်ကို ရပ်ဆိုင်းပစ်သင့်ပါပြီ။ ဈေးကွက်မရှိတဲ့နေရာမှာ ကျောက်မျက်ဈေးလုပ်တာထက်စာရင် ဈေးကွက်ရှိတဲ့ မန္တလေးမှာ ကျောက်မျက်ဈေးကွက်လုပ်မယ်ဆိုရင် ပိုအောင်မြင်မှာ ဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဖြစ်မြောက်ရေး အတွင်းရေးမှူး ဦးစိုးနိုင်က ပြောသည်။


မြန်မာ့ကျောက်စိမ်းကို စိတ်ဝင်တစား လေ့လာနေကြသော ကျောက်မျက်ကုန်သည်များ။

တွင်းထွက်သယံဇာတမှလွဲ၍ ကျန်သယံဇာတများကို သက်တမ်းရှည်စေရန်နှင့် စဉ်ဆက်မပြတ်သုံးစွဲနိုင်ရန် လူသားများက နည်းပညာ၊ အသိဉာဏ်ဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်သည်။ တွင်းထွက်သယံဇာတများသည် သဘာဝမြေ၊ ကျောက်ထုအတွင်း နှစ်သန်းပေါင်းများစွာ ဖြစ်တည်ခဲ့ရသည့် သယံဇာတဖြစ်ပြီး ပြန်လည်ပြုစုပျိုးထောင်အစားထိုးရန် မဖြစ်နိုင်သလို ကုန်ခန်းလွယ်သည့် သယံဇာတဖြစ်သည်။

သို့ဖြစ်၍ အစားထိုးမရနိုင်သည့် သယံဇာတများကို နောင်သားစဉ်မြေးဆက် ခံစားနိုင်စေရန် ထုတ်လုပ်မှုများကို လျှော့ချရမည်ဖြစ်သည်။ တစ်ဖက်ကလည်း ကျောက်စိမ်း ကျောက်မျက်ရောင်းချမှုမှ ရရှိသည့်ဝင်ငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံမှု ရှိ/မရှိကိုလည်း စိစစ်ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ အချောထည်လုပ်ငန်းများ ယခုထက်ပိုမိုထုတ်လုပ်ရန်နှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

›››› အထူးထုတ် အချပ်ပို စာမျက်နှာ ၂ မှ

ဒေသခံလူ့အဖွဲ့အစည်းနှင့် ပိုမိုနီးကပ်သော၊ အဓိပ္ပာယ်ရှိသော ဆက်ဆံနိုင်ရေးကို ကူညီမှုပြုသည်။

မိမိရောက်ရှိရာ ခရီးစဉ်ဒေသ၏ တစ်မူထူးခြားသော နောက်ခံသမိုင်းကြောင်း၊ ဗိသုကာလက်ရာများ၊ ဘာသာတရား၊ ဂီတ၊ အနုပညာမှစ၍ ဟင်းလျာများအထိ နှံ့စပ်စုံလင်စွာ တွေ့ကြုံခံစား၍ သဘောကျနှစ်ခြိုက်မှု၊ လေးစားမှုကို ပြသရမည်။

ဒေသထွက် လက်မှုအနုပညာပစ္စည်းများ၊ ထုတ်ကုန်များကိုဝယ်ယူခြင်း၊ ဝယ်ယူရာတွင်လည်း တန်ရာတန်ကြေးပေး၍ ဝယ်ယူအားပေးခြင်းဖြင့် ဒေသခံအရောင်းဈေးသည်များ၊ ပညာရှင်များကို လေးစားကြောင်းပြသခြင်း၊ အမျိုးသားအဆင့်၊ နိုင်ငံတကာအဆင့်တားမြစ်ထားသော အတုအယောင်ကုန်ပစ္စည်းများကို ဝယ်ယူမှုမပြုခြင်းသည်လည်း တာဝန်သိ ခရီးသွားဧည့်သည်တစ်ဦး၏ အလေ့အထကောင်းများဖြစ်သည်။

ရှေးဟောင်းယဉ်ကျေးမှု ရတနာများ၊ သဘာဝအရင်းအမြစ်များနှင့် ပတ်သက်လာလျှင် ဘဏ္ဍာထိန်းကောင်းတစ်ဦးသဖွယ် ပြုမှုကျင့်ကြံခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို လျှော့နည်းစေခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့ပေါက်ပွား ရှင်သန်နေထိုင်ရာနေရာများကို ထိန်းသိမ်းကာကွယ်ခြင်း၊ မျိုးသုဉ်းပျောက်ကွယ်နိုင်ခြေရှိသော အပင်များ၊ တိရစ္ဆာန်များမှ ထုတ်လုပ်ထားသော ပစ္စည်းများကို မဝယ်ယူခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းမပြုရန် တားမြစ်ထားသော ရှေးဟောင်းပစ္စည်းများကို ဓာတ်ပုံမရိုက်ခြင်းတို့သည်လည်း ကျင့်ဝတ်ကောင်းများဖြစ်သည်။ တာဝန်သိခရီးသွားဧည့်သည်ဟူသည် မိမိသွားခဲ့သော နေရာဒေသတွင် မိမိ၏ခြေရာနှင့် ကောင်းမွန်သောပုံရိပ်တို့ကိုသာ ချန်ထားခဲ့သူဟု အဆိုရှိသည်။

**ထိုနေရာမှပြန်လာခဲ့သော်**

ခရီးသွားခြင်းတွင် လေးနက်၍ ကာလရှည်ကြာသော အကျိုးသက်ရောက်မှုရှိသည်။ လူတို့သည် မိမိတို့ခရီးသွားခြင်းမှ ရရှိလာသော အတွေ့အကြုံများကို လူအများအား များနိုင်သလောက်များများ ပြန်လည်ဖောက်သည်ချလိုကြသည်။

ထိုအပြုအမူက အခြားသော ခရီးသွားများအား ခရီးထွက်ရန် နေရာကိုရွေးချယ်ဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေသကဲ့သို့ ထိုခရီးစဉ်ဒေသနှင့်ထိုဒေသရှိခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများအား ရေရှည်တည်မြဲတိုးတက်ရေး အလေ့အထများကို အကောင်အထည်ဖော်ရာတွင်လည်း အထောက်အပံ့ဖြစ်စေသည်။

ခရီးသွားခဲ့သော နေရာဒေသရှိ လူ့အသိုင်းအဝိုင်း၏ လူမှုဘဝအဆင့်အတန်းမြင့်မားရေးအတွက် ခရီးသွားခြင်းမှ ရရှိလာသော အတွေ့အကြုံများနှင့် ထိုအတွေ့အကြုံများကို အသုံးပြု၍ ပြန်လည်ဆောင်ရွက်ပေးနိုင်စွမ်းကို လျှော့တွက်၍မဖြစ်ချေ။

မိမိ၏ တာဝန်သိခရီးသွားခြင်းဆိုင်ရာ ဆောင်ရန်/ရှောင်ရန် အချက်အလက်များကို လူများများသိစေရန် ဖြန့်ဖြူးခြင်း၊ ခရီးသွားမှတ်တမ်းဓာတ်ပုံလေးများကို Facebook၊ Twitter စသည့် လူမှုဆက်သွယ်ရေးမီဒီယာများတွင် အပြုသဘောတင်ပြခြင်း၊ မိသားစုနှင့် မိတ်ဆွေများအား မိမိတို့၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ်အမှတ်တရလေးများကို ပြန်ပြောင်းပြောဆိုခြင်း၊ တာဝန်သိခရီးသွားတစ်ယောက်ဖြစ်ရန်မှာ ခက်ခဲမှုမရှိကြောင်း၊ မည်သည့်အချက်က ခရီးသွားလုပ်ငန်း ရေရှည်တည်မြဲတိုးတက်ရေးအတွက် စိန်ခေါ်မှုများဖြစ်ကြောင်း ပြောပြခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရန် စီမံထားသော ဟိုတယ်၊ တည်းခိုခန်းတွင် တည်းခိုနေထိုင်ခဲ့ခြင်း၊ သဘာဝအတိုင်းထုတ်လုပ်ထားသော အစားအစာနှင့် အဖျော်ယမကာများကို မြည်းစမ်းခဲ့ရသည်တို့မှာ မည်မျှကောင်းမွန်ကြောင်း၊ ကိုယ်ပိုင်ယာဉ် သို့မဟုတ် အငှားယာဉ်ဖြင့် ခရီးမသွားဘဲ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ် အသုံးပြုခရီးသွားခဲ့သဖြင့် အချိန်ကြာမြင့်သည်ဟု ဆိုနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေခြင်း၊ လမ်းခရီးတစ်လျှောက်တွင် အတွေ့အကြုံများစွာရရှိခြင်းတို့ကြောင့် ထိုက်တန်ကြောင်း ၎င်းတို့အား ပြောပြခြင်း၊ မိမိခရီးစဉ်ကို ဝန်ဆောင်မှုပေးသော ခရီးသွားကုမ္ပဏီ၊ အေးဂျင့်၊ ဟိုတယ် စသည်တို့ကို ခရီးစဉ်နှင့်ပတ်သက်၍ အပြုသဘောဆောင်သော အကြံပြုချက်များပေးခြင်း(ခရီးစဉ်အတွင်း မကောင်းသော အချက်များ၊ ကောင်းသော အတွေ့အကြုံများကို မိမိကအသိမပေးပါက ခရီးစဉ်ဝန်ဆောင်မှုပေးသူများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးနိုင်မည်မဟုတ်ပေ)။

မိမိသွားရောက်လည်ပတ်ခဲ့သော ဒေသတွင် လူမှုစီးပွားနိမ့်ပါးနေမှုများရှိပါက အကူအညီပေးနိုင်မည့် အလှူရှင်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ပါဝင်ဆောင်ရွက်ခြင်း၊ မိမိနေရပ်သို့ ပြန်ရောက်ပြီးသောကာလများတွင် သွားရောက်ခဲ့သော ဒေသတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် ဆက်လက်လေ့လာခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းတို့သည်လည်း တာဝန်သိခရီးသွားတစ်ယောက်၏ အဆင့်အတန်းမြင့်မားသော လုပ်ဆောင်ချက်များဖြစ်ပါသည်။

ထို့အပြင် မိမိသွားရောက်လည်ပတ်ခဲ့သည့်ဒေသမှ ဒေသခံလူမျိုးစုများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များ၊ ရိုးရာယဉ်ကျေးမှုပြပွဲများသို့ သွားရောက်ခြင်း၊ မိမိစိတ်ဝယ် ထိခိုက်ခံစားရသော အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပေးနေသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းတို့အပြင် ထိုနေရာသို့ မသွားခင်၊ ထိုနေရာသို့ရောက်ရှိစဉ်၊ ထိုနေရာမှ မိမိပြန်လာသောအခါ စသည်ဖြင့် ခရီးသွားစက်ဝန်း(Travel Lifecycle)ကို ရေးဆွဲထားရှိခြင်းဖြင့် မိမိသွားရောက်လည်ပတ်ခဲ့သည့် နေရာဒေသအား ပိုမိုလှပသော၊ နှူးညံ့သာယာသော ဒေသတစ်ခုအဖြစ်သို့ ဖွံ့ဖြိုးလာစေရေးတွင် အကူအညီပေးနိုင်သည်။

ဖော်ပြပါ လက်တွေ့ကျသည့် အချက်လေးများကို လိုက်နာကျင့်သုံးခြင်းအားဖြင့် ခရီးသွား ဧည့်သည်ကိုယ်တိုင်အားလည်းကောင်း၊ တွေ့ဆုံခဲ့သည့် ဒေသခံများအားလည်းကောင်း၊ သွားရောက်လည်ပတ်ခဲ့သည့် ဒေသအားလည်းကောင်း အကျိုးဖြစ်ထွန်းစေသည့်အပြင် မိမိသွားခဲ့သောခရီးအား သွားရကျိုးနပ်သည့် ခရီးစဉ်၊ ဝမ်းမြောက်မှုရရှိသည့် ခရီးစဉ်အဖြစ် တစ်သက်တာပီတိပွားနိုင်မည်ဖြစ်ပါသည်။

ထိုသို့သော အလေ့အထကောင်းများနှင့်ပြည့်စုံသူ ခရီးသွားဧည့်သည်တို့အဖို့ မည်သည့်နေရာဒေသကို သွားရောက်လည်ပတ်သည်ဖြစ်စေ ရောက်ရှိရာနေရာမှ ဒေသခံများ၏ လေးစားချစ်ခင်မှုနှင့် ဒေသအတွေ့အကြုံကောင်းများ ဗဟုသုတများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဉာဏ်ပညာပြည့်စုံ၍ လေးစားထိုက်သော ခရီးသွားဧည့်သည်တစ်ဦးအနေဖြင့် မိမိရောက်ရှိနေသော နေရာဒေသ(သို့မဟုတ်) နိုင်ငံ၏ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာခြင်း၊ လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ ကလေးသူငယ်များကို အမြတ်ထုတ်ခြင်းမှ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ သတိပေးချက်များကို လိုက်နာခြင်း၊ ရောဂါဘယ ဖြစ်ပွားခဲ့ပါက ဆေးရုံဆေးပေးခန်းများသို့ မည်သို့သွားရမည်ကို လေ့လာထားခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ခဲ့ပါက မိမိသက်ဆိုင်ရာသံရုံးနှင့် မည်သို့ဆက်သွယ်ရမည်ကို လေ့လာထားခြင်းတို့သည်လည်း အရေးပါလှသည်။

ယေဘုယျအားဖြင့် ဧည့်သည်ဆိုလျှင် အိမ်ရှင်များက အလေးထားကာ အထူးအခွင့်အရေးပေး၍ ဖော်ရွေစွာဆက်ဆံတတ်ကြပါသည်။ အိမ်ရှင်က ဂရုတစိုက်၊ အရေးတယူ ဦးစားပေးထားသော်လည်း ဧည့်သည်ဘက်မှ မိမိတို့ စောင့်ထိန်းလိုက်နာအပ်သည့် ဝတ္တရားများကို မလိုက်နာပါက ဆက်ဆံရေးပြေလည်နိုင်မည် မဟုတ်ပေ။

အိမ်ရှင်၏ အခွင့်အရေးပေးမှုကို လွဲမှားစွာ အခွင့်ကောင်းမယူဘဲ မိမိလိုက်နာသင့်သည်များကို လိုက်နာသော၊ ယဉ်ကျေးသိမ်မွေ့သော၊ နားလည်မှုရှိသော၊ ကူညီတတ်သော၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်မပြုသော ဧည့်သည်မျိုးကို မည်သည့်အိမ်ရှင်ကမဆို ကြိုဆိုလိုကြပေမည်။ ထိုသို့သော ဧည့်သည်မျိုးကို မြန်မာတို့က ဧည့်ကောင်း ဆောင်ကောင်း (တစ်နည်းအားဖြင့်) ရွှေဧည့်သည်ဟု တင်စားခေါ်ဝေါ်တတ်ကြသည်။

နိုင်ငံအများစုတွင် ခရီးသွားလုပ်ငန်းများအနေဖြင့် မိမိတို့နိုင်ငံအတွင်း ဝင်ရောက်လာကြသော ဧည့်သည်အရေအတွက် (Quantity) ထက် လာရောက်သည့် ဧည့်သည်များ၏ အရည်အသွေး(Quality)ကို အာရုံထားဆွဲဆောင်လာနေကြသည်။ အရည်အသွေးဆိုရာတွင် အချိန်ကာလကြာကြာ တည်းခိုနေထိုင်ခြင်း၊ ငွေကြေးသုံးစွဲနိုင်မှု မြင့်မားခြင်းတို့အပြင် တာဝန်သိခြင်းတို့လည်း ပါဝင်နေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသားများအနေဖြင့် ပြည်တွင်းခရီးစဉ်များ သွားရောက်ရာတွင်ဖြစ်စေ၊ ပြည်ပသို့ ခရီးသွားကြရာတွင်ဖြစ်စေ မိမိတို့ရောက်ရှိရာနေရာ၊ နိုင်ငံများတွင် တာဝန်သိ ခရီးသွားဧည့်သည်များအဖြစ် ခံယူရပ်တည်နိုင်ကြပါစေကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံသို့လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာတာဝန်သိ ခရီးသွားဧည့်သည်များ (ရွှေဧည့်သည်များ)ကို ဧည့်ဝတ်ကျေပွန်စွာ အစဉ်ကမ်းလင့် ကြိုဆိုနေမည်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အနာဂတ်ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အချောထည်ဈေးကွက် မြှင့်တင်ရန်လိုအပ်မည်

မျိုးမြင့်၊ ကျော်သူထက်

လက်ရှိ အစိုးရတာဝန်ယူပြီးချိန်မှစ၍ သဘာဝသယံဇာတများကို ရေရှည်သားစဉ်မြေးဆက်ခံစားနိုင်ရန် တွင်းထွက်သယံဇာတ ထုတ်လုပ်ရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့သည်။

နိုင်ငံမှထွက်ရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်များကို အရိုင်းအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြင့်လက်ဝတ်ရတနာ၊ ရုပ်ထွင်း၊ ရုပ်တုများအဖြစ် ရောင်းချနိုင်ရန်နှင့် ရတနာအချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားပေးဆောင်ရွက်လျက်ရှိသည်။

၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာ အချောထည် ပိုမိုထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အခွန်ဖြေလျှော့မှုများနှင့် အခြေခံလိုအပ်ချက်များကို နိုင်ငံတော်က ဖြည့်ဆည်းအားပေးဆောင်ရွက်ခဲ့သဖြင့် ရန်ကုန်မြို့တွင် ကျောက်မျက်အချောထည်ဈေးကွက်ရရှိနေပြီဖြစ်သည်။

ထို့ပြင် ကျောက်မျက်ရတနာ အချောထည်ဈေးများကို နေပြည်တော်၊ မြစ်ကြီးနားတို့တွင်လည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

"ကျောက်မျက်ရတနာ ရောင်းချတာနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အဆင့်ပြပွဲကြီးတွေကို နေပြည်တော်မှာလုပ်ပေးပါတယ်။ ရောင်းချတဲ့အခါမှာ အရင်ကထက်စာရင် အရေအတွက်ကို ထိန်းချုပ်ပြီး ရောင်းချနေပါတယ်။ ကျောက်မျက်အချောထည်တွေကိုတော့ ပြပွဲမှာတင်ပြသလောက် ရောင်းချခွင့်ပြုပေးထားပါတယ်။ နိုင်ငံတော်အပိုင်းကလည်း ပြည်တွင်းက ရတနာကုန်သည်တွေ ကျောက်မျက်အချောထည်ကို ပိုမိုတင်ပြရောင်းချချင်အောင် အချောထည်အပိုင်းမှာ အခွန်အကောက်ကအစ ဖြေလျှော့မှုတွေပေးထားပါတယ်။ အရိုင်းအတိုင်းရောင်းမယ်ဆိုရင် ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေမှာ ၁၅ ရာခိုင်နှုန်းပြဌာန်းထားပါတယ်။ အချောထည်သာ ထုလုပ်ပြီးရောင်းချမယ်ဆိုရင် ၅ ရာခိုင်နှုန်းပဲကောက်ခံဖို့ ဖြေလျှော့ပေးထားပါတယ်"ဟု မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

"ကျောက်မျက်ရတနာဈေးကွက် ဖွံ့ဖြိုးတိုးတက်လာဖို့ လက်ရှိအစိုးရလက်ထက်မှာ ကျောက်မျက်ရတနာတွေနဲ့ အသက်မွေးနေတဲ့ မန္တလေး၊ စစ်ကိုင်းက လူတွေအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း(OSS)ရုံးကို မန္တလေးမြို့မှာ ဖွင့်လှစ်ပေးထားပါတယ်။ တစ်ပိုင်တစ်နိုင်ကျောက်စိမ်းပုတီးတို့၊ လက်ကောက်တို့ လုပ်ရောင်းတဲ့ လုပ်ငန်းရှင်တွေက သတ်မှတ်တဲ့ အခွန်ဆောင်ပြီး တစ်ဖက်နိုင်ငံကို တင်ပို့ရောင်းချနိုင်ပါတယ်။ ထို့အတူ နေပြည်တော်မှာဆိုရင် ရွှေကြာပင်မှာ အချောထည်ဈေးတည်ဆောက်လို့ ပြီးသွားပြီ၊ ဖွင့်လည်းဖွင့်ထားပါပြီ၊ လုပ်ငန်းရှင်တွေလုပ်နိုင်အောင်နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ သင်တန်းကျောင်းတွေလည်း ဆောက်နေပါတယ်။ ပြီးခါနီးနေပါပြီ။ ဒီ့ထက်ဖွံ့ဖြိုးတိုးတက်အောင်လို့ နောင်ကျရင် အချောထည်ထုတ်လုပ်နည်း သင်တန်းတွေလည်း ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်သွားမှာပါ"ဟု ဦးသန်းဇော်ဦးက ကျောက်အချောထည် ဖွံ့ဖြိုးရေးအတွက် အနာဂတ်အစီအမံများကို ပြောပြသည်။



မြန်မာ့ကျောက်စိမ်းကို စိတ်ဝင်တစား လေ့လာနေကြသော ကျောက်မျက်ကုန်သည်များ။

"ကျောက်စိမ်း၊ ကျောက်မျက်တွေကို တန်ဖိုးမြင့်အချောထည်တွေ ထုတ်လုပ်ပြီး ရောင်းချတဲ့အခါမှာ ဝယ်ယူမယ့်နိုင်ငံရဲ့ ကြိုက်နှစ်သက်တဲ့ အမှတ်တရပစ္စည်းဖြစ်ဖို့လိုပါတယ်။ ထွင်းထုတဲ့ နည်းပညာ၊ လက်ရာအပိုင်းမှာလည်း သူတို့နိုင်ငံက ပညာရှင်ကိုယ်တိုင်လာပြီးထုရင် ပိုပြီးလက်ရာမြောက်မှာဖြစ်တယ်။ ကိုယ့်ဆီက ရုပ်ထွင်းရုပ်တု ပညာရှင်တွေက သူများနိုင်ငံရဲ့ ယဉ်ကျေးမှုကို ထုဆစ်ရတဲ့အခါ သူတို့အမြင်နဲ့ ကိုယ့်အမြင်ခံစားချက်ကွာဟတာတွေရှိတယ်။ အချောထည်တွေလုပ်နိုင်တဲ့ ပြည်ပလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီး လုပ်မယ်ဆိုရင်တော့ နိုင်ငံတကာက ကြိုက်တဲ့ ရုပ်ထွင်းရုပ်တု၊ ပန်းပု၊ အခြားလက်ဝတ်ရတနာပုံစံတွေလည်း လုပ်နိုင်မှာဖြစ်တဲ့အတွက် အချောထည်ဈေးကွက်က ဖွံ့ဖြိုးလာမှာဖြစ်ပါတယ်"ဟု ကျောက်မျက် အချောထည်လုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။

"ကျောက်စိမ်းကျောက်မျက်တူးဖော်မှုနဲ့ပတ်သက်ရင်တော့ ဥပဒေအရ နိုင်ငံသားလုပ်ငန်းရှင်ကိုပဲ လုပ်ကိုင်ခွင့်ပေးပါတယ်။ တန်ဖိုးမြင့် အဆင့်တက်ပြုပြင်ခြင်း၊ အချောထည်လုပ် ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာပြုလုပ်ခြင်း စတဲ့လုပ်ငန်းတွေကိုတော့ ကျောက်စိမ်းကျောက်မျက်အချောထည်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နိုင်ငံခြားသားလုပ်ငန်းရှင်တွေကိုပါ လုပ်ကိုင်ခွင့်ပြုပေးနေပါတယ်"ဟု ဦးသန်းဇော်ဦးက ပြောသည်။

လတ်တလောတွင် ကျောက်စိမ်းအရိုင်းထည် ဈေးကွက်သာဖွံ့ဖြိုးဆဲဖြစ်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စက်တင်ဘာလအထိ ငါးနှစ်တာကာလအတွင်း သတ္တု၊ ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲထုတ်လုပ်မှုကဏ္ဍများမှ ကျပ်သန်းပေါင်း ၃၇၆၀၉၃၄ ဒသမ ၂၂ သန်းတန်ဖိုးရှိ ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်ခဲ့သည်။

"အခုအစိုးရတက်ပြီး နောက်ပိုင်းမှာ နိုင်ငံခြားငွေနဲ့ရောင်းချတဲ့ ကျောက်မျက်ပြပွဲတွေရှိတယ်။ အဲဒီမှာ နိုင်ငံပေါင်း ၂၂ နိုင်ငံကျော်က ရတနာကုန်သည်တွေ လာရောက်ဝယ်ယူကြတယ်။ ပြည်တွင်းက အချောထည်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေ ကုန်ကြမ်းရဖို့အတွက် ပြည်တွင်းသုံးကျပ်ငွေနဲ့ ရောင်းချပေးတဲ့ပွဲတွေလည်းလုပ်တယ်။ ၂၀၁၅ ခုနှစ် ဇွန်လမှာ (၅၂) ကြိမ်မြောက် ရတနာပြပွဲကို နိုင်ငံခြားသုံးငွေနဲ့ ရောင်းချခဲ့ပါတယ်။ လာမယ့် ဒီဇင်ဘာမှာတော့ ကျပ်ငွေနဲ့ ရောင်းချတဲ့ပြပွဲလုပ်ဖို့ စီစဉ်နေပါတယ်"ဟု ဦးသန်းဇော်ဦးက ဆိုသည်။

ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်၌ (၃၁)ကြိမ်၊ ၁၉၉၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ရန်ကုန်မြို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၌ (၃၅)ကြိမ်၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ (၁၃) ကြိမ်၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ (၉)ကြိမ် စုစုပေါင်း (၈၈)ကြိမ် ပြုလုပ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် လက်ရှိတွင် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီ ၁၂၄၂ ခုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်ရတနာနယ်မြေ၊ ရှမ်းပြည်နယ် မိုင်းရှူးရတနာနယ်မြေ၊ ကချင်ပြည်နယ် နန့်ယားဆိပ် ရတနာနယ်မြေ၊ ကချင်ပြည်နယ် လုံးခင်း၊ ဖားကန့် ရတနာနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီး ရတနာနယ်မြေ၊ ကချင်ပြည်နယ် မိုးညှင်း ရတနာနယ်မြေ၊ တနိုင်းရတနာနယ်မြေ၊ ပူတာအိုရတနာနယ်မြေတို့တွင် သတ်မှတ်ခွင့်ပြုလုပ်ကွက် ၇၂၀၂ခု၊ ဖော်ထုတ် ခွင့်ပြုလုပ်ကွက် ၁၄၄၈၀ ခု စုစုပေါင်း ၂၁၆၈၂ ခုကို ရတနာနယ်မြေအသီးသီးတွင် ခွင့်ပြုမိန့်ချထား၍ လုပ်ကိုင်ခွင့်ပေးထားသည်။



မြန်မာ့ကျောက်စိမ်းကို စိတ်ဝင်တစား လေ့လာနေကြသော ကျောက်မျက်ကုန်သည်များ။

မြန်မာ့ကျောက်မျက်ရတနာများ ရောင်းချရသည့် အကျိုးအမြတ်များကို နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ကူညီလှူဒါန်းခြင်း၊ ရတနာနယ်မြေဒေသ၌ ဆေးရုံများ၊ လမ်းတံတားများ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကမ္ဘာကျော်သည့် မြန်မာ့ကျောက်စိမ်းကို လုံးခင်းနှင့် ဖားကန့်ရတနာမြေတွင် လည်းကောင်း၊ ပတ္တမြားများကို မိုးကုတ်ရတနာမြေနှင့် မိုင်းရှူးရတနာမြေတွင် လည်းကောင်း၊ နီလာနှင့် အခြားကျောက်မျက်များကို မိုးကုတ်ရတနာမြေတွင်လည်းကောင်း တူးဖော်ရရှိနိုင်သည်။

"တူးဖော်တဲ့အကွက်တွေ ရှိသလို၊ မတူးဖော်တဲ့အကွက်တွေလည်း ရှိပါတယ်။ လုပ်ကွက်တစ်ကွက်ကို သက်တမ်း သုံးနှစ်သို့မဟုတ် ငါးနှစ် ပေးထားပါတယ်။ လုပ်ကွက်ချပေးတဲ့နေရာမှာ ကန့်သတ်ချက်နဲ့ လွတ်ကင်းလား၊ မလွတ်ကင်းဘူးလားဆိုတဲ့ တူးဖော်ရေးဌာနရဲ့ ကွင်းဆင်းစစ်ဆေးချက်တွေအပေါ်မူတည်ပြီး လုပ်ကိုင်ခွင့်ချပေးတယ်။ လုပ်ကွက်တွေက အရင်အခြေအနေထက် လျော့သွားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သဘာဝပတ်ဝန်းကျင် မလွတ်တဲ့အကွက်တွေဆို ပြန်မချပေးတော့ပါဘူး။ သက်တမ်းတိုးခွင့်မပေးဘဲ အဲ့ဒါတွေကို ပယ်ဖျက်လိုက်ပါတယ်။ ဖော်ထုတ်လုပ်ကွက်အသစ် လျှောက်လာတဲ့အခါကျရင် ပြန်စိစစ်ပြီးတော့ ကန့်သတ်ချက်နဲ့ လွတ်ကင်းမှ လုပ်ကိုင်ခွင့်ပေးပါတယ်။ ချောင်းတွင်း ပေ ၃၀၀ ကြား လုပ်ကွက်တွေ၊ စည်ပင်သာယာ နယ်နိမိတ်ကျတဲ့နေရာတွေ၊ ရေဦးရေထွက်နီးတဲ့နေရာတွေဆို မပေးတော့ဘူး။ သစ်တောထဲကျတဲ့နေရာတွေဆိုရင် သစ်တောရဲ့ သဘောထားမှတ် ရယူပြီးမှ ဆောင်ရွက်ပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ခိုင်က ပြောသည်။

"သယံဇာတဆိုတာကတော့ များများထုတ်ရင် မြန်မြန်ကုန်မယ့် အနေအထားရှိပါတယ်။ ဒီလိုမြန်မြန်မကုန်အောင် ပထမအဆင့် လုပ်ကွက်တွေ စိစစ်ချထားတဲ့နေရာမှာ လုပ်ကွက်တွေကို စိစစ်ပြီးတော့ သက်ဆိုင်ရာ သစ်တော၊ ရေအရင်းအမြစ် စတဲ့ သက်ဆိုင်ရာဦးစီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ ထုတ်လုပ်နိုင်တဲ့လုပ်ကွက်တွေကို စနစ်တကျချထားပေးပါတယ်။ တူးဖော်တဲ့နေရာမှာလည်း စနစ်တကျ တူးဖော်ဖို့၊ တူးဖော်တဲ့အပိုင်းကိုလည်း ဆောင်ရွက်ပေးတယ်။ ရောင်းချတဲ့အခါမှာလည်း တစ်နှစ်တစ်နှစ်မှာ တူးဖော်ထုတ်လုပ်သမျှ ရောင်းချတာမျိုးမဟုတ်ဘဲနဲ့ အတွဲရေကို ထိန်းချုပ်ရောင်းချတဲ့ပုံစံမျိုးနဲ့ ရောင်းချပါတယ်။ အချောထည်က ပမာဏလည်း နည်းတာဖြစ်တဲ့အတွက် အချောထည်ကိုတော့

စာမျက်နှာ ၃ သို့ »»»